# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၁၃၄)


## အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်**
**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်**
**အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်ခြင်း**

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အောက်ပါအဖွဲ့အစည်းများအား အကြမ်းဖက်သူများမဟုတ်ကြောင်း ထုတ်ပြန်လိုက်သည်-

၁။ မွန်ပြည်သစ်ပါတီ
(New Mon State Party- NMSP)

၂။ လားဟူဒီမိုကရက်တစ်အစည်းအရုံး
(Lahu Democratic Union-LDU)

**အမိန့်အရ**
**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

## မတရားအသင်းအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်**
**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်**
**မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် မတရားအသင်းများအက်ဥပဒေအရ အောက်ပါအဖွဲ့အစည်းများအား မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်-

၁။ မွန်ပြည်သစ်ပါတီ
(New Mon State Party- NMSP)

၂။ လားဟူဒီမိုကရက်တစ်အစည်းအရုံး
(Lahu Democratic Union-LDU)

**အမိန့်အရ**
**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

## (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားအား ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား MRTV ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ မြဝတီ (MWD)၊ MWD (Variety)၊ MITV၊ mntv၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား၊ MIR(Radio)နှင့် MRTV Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ညှော်ခံပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


## ဗိုလ်ချုပ်အောင်ဆန်းနှင့် ငြိမ်းချမ်းရေး


*ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး - စာ - ၆*


## ရန်ကုန်မြို့မှ ဘုရားဖူးနှင့် အပန်းဖြေခရီးထွက်သူများပြားနေ


*ပြည်တွင်းသတင်း - စာ - ၇*


## မြောက်ကိုရီးယား ခေါင်းဆောင်၏ ညီမက တောင်ကိုရီးယားသမ္မတကို အလည်အပတ်လာရောက်ရန် ဖိတ်ကြား


*နိုင်ငံတကာသတင်း - စာ - ၁၄*





## မြန်မာ့အလင်း

# စည်းလုံးညီညွတ်ခြင်းသည်သာ နိုင်ငံအတွက် ထာဝရအင်အား

“ရာဇဝင်ကြောင်းကို ပြန်ပြောင်း၍ကြည့်ရှုမှု အမျိုးဘာသာ သာသနာတို့သည် တည်တံ့၍မနေ၊ ရောနှောပျံ့နှံ့လျက်ရှိလေသည်။ ဘယ်နိုင်ငံတွင်မှ လူမျိုးတစ်မျိုးတည်းမရှိချေ။ လူမျိုးတစ်မျိုးတွင်လည်း အမျိုးမျိုးသော ဘာသာတရားတို့ကို အားထားယုံကြည်မှု ရှိကြပြန်လေသည်။ ဥပမာအားဖြင့် အမေရိကန်နှင့် ဗြိတိသျှတို့သည် ဘာသာစကားတူ၏။ လူမျိုးတစ်မျိုးတည်း မဟုတ်ချေ။ ဆိုဗီယက်ရုရှားမှာမူ လူမျိုးချင်းတူ၏။ ဘာသာစကားချင်း မတူကြချေ။ သို့ဖြစ်ရကား လူမျိုးဆိုသည်မှာ သုခဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။”

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်စဉ်ကာလ ၁၉၄၆ ခုနှစ် နှစ်ဆန်းကာလအတွင်း ဖ.ဆ.ပ.လ အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံ (ရွှေတိဂုံအလယ်ပစ္စယံညီလာခံ)၌ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာတွင် အထက်ပါအချက်တို့ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ထိုခေတ် ကမ္ဘာ့အခြေအနေ၊ နိုင်ငံတကာမြင်ကွင်းတွင် ကိုလိုနီနယ်ချဲ့ နိုင်ငံဟောင်းကြီးများ၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ခါစနိုင်ငံများ၊ လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားဆဲနိုင်ငံများ၊ အရင်းရှင်နယ်ချဲ့ဝါဒ၊ ဖက်ဆစ်အာဏာရှင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ စသည့်ဝါဒစနစ်များ၏ ပြိုင်ဆိုင်မှုများ စသည်တို့ဖြင့် လှုပ်ခါလျက်ရှိသည်။ ထိုစဉ်က တည်ထောင်ခါစ ကုလသမဂ္ဂသည် နယ်ချဲ့လက်အောက်ခံ နိုင်ငံများအတွက် အားကိုးဖွယ် ဖြစ်မလာသေးပါ။ ထို့ကြောင့် “ဤနိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် စစ်အောင်မြင်သော နိုင်ငံကြီးများ၏ လက်အောက်ခံနိုင်ငံများရှိ လက်အောက်ခံလူမျိုးများအတွက် မည်သို့မျှ မစီမံ မဆောင်ရွက်သေးသောကြောင့် ထိုထိုသော နိုင်ငံငယ်များရှိ လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး မျှော်လင့်ချက်သည် ရေးကကဲ့သို့ပင် မသေမချာ မရေမရာပင် ရှိပေသေး၏” ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ဝေဖန်ပြောကြားခဲ့သည်။ “နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ” ဟူ၍လည်း ဗိုလ်ချုပ်က ထောက်ပြခဲ့သည်။

ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေအရ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အတွက် ဘာသာရေး၊ လူမျိုးရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကြီးပွားရေး စသည်ဖြင့် ရာဇဝင်သဘောအရ အလွန်နီးကပ် ဆင်တူသူများ ပူးပေါင်းကာ ပြည်ထောင်စုထူထောင်နိုင်ရန် ဗိုလ်ချုပ်က လမ်းညွှန်ခဲ့သည်။ ပြည်ထောင်စု၏သဘောနှင့် လူမျိုးဆိုသည်၏ အနက်အဓိပ္ပာယ်တို့ကိုလည်း ဖွင့်ဆိုရှင်းပြခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၊ ပေါင်းစည်းနေထိုင်ခြင်းဖြင့်သာ လွတ်လပ်မှု၊ လုံခြုံမှုတို့ကို ခံစားရရှိနိုင်ကြောင်းလည်း အလင်းပြခဲ့သည်။

နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီးသည့်နောက် ပစ္စုပ္ပန်ကာလ မိမိတို့မျက်မှောက်ပြုနေရသည့် ကမ္ဘာကြီး၏ အခြေအနေအရပ်ရပ်တို့တွင်လည်း ဗိုလ်ချုပ်၏ ဖွင့်ဆိုချက်နှင့် တွေးခေါ်မြော်မြင်မှုတို့မှာ ဆက်လက်မှန်ကန်နေဆဲပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ Might is Right ဟု ဆိုသည့် အင်အားပဓာနအယူဝါဒ၊ အင်အားကသာ အဓိကရာကျသည့် သဘောတရားက ကမ္ဘာတွင် လွှမ်းမိုးနေဆဲ။ မိမိတို့၏ ပိုင်နက်နယ်မြေ၊ မိမိတို့၏ အမျိုးအနွယ်၊ မိမိတို့၏ အချုပ်အခြာပိုင်စိုးမှုတို့ ထာဝရတည်တံ့ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကကျသော အင်အားတောင့်တင်းခိုင်မာရေးအတွက် တစ်ခဲနက်သော၊ တစ်သားတည်းဖြစ်သော စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ကြရမည်ဟု နှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းတွင် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း၊ မတ်လ ၁ ရက် နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ မွန်းလွဲပိုင်းတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၁ ရက်အထိ ပွဲတော်ကွင်းအတွင်း၌ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စွမ်းဇာနည် ဇာတ်သဘင်အဖွဲ့ဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဇံဟိန်း(စိန်မဟာသဘင်အဖွဲ့)ဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ နှင့် ၂၈ ရက်တို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဇာတ်သဘင်အဖွဲ့ဖြင့် လည်းကောင်း၊ မတ်လ ၁ ရက်တွင် မဟာရန်ကုန်အောင်ကျော်ဆန်း ဇာတ်ပွဲဖြင့် လည်းကောင်း ကပြဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထင်သာမြင်သာ ပြုပြင်စရာ

# ဖောင်းပြင်မြို့လယ်မှ တံတားကြီးအား ပြုပြင်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မြို့လယ်မှ တံတားကြီးသည် ဖောင်းပြင်မြို့မြစ်ဆိပ်ကမ်းနှင့် (အထက) ကျောင်း၊ ဈေး၊ ရုံးပေါင်းစုံတို့ကို ဆက်သွယ်ပေးထားသော တံတားကြီး ဖြစ်ပါသည်။

အဆိုပါတံတားကြီးပေါ်တွင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ ဝန်ထမ်းများ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိရာ တံတားစင်္ကြံလမ်းများ ခင်းကျင်းထားသောသစ်သားများ အချိန်ကြာမြင့်လာသဖြင့် ရာသီဥတုဒဏ်ကြောင့် ပေါက်ပြဲပျက်စီးလာနေပြီဖြစ်သည်။ တံတားပေါ်တွင် လမ်းမီးများမရှိ၍ လမ်းသွားလမ်းလာများအနေဖြင့် ညအချိန်သွားလာရာတွင် ယာဉ်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်လျက်ရှိသည်။

သို့ပါ၍ တံတားပေါ်တွင် နေ့စဉ်သွားလာနေကြသော ခရီးသွားပြည်သူများနှင့် ကလေးသူငယ်များအနေဖြင့် ကားလမ်းမပေါ်မှ ဖြတ်သန်းသွားလာနေသည့်အတွက် ယာဉ်အန္တရာယ်ကို အချိန်မရွေး တွေ့ကြုံလာနိုင်၍ ပြည်သူများက ကားလမ်းပေါ်ခြေကျင်လျှောက်သွားမှုကို စိုးရွံ့နေသဖြင့် သက်ဆိုင်ရာမှ ပျက်စီးနေသော လူသွားတံတားစင်္ကြံလမ်းကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှသိရသည်။

**ဖောင်းပြင်သားလေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၀-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၄၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၁ ·၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၀ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၇ ·၇ |

# လှိုင်တက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ လှိုင်တက္ကသိုလ်ဝင်းအတွင်း၌ ဘာသာရပ်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို လှိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ အသင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ယှဉ်ပြိုင်နေမှုကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုများနှင့် ကျန်ပြိုင်ပွဲဝင်အသင်းများအား အထူးဆုကိုးဆုကို ချီးမြှင့်ပေးခဲ့သည်။

**သန္တာမေ(ပြန်/ဆက်)**

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီးတို့အား တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ သတင်းစဉ်

❊ ရှေ့ဖုံးမှ

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ဤတစ်နှစ်တာကာလတွင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုသည် ခြေလှမ်းမှန်မှန်နှင့် တိုးတက်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် ခြေလှမ်းသစ် လှမ်းချီနိုင်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးအခြေအနေသည် တည်ငြိမ်ပြီး စီးပွားရေးအဆက်မပြတ် တိုးတက်လာနေပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်သည် အခက်အခဲများကြားမှ တိုးတက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ရခိုင်ပြည်နယ်အရေးကိစ္စတွင်လည်း မှန်ကန်သည့် လားရာဆီသို့ ဦးတည်လျက် ကောင်းမွန်စွာ ဖြေရှင်းလျက်ရှိပါကြောင်း၊ ရှေ့ကိုချီတက်သည့် လမ်းကြောင်းတွင် အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရဆဲဖြစ်သော်လည်း မြန်မာပြည်သူများနှင့် နယ်ပယ်အသီးသီးမှ ပညာရှင်တို့ ယုံကြည်မှုရှိရှိနှင့် စိတ်ရှည်လက်ရှည် ဆောင်ရွက်မည်ဆိုလျှင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် ဧကန်မုချအောင်မြင်နိုင်မည်ဟု မိမိတို့အခိုင်အမာ ယုံကြည်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းလာ

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့တွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ ဇီဝပတ်ဝန်းကျင်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ဘေးအန္တရာယ် ကယ်ဆယ်ရေး စသည့် ကဏ္ဍများတွင် မြန်မာနိုင်ငံအတွက် ပြည်သူ့အကျိုးပြုစီမံကိန်းများစွာကို ဖော်ဆောင်ခဲ့ပါကြောင်း၊ မီဒီယာ၊ သာသနာရေး၊ အားကစားစသည့် လူမှုယဉ်ကျေးမှုကဏ္ဍများတွင်လည်း နှစ်ဦးနှစ်ဖက် ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တစ်နေ့ထက်တစ်နေ့ နက်ရှိုင်းလာပြီး နှစ်နိုင်ငံပြည်သူများ၏ စိတ်ချင်းဆက်နွှယ်ခြင်းကို အင်တိုက်အားတိုက် မြှင့်တင်ပေးပါကြောင်း ပြောကြားသည်။

### အပြုသဘော ကူညီပေးလျက်ရှိ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံအကြား ထူထောင်ထားသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံကာ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ဖက်အတူတကွ တိုးချဲ့နက်ရှိုင်းစေနိုင်ခဲ့သဖြင့် ယခုအခါ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဆင့် ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့သည်ကိုလည်း မိမိတို့အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင်လည်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ကာ တိုးတက်ခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

မိမိတို့အစိုးရက အလေးထားဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း တရုတ်အစိုးရအနေဖြင့် အပြုသဘော ကူညီပေးလျက်ရှိခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းနှင့် ခိုင်မာစွာ ရပ်တည်ပေးလျက်ရှိခြင်းတို့အတွက် အခွင့်အခါသင့်ခိုက် မြန်မာအစိုးရကိုယ်စား ကျေးဇူးဥပကာရတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

ဆက်လက်၍လည်း အပြုသဘော ကူညီပံ့ပိုးပေးသွားမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၀၉ ဘီလီယံရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏ၏ ၂၆ ဒသမ ၄၂ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုများတွင် ပိုမိုတိုးတက်လျက်ရှိလာသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့ရှိရပါကြောင်း၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်လည်း နှစ်ဖက်ဆက်လက် ကြိုးပမ်းသွားရန် ဆန္ဒပြုလိုက်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွား

၂၀၁၈ ခုနှစ်အတွင်း နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ချမ်းသာကြွယ်ဝစေရန်အတွက် နှစ်နိုင်ငံပြည်သူများအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ပြောကြားသည်။

### တည်ခင်းဧည့်ခံ

ယင်းနောက် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ်နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်ဇနီးတို့က စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ရိုးရာယဉ်ကျေးမှုများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ သတင်းစဉ်

## တမူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် (DVB-T2) လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ လွှင့်အား 50W၊ လှိုင်းနှုန်းချယ်နယ်၊ (E-21)ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို တမူးမြို့နှင့် နီးစပ်ရာကျေးရွာများဖြစ်သည့် ရန်ငြိမ်းအောင်၊ ဟဲဇင်း၊ ချောင်းနက်ကြီး၊ ကွန်းတောင်းရွာသစ်၊ ထန်းတပင်၊ မန်မော်နှင့် ပန်းသာကျေးရွာများမှ ကောင်းမွန်စွာဖမ်းယူရရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပင်လုံ၌ ကျင်းပမည့် ပြည်ထောင်စုနေ့ ငြိမ်းချမ်းရေးပွဲတော်တွင် ယိမ်းနှင့် အိုးစည်ဗိုင်းများ ဖျော်ဖြေမည်

**ကျောက်ထု ဖေဖော်ဝါရီ ၁၀**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ငြိမ်းချမ်းရေးပွဲတော်ကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပပြုလုပ်ရာတွင် ဂန့်ဂေါခရိုင်မှ တောင်သားလူမျိုးများ အမျိုးသမီး ယိမ်းအကအဖွဲ့နှင့် ယောဒေသရိုးရာဓလေ့ အိုးစည်ဗိုင်းများ ပါဝင်ဖျော်ဖြေကြမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြမည့်အဖွဲ့များနှင့် ဒေသတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်က လူထုအခြေပြု ဗဟိုဌာနအဖြစ် ဖွင့်လှစ်ထားရှိသည့် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ဂုဏ်ပြုစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာမှ တောင်သားလူမျိုး အမျိုးသမီးယိမ်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ရီရီထွေး၊ ဆောမြို့နယ် ပြင်လယ်ရွာမှ အိုးစည်ယိမ်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးမြင့်သိန်းတို့က လုပ်ငန်းဆောင်ရွက်မှုများ ကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

အဆိုပါ ယိမ်းအဖွဲ့နှင့် အိုးစည်ယိမ်းအဖွဲ့ဝင်များတွင် အဖွဲ့ဝင်စုစုပေါင်း ၃၅ ဦးပါရှိ၍ နေ့လယ်ပိုင်းတွင် ကျောက်ထုမြို့မှ ပင်လုံမြို့သို့ ယောစင်တာမော်တော်ယာဉ်လိုင်းဖြင့် ထွက်ခွာသွားရောက်ကြပြီဖြစ်ကြောင်း သိရသည်။

**၁၀၁**

# FDA အနေဖြင့် ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်တွင်း၌ပင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝစွာ စစ်ဆေးနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ ဆွေးနွေးညှိနှိုင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာအေးဇင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မကွေးတိုင်းဒေသကြီး အမှတ် (၄) မဲဆန္ဒနယ်မှ ဦးအောင်ကြည်ညွန့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ မြန်မာနိုင်ငံ စားသုံးသူများသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၊ ဥရောပသမဂ္ဂ ကုန်သွယ်မှုဖွံ့ဖြိုးရေးအစီအစဉ်မှ ကိုယ်စားလှယ်များ၊ အမေရိကန်ပြည်ထောင်စု ကူညီထောက်ပံ့ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ စားသုံးကုန်၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အစားအသောက် ၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာဖြင့် ပြည်သူအများ သုံးစွဲနိုင်ရေးကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတစ်ခုတည်းအနေဖြင့် မည်မျှပင်ကြိုးပမ်းဆောင်ရွက် သည်ဖြစ်စေ အောင်မြင်မှုများကို ကျယ်ပြန့်စွာရရှိနိုင်ရေးမှာ အလွန်ခက်ခဲပါကြောင်း။

အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်း ၊ အလှကုန်၊ လူသုံးကုန် ပစ္စည်းစသည်တို့ကို ဘေးအန္တရာယ်ကင်းစွာ၊ လုံခြုံစွာ ပြည်သူများစားသုံးနိုင်ရေးအတွက် ယခု အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ ပါဝင်သော အဖွဲ့များဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန စသည်ဖြင့် ဌာနဆိုင်ရာများ၏ အလေးထားပူးပေါင်းပါဝင်မှုသည်

> “ မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးဘေးကင်းလုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းများထိရောက်အောင်မြင်စွာဖြင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်နှင့် လမ်းစဉ်တစ်ရပ်ကို မကြာမီ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရန်ဖြစ် ”

အထူးအရေးကြီးပါကြောင်း၊ အလားတူ လွှတ်တော်အရပ်ရပ်ဖြစ်သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒေသဆိုင်ရာ အစိုးရများမှ လူမှုရေးဝန်ကြီးများ၏ ဦးဆောင်ပံ့ပိုးလမ်းညွှန်မှုတို့သည်လည်း အထူးပင်အရေးပါသည်ဖြစ်ပါကြောင်း။

ပြည်သူများ၏ အစားအသောက်၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း စသည့်ပစ္စည်းများတွင် မပါသင့်သောအရာများ ဥပမာ- (ဆိုးဆေး)စသည့် ပစ္စည်းများ မပါဝင်သင့်သည့်အရာများ ပါဝင်သည်ကို သိရှိရန်နှင့် ၎င်းအစားအသောက်များ စားသုံးခြင်းမှာ ရှောင်ရှားနိုင်မှု၊ ထုတ်လုပ်သူအမည်၊ သက်တမ်းလွန်ရက် စသည်တို့ ပါဝင်ခြင်းမရှိသော FDA ထောက်ခံချက်မပါရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန် စသည်တို့ကို သိရှိနားလည်စွာ ရှောင်ရှားနိုင်ရေးအတွက် တစ်ဖက်မှ အစွမ်းကုန် ကြိုးပမ်းအားထုတ်၍ အသိပညာပေးလုပ်ငန်းများ ပိုမိုအားဖြည့် ဆောင်ရွက်ရမည့်အပြင် တစ်ဖက်မှာလည်း စည်းကမ်းနှင့်အညီ စိစစ်၍ ထောက်ခံချက်များပေးခြင်း၊ ဈေးကွက်အတွင်းမှ ဈေးကွက်နမူနာများ ကောက်ယူ၍ ဈေးကွက်စုံစမ်းထောက်လှမ်း စစ်ဆေးခြင်းတို့ကိုလည်း ယခုထက် ပိုမိုအားဖြည့်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

FDA အနေဖြင့် နိုင်ငံတကာအဆင့်မီ အစားအသောက် ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းကို ၁၈-၁-၂၀၁၈ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်၍ ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်တွင်း၌ပင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝစွာ စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်း၌ရှိသော ဝန်ကြီးဌာနအသီးသီးရှိ ဓာတ်ခွဲခန်းကွန်ရက်နှင့် ချိတ်ဆက်၍ စမ်းသပ်မှုများကို ယခုထက် ပိုမိုပြုလုပ်ကြရန် ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အစားအသောက်နှင့် ဆေးဝါး ဘေးကင်းလုံခြုံရေးအတွက် မေးခွန်းများ မေးမြန်းခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇင်လတ်၊ ဒေါက်တာ သန်းအောင်စိုးနှင့် ဦးအောင်ကြည်ညွန့်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုအစည်းအဝေးပွဲကို တက်ရောက်လာကြသော မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအဖွဲ့ အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ပြုလုပ်ကြသည့် နိုင်ငံတကာနှင့်ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကလည်းပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြလိုပါကြောင်း။

တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးဝိုင်းဝန်းဆွေးနွေး၍ ရရှိလာသောရလဒ်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စုစည်း၍ မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ဆေးဝါးဘေးကင်း လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်စွာဖြင့် ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်ရေးအတွက် မူဘောင်နှင့် လမ်းစဉ်တစ်ရပ်ကို မကြာမီ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက် ဆေးဝါးအလှကုန်ပစ္စည်းဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အစီအမံများ အကောင်အထည်ဖော်နိုင်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများနှင့် ဌာနဆိုင်ရာအသီးသီးမှကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ - ထိုင်း နှစ်နိုင်ငံ စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲ မြဝတီမြို့၌ ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်နှင့် မြိတ်ခရိုင်တို့အကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ မြန်မာ-ထိုင်း စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က GRANR JADE ဟိုတယ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲတွင် ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပရာကျွတ်ခီရီခန်ခရိုင် ပရာကျွတ်-မြိတ်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အသင်းဥက္ကဋ္ဌ မစ္စတာဝီရတ်က ကျေးဇူးတင်စကားနှင့် စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြကာ တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍ ၁၀ ရပ်ကို လုပ်ငန်းတူရာစု၍ စားပွဲဝိုင်းများဖြင့် ရင်းနှီးပွင့်လင်းစွာ ဆက်လက်ဆွေးနွေးခဲ့ကြသည်။ စီးပွားရေးညှိနှိုင်းဖလှယ်ပွဲသို့ ပရာကျွတ်ခီရီခန်ခရိုင် ၈၀ ခန့်နှင့် မြိတ်ခရိုင်မှ ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။




စီးပွားရေး ညှိနှိုင်းဖလှယ်ပွဲတွင် ရေလုပ်ငန်းနှင့် ပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်း ကဏ္ဍ၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသုံးကုန်လုပ်ငန်းကဏ္ဍ၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်းနှင့် အိမ်တွင်းပြင်ဆင်မှု လုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာထွက်သုံး ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် SME ကဏ္ဍ၊ လျှပ်စစ်သုံးပစ္စည်းလုပ်ငန်းကဏ္ဍ၊ အလှကုန်နှင့် ဖြည့်စွက်အာဟာရကဏ္ဍ၊ ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ အခြားလုပ်ငန်းများနှင့် ကုန်ပစ္စည်းများကဏ္ဍများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက်)**

# စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသားဟောင်းများ တွေ့ဆုံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၁၉၆၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ နှစ်ပေါင်း ၅၀ ကျော်အတွင်း ကျောင်းဆင်းခဲ့ကြသော စိုက်ပျိုးရေးဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ တွေ့ဆုံနိုင်ရန်အတွက် ရန်ကုန် AUAA မှ စီစဉ်ကျင်းပသည့် ပထမဆုံးအကြိမ် တွေ့ဆုံပွဲကို Beyond YAU အမည်ဖြင့် ရန်ကုန်မြို့ မြေပဒေသာဉယျာဉ် ပုလဲကျွန်း၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် စိုက်ပျိုးရေးပညာရှင်များ ရေးသားထားသည့် စာအုပ်များကို စာရေးသူများကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချပွဲ၊ ရေးသူဖတ်သူ ဆွေးနွေးပွဲ၊ ကဗျာရွတ်ဆိုပွဲ၊ Beyond YAU အမည်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲ၊ ဝါသနာရှင် စိုက်ပျိုးရေးကျောင်းဆင်းများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပွဲ စသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# စနစ်ကျလယ်ယာမြေအတွင်း နွေစပါးစိုက်ပျိုးဖြစ်ထွန်း

**လှည်းကူး ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်း/သနပ်ပြင်ကျေးရွာအုပ်စု စနစ်ကျလယ်ယာမြေ ဧက ၅၀၀ အတွင်းရှိ နွေစပါးများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေနှင့် တောင်သူ ဦးချစ်ဟန်၏ SRI စိုက်ခင်းဧက ၃၀ အား ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ကျော်က ကွင်းဆင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လှည်းကူးမြို့နယ် ဦးစီးမှူး ဦးကျော်ရွှေနှင့် ဝန်ထမ်းများ၊ နွေစပါးစိုက်တောင်သူများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက SRI စိုက်နည်းစနစ်၊ ပျိုးထောင်နည်းစနစ်နှင့် သီးနှံအလိုက် GAP ဆိုင်ရာ နည်းစနစ်များကို တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှကြွယ်(လှည်းကူး)**

## ကချင်ပြည်နယ်၌ နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ကချင်ပြည်နယ်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ယနေ့အများအားဖြင့် သာယာမည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen. Perry Lim ၏ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ Singapore Airshow 2018 သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံမှ ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဌေးအောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် စင်ကာပူတပ်မတော်မှအရာရှိကြီးများက ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Koh Chee Chian နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်

# ကျွန်းမာသန်စွမ်းသည့်ပျိုးပင်များ အချိန်မီရရှိရန် ဝန်ထမ်းများမှ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်-ကံပြား-မကွေးလမ်း မိုင်တိုင်အမှတ် (၁၀/၄) အနီး ငလိုက်ကြိုးဝိုင်း အကွက်အမှတ် (၁)နှင့်(၂) အတွင်းရှိ စီးပွားရေး ကျွန်းစိုက်ခင်း(၁/၂၀၁၆) ဧက ၁၀၀ စိုက်ခင်း ရွက်လိပ်ပိုး ကျရောက်နေခြင်းအား သွားရောက်စစ်ဆေးခဲ့ရာ စိုက်ခင်းတာဝန်ရှိသူများမှ အခြေအနေများအား ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**



**စောင့်ကြည့်လေ့လာ**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရာသီဥတုပြောင်းလဲလာခြင်း အကျိုးဆက်များကြောင့် ရောဂါပိုးကျရောက်မှု ဖြစ်ပွားနိုင်ခြေ ပိုမိုများပြားလာကြောင်း၊ စိုက်ခင်းများအတွင်း ပိုးကျရောက်နေကြောင်း သံသယရှိနေသည်နှင့် တစ်ပြိုင်နက် ဌာနသို့ တင်ပြပြီး သစ်တောသုတေသနဌာန(ရေဆင်း)သို့ ဆက်သွယ်ကာ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ကြိုတင်ကာကွယ်ခြင်း၊ အချိန်မီ ရောဂါပိုးမွှားများအား ဖယ်ရှားခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စောင့်ကြည့်လေ့လာမှုများ ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

**စနစ်တကျကြီးကြပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ကံပြား-မကွေးလမ်း မိုင်တိုင်အမှတ် (၁၁/၄) အနီး ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၂) အတွင်းရှိ စီးပွားရေး ကျွန်းစိုက်ခင်း (၁/၂၀၁၈) ဧက ၁၅၀ အတွက် လိုအပ်သောပျိုးပင်များ ပျိုးထောင်နေမှုအခြေအနေအား သွားရောက်စစ်ဆေးကာ ကျန်းမာသန်စွမ်းသည့် ပျိုးပင်များ အချိန်မီရရှိရန် ဝန်ထမ်းများမှ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျွန်းစိုက်ခင်းပတ်လည်တွင် အခြားအဖိုးတန်သစ်မျိုးများ စိုက်ပျိုးရန်အတွက်လည်း ပျိုးပင်များထည့်သွင်းပျိုးထောင်သွားရန်၊ မြေပြို၊ ရေတိုက်စားနိုင်သည့် နေရာများတွင် ဗာတီဗာမြက်ထည့်သွင်းစိုက်ပျိုးရန်၊ စိုက်ခင်းအတွက် တောင်ယာခုတ်ခြင်းအား မတ်စောက်သော ခြောက်ကမ်းပါးများနှင့် လျှိုမြောင်များအတွင်း ဆောင်ရွက်ခြင်းမပြုဘဲ ချန်လှပ်ထားရန်နှင့် လိုအပ်သောနေရာများတွင် ကြားခံနယ်မြေများထားရှိရန်နှင့် မြေထိန်းတမံငယ်များအား လျှိုမြောင်များအတွင်း ပြုလုပ်ထားရှိရန်၊ ဆောင်ရွက်ထားမှုများအား စစ်ဆေးကြည့်ရှုသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့်အတူ မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် နေပြည်တော်-ကံပြား-မကွေးကားလမ်း၊ မိုင်တိုင်အမှတ် (၂၆/၆)နှင့် (၂၈/၂) ကြား ငမင်ကြိုးဝိုင်း အကွက်အမှတ် (၂၁၈)နှင့်(၂၁၆) အတွင်း တည်ထောင်ထားရှိသည့် တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်မျိုးစုံစိုက်ခင်းဧက ၁၀၀ အား ခြောက်သွေ့ရာသီတွင် ရေလောင်းပြုစုထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ခင်းရှင်းလင်းဆောင်တွင် စိုက်ခင်းအတွင်း သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်း ဘာသာရပ်၊ ရောဂါပိုးမွှားကျရောက်မှုတားဆီးထိန်းချုပ်ရေး ဘာသာရပ်၊ မြေဆီလွှာထိန်းသိမ်းရေး ဘာသာရပ်များအတွက် သုတေသနဆောင်ရွက်မည့် သစ်တောသုတေသန (ရေဆင်း)မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းအစီအစဉ်များအား မေးမြန်းဆွေးနွေး၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**စမ်းသပ်စိုက်ပျိုးကွက်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးခရိုင် မြို့သစ်မြို့နယ် မြို့သစ်ကြိုးဝိုင်း အကွက်အမှတ် ၉၅ အတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းအမှတ် (၂/၂၀၁၈) အခြားစိုက်ခင်းဧက ၂၀ ကျင်းတူးခြင်းလုပ်ငန်း စိုက်ပျိုးပြီးစီးမှုများအား လည်းကောင်း၊ Group Planting Method သစ်မျိုးစုံ စမ်းသပ်စိုက်ကွက်၊ Hybrid Acacia စမ်းသပ်စိုက်ပျိုးကွက်နှင့် စိုက်ခင်းအမှတ် (၁/၂၀၁၇) ရေဝေရေလဲ စိုက်ခင်းဧက ၁၅၀ တို့အား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည် မိသားစုများ၊ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လည်ပတ်ကြသည့် ပြည်ပခရီးသွားများဖြင့် နေ့စဉ် စည်ကားလျက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်နှင့် စွမ်းအင်ချွေတာရေးနည်းလမ်းများအား စနစ်တကျ လိုက်နာကျင့်သုံး၍ သဘာဝတရားနှင့် သဟဇာတဖြစ်ရန် ဖန်တီးတည်ဆောက်ထားသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ကုန်ပိုင်းက ကျင်းပခဲ့သည့် အာဆီယံ ခရီးသွားဖိုရမ်တွင် အာဆီယံ အစိမ်းရောင်ဟိုတယ်ဆုသတ်မှတ်ခံရသည့် ဟိုတယ်ငါးလုံးအနက် ကော့သောင်းမြို့မှ ဟိုတယ်တစ်လုံးပါဝင်သဖြင့် နိုင်ငံတကာတွင် ခရီးသွားဧည့်သည်များ ကော့သောင်းဒေသ ပင်လယ်ကျွန်းများရှိ ရီဆော့ဟိုတယ်များသို့ အနားယူအပန်းဖြေရန် ပိုမိုစိတ်ဝင်စားအာရုံစိုက်လာခြင်း၊ သဘာဝအလှမပျက်ထူးဆန်းအံ့မခန်းဖွယ်ရာ ပင်လယ်ကြမ်းပြင် ရေအောက်ရှုခင်းများ ကြည့်ရှုခံစားလိုခြင်း၊ ရှားပါးလူသားမျိုးနွယ်စု တစ်မျိုးဖြစ်သည့် မြန်မာနိုင်ငံတောင်ပိုင်း ပင်လယ်အတွင်း၌သာ တွေ့မြင်ခွင့်ရမည့် ပင်လယ်ပျော် (ဆလုံ) တိုင်းရင်းသားလူမျိုးများရှိရာ ဒေသဖြစ်ခြင်းကြောင့် ဖြစ်သည်ဟု ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။

များမကြာမီလာမည့် ကာလအတွင်း ဒေသအတွင်း သဘာဝအလှအပများရှိရာ ပင်လယ်ကျွန်းများတွင် သဘာဝခရီးသွားလုပ်ငန်းများ နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်လာကြရေး ရည်ရွယ်ကာ ကော့သောင်းမြို့တွင် နိုင်ငံတော်အဆင့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို နိုင်ငံတကာဧည့်သည်များ ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် ပြင်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တစ်စတစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်စည်ကားလာရန် အခြေအနေကောင်းများစွာရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်တစ်ဦး၏ သုံးသပ်ချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# လက်ပံတန်းမြို့ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းသို့ ဂျပန်ဧည့်သည်များ လာရောက်အားပေး

**လက်ပံတန်း ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းသို့ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)မှ ဒါရိုက်တာ အာခိစံနှင့် ဂျပန်နိုင်ငံမှ ဧည့်သည်များအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက လာရောက်လေ့လာခဲ့သည်။ လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှဝန်ထမ်းများ၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)မှ ဝန်ထမ်းများ၊ ဂျပန်ဧည့်သည်များအဖွဲ့သည် ကလေးစာဖတ်ခန်းတွင် ကလေးများနှင့်အတူ ကိုယ်လက်လှုပ်ရှားခြင်း၊ ပုံပြင်ပြောခြင်း၊ ဘုတ်ပြားပြဇာတ်ပြသခြင်းတို့ကို ပါဝင်ဆောင်ရွက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုကဲ့သို့ လက်ပံတန်းမြို့နယ်ပြည်သူ့စာကြည့်တိုက်၌ စနေနေ့တိုင်း အပတ်စဉ် ကလေးဝန်ဆောင်မှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်းသည် ကလေးငယ်များအတွက် စာဖတ်သည့် အလေ့အထ တိုးပွားစေရန်နှင့် ကလေးများ အသိပညာ၊ အတွေးအခေါ်၊ စိတ်နေစိတ်ထားများ တိုးတက်ပြောင်းလဲစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ပြောကြားသည်။

**မောင်ရွှေဝင်း(ပြည်)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ငြိမ်းချမ်းရေး

**ဇွဲသန်းသျှင်း (သုံးဆယ်)**

**စစ်ပြီး၍ ငြိမ်းချမ်းရေးအစစ်ကိုရအောင် မလုပ်နိုင်ရင် ကျဆုံးသူရဲကောင်းတွေကို သစ္စာဖောက်ရာသာ ကျမည်။ (ဗိုလ်ချုပ်အောင်ဆန်း)**

လူများသည် တူညီသော အခွင့်အရေးများနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေးကို အခြေခံလျက် ပြည်ထောင်အချင်းချင်း ချစ်ကြည်ရေး ခိုင်မြဲအောင်ဆောင်ရွက်ကာ သင့်လျော်သည့် အစီအမံများဖြင့် ငြိမ်းချမ်းရေးခိုင်မြဲအောင် ကြိုးစားရန်ကိုလည်းကောင်း၊ အမျိုးဘာသာ စကား၊ ကျား၊ မ အယူဝါဒမခွဲခြားဘဲ ပြည်ထောင်အချင်းချင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာ၌ ဆောင်ရွက်ခွင့်ရရှိစေရန် အတွက်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့်ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ကြိုဆိုခဲ့ပါသည်။

ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီးငယ်မရွေး သာတူညီမျှဖြစ်စေရန် ဂရုပြုသင့်ကြောင်း ၁၉၄၇ ခုနှစ် ဇန်နဝါရီလက ကျင်းပသည့် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံရေးဆိုင်ရာ ညီလာခံကြီး၌ အောက်ပါအတိုင်း အကြံပြုပြောကြားခဲ့ပါတယ်။

**နိုင်ငံပေါင်းစုံ ကုလသမဂ္ဂ**

“ယခုအခါ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂကို တည်ထောင်ပြီးသည်မှာ မှန်၏။ ယင်းသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများမှာလည်း မွန်မြတ်ထောပနာ သြဘာပေးထိုက်ပါပေ၏။ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီးငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြားခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ”။

ထို့အပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက “ကမ္ဘာပေါ်တွင် အားလုံးသော လူမျိုးတို့သည် လွတ်လပ်စွာ နေထိုင်ပူးပေါင်းဆက်ဆံခြင်း မပြုနိုင်သရွေ့ ကာလပတ်လုံး ငြိမ်းချမ်းရေးကိုတည်မြဲအောင် လုပ်ခြင်းငှာ စွမ်းဆောင်နိုင်မည်မဟုတ်” ဟုလည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သူ့အမြင်ကို အဆိုပါ သူ့မိန့်ခွန်းတွင် ထောက်ပြထားပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့ငြိမ်းရေးကို ဆောင်ရွက်ရာတွင် ငြင်းခုံမှုများဖြစ်ပွားကာ ရင်ကြားမစေ့ဖြစ်နေသည့် နိုင်ငံများအရေးတွင် ဖျန်ဖြေစေ့စပ်ပေးခြင်းဖြင့် လည်းကောင်း၊ ငြိမ်းချမ်းရေးကို ထိခိုက်စေရန်အကြောင်းပေါ်စေမည့် ဒေသများကို ကုလသမဂ္ဂနိုင်ငံငယ်များ ထိန်းသိမ်းရေးအဖွဲ့ ထိန်းသိမ်းအုပ်ချုပ်စေခြင်းဖြင့်လည်းကောင်း၊ မဖွံ့ဖြိုးသေးသော ဒေသများသို့ အထူးအဖွဲ့များ စေလွှတ်ရန် စီးပွားရေးအကူအညီများပေး၍ လည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားတို့အား စီးပွားရေးကပ်ပျက်များ မဆိုက်ရောက်စေရန် လည်းကောင်း ကြိုတင်ကာကွယ်ဆောင်ရွက်ရမည်စသဖြင့် လမ်းစဉ်များ ချမှတ်ထားသည်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ကြိုဆိုခဲ့ပါသည်။ သို့မှသာ ကမ္ဘာ့ဒေသအားလုံးတွင် လွတ်လပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးတို့ကို ဖန်တီး



တည်ဆောက်နိုင်မည်ဖြစ်သည်ဟုလည်း ဗိုလ်ချုပ်အောင်ဆန်း ယုံကြည်မျှော်လင့်ထားကြောင်းနှင့်ဆုမွန်ကောင်းများလည်း တောင်းလိုက်ပါကြောင်း ၁၉၄၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်မြို့မြို့တော်ခန်းမ၌ ကျင်းပသည့်အရှေ့နှင့်အနောက် အသင်းကြီး၏ အစည်းအဝေး၌ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောကြားသွားပါသည်။

**ငြိမ်းချမ်းရေးဖြစ်ပါစေ**

“ကုလသမဂ္ဂအဖွဲ့ကြီးက တည်ဆောက်ရမယ့် ငြိမ်းချမ်းရေးဟာ အမြဲတမ်းရှင်သန်သော ဖန်တီးနိုင်စွမ်းရှိတဲ့ ငြိမ်းချမ်းရေးဖြစ်ပါစေ။ ကမ္ဘာ့ဒေသအားလုံးမှာ လွတ်လပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့ကို ဖန်တီးတည်ဆောက်နိုင်တဲ့ ငြိမ်းချမ်းရေးဖြစ်ပါစေ၊ ပြီးတော့ ဘယ်အခါဘယ်အခြေအနေမှာမဆို သင်္ချိုင်းမြေရဲ့ငြိမ်းချမ်းရေးမျိုး မဖြစ်ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။ ဒါကြောင့် ဗြိတိန်လူမျိုး၊ မြန်မာလူမျိုးနဲ့ လူမျိုးအားလုံး တန်းတူညီတူပါဝင်တဲ့ ကျွန်တော်တို့အားလုံးလက်တွဲပြီး ရေရှည်တည်တံ့ပြီး ပြည့်စုံကြွယ်ဝတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်သွားကြရမယ်။ ငြိမ်းချမ်းရေးလို့ ဆိုရာမှာလည်း ကျွန်တော်ပြောခဲ့တဲ့အတိုင်း သင်္ချိုင်းမြေက ငြိမ်းချမ်းရေးမျိုးမဟုတ်ဘဲ ကမ္ဘာပေါ်မှာ လွတ်လပ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးနဲ့ ကြီးပွားတိုးတက်ရေးတို့ကို တည်ဆောက်ပေးမယ့် ငြိမ်းချမ်းရေးတို့ကို ဆိုလိုတာ ဖြစ်ပါတယ်”

**အာဇာနည်များ**

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ နံနက်က ရွှေတိဂုံကုန်းတော် အလယ်ပစ္စယံကုန်းမြေပြင့်၌ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ကျဆုံးခဲ့ရသော အာဇာနည်များအား သတိတရလေးစားသောအားဖြင့် ယာယီကျောက်တိုင်စိုက်ထူ၍ အလေးပြုခဲ့သည့် အခမ်းအနား၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသည့် ရဲဘော်များ အများအပြားရှိခဲ့ရာ လူငယ်များလည်းပါဝင်ကြောင်း၊ စစ်ပြီး၍ (မြန်မာ နိုင်ငံလွတ်လပ်ရေး ရပြီး) ငြိမ်းချမ်းရေးအစစ်ကို ရအောင်မလုပ်နိုင်ပါက ကျဆုံးသွားခဲ့ကြသော သူရဲကောင်းများကို သစ္စာဖောက်ရာသာ ကျမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သူ့အမြင်ကို ပြောကြားသွားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တော်လှန်ရေး ပြီးဆုံးသောအခါ ဖဆပလအဖွဲ့ကြီး ခိုင်မာတောင့်တင်းလာစေရန် စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ဖဆပလသည် အမျိုးသားတပ်ပေါင်းစုဖြစ်သည့်အတိုင်း ဖဆပလ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို နားလည်လက်ခံမှသာ စုစုစည်းစည်းရှိနိုင်မည်ဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးအဖွဲ့အသီးသီးမှ ခေါင်းဆောင်များကို ဖဆပလအဖွဲ့ချုပ်ကြီးသို့ ဖိတ်ကြားခဲ့ပါသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ငြိမ်းချမ်းရေးကို အဖျက်ဆီးဆုံးဝါဒသည် ဖက်ဆစ်ဝါဒသာဖြစ်ကြောင်း၊ ယင်းဝါဒရှိနေသရွေ့ ငြိမ်းချမ်းရေးလည်းမတည်မြဲနိုင်ကြောင်း၊ ထို့ကြောင့် ဖက်ဆစ်ဝါဒကို ကမ္ဘာမှာ ပပျောက်စေရန် လုပ်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်ပြီး ငြိမ်းချမ်းရေးကိုလည်း အားပေးကြောင်း စသဖြင့် ၁၉၄၅ ခုနှစ် ဩဂုတ်လက စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင် အစည်းအဝေးတွင် အောက်ပါအတိုင်း ထောက်ပြပြောကြားသွားခဲ့ပါသည်။

**ဒီမိုကရေစီဝါဒ**

“ယခုအခါငြိမ်းချမ်းရေးကို အဖျက်ဆီးဆုံးဝါဒဟာ ဖက်ဆစ်ဝါဒဖြစ်လို့ ဒီဝါဒသာ ကမ္ဘာမှာ ဘယ်နေရာမှာဖြစ်ဖြစ်ရှိနေရင် စစ်ဖြစ်ဦးမှာမို့ ဒီဝါဒပပျောက်အောင် လုပ်ဖို့လိုတယ်။ ဒါတွေရှိနေသမျှ ငြိမ်းချမ်းရေးဟာ မတည်မြဲနိုင်ဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးဟာ လူပ်လူပ်နှင့် ဒ့ါကြောင့် ဖက်ဆစ်ဝါဒ ကမ္ဘာမှာ ပပျောက်ရေးကို ကျွန်တော်တို့ ရည်ရွယ်ချက်ထဲမှာ ထည့်ထားတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ရည်ရွယ်ရတယ်”

အချုပ်အားဖြင့်ဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက စစ်ကြီးပြီး၍ ငြိမ်းချမ်းရေးအစစ်ကိုရအောင် မလုပ်နိုင်ပါက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ခိုက်ရင်းကျဆုံးသွားသည့် သူရဲကောင်းများကို သစ္စာဖောက်ရာ ကျမည်ဟူ၍ လည်းကောင်း၊ ဘယ်အခါ ဘယ်အခြေအနေမျိုးမှမဆို သင်္ချိုင်းမြေရဲ့ ငြိမ်းချမ်းရေးမျိုးမဖြစ်ပါစေနဲ့ဟူ၍လည်းကောင်း၊ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်ပြီး ငြိမ်းချမ်းရေးကိုအားပေးသဖြင့် ဒီမိုကရေစီဝါဒကို ခေတ်စားအောင်လုပ်ရမည်ဟူ၍ လည်းကောင်း စသဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သူ့အမြင်၊ သူ့အယူအဆများဖြင့် တင်ပြရင်း မကြာသောအချိန်ကာလတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအား ကြိုဆိုလိုက်ရပါသည်။ ။

**“ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသည့် ရဲဘော်များ အများအပြား ရှိခဲ့ရာ လူငယ်များလည်းပါဝင်ကြောင်း၊ စစ်ပြီး၍ (မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး) ငြိမ်းချမ်းရေးအစစ်ကို ရအောင်မလုပ်နိုင်ပါက ကျဆုံးသွားခဲ့ကြသော သူရဲကောင်းများကို သစ္စာဖောက်ရာသာ ကျမည်ဖြစ်”**

## ပင်လုံသက်သေ ခိုင်မြဲစေ

ပင်လုံမြေမှာ
အရင်ဆုံကြတာ
မြန်မာပြည်ဖွား
တို့နိုင်ငံသားတို့ ...။

သွေးစည်းတဲ့ အင်အား
လက်များ ယှက်ထား
မပျက်ပြားပေ
အခက်များဝေ

တို့မြန်ပြေ(ပြည်) အတွက်
ပေါင်းစုလျက် ညီနောင်စုံ
“ပင်လုံ” မှာ စာချုပ်
တို့ဗိုလ်ချုပ်နဲ့အတူ
တစ်သက်မခွဲ အဟုတ်
လက်တွဲမဖြုတ်တဲ့ တိုင်းရင်းဆွေ

ညီစေနော် ခံယူချက်
ဖေဖော်ဝါရီ တစ်ဆယ့်နှစ်ရက်
လွတ်လပ်ရေးအတွက် အသည်းထက်
တစ်ခဲနက် လက်မှတ်ထိုး
အမျိုးသား ဇာတိမာန်
ဘဝင်ညံ့ အမှန်ပင်ဟေ့

အဲဒါ ဂန္ထဝင် တွင်ခဲ့တဲ့နေ့ ...။
စံတင်မယ်ဟေ့ တို့မြန်မာ
နှင်းလွှာရောင်ခြည်ကြား
ရင်းချာ ညီနောင်များ
တစ်သက်မခွဲပြီ
လက်တွဲညီတဲ့ စိတ်ဝမ်း

“ဒီမိုကရေစီ” ပန်းတိုင်လမ်း
ရွှေ့သို့လှမ်းကာ ချီတက်နေ
“ပင်လုံ” သက်သေ ခိုင်မြဲစေ ... ။
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုလျက်

သူဇာနွယ်(ဖျာပုံ)

# ဧရာဝတီမြစ်ဆုံအပါအဝင် မြစ်ကြီးနားမြို့နယ်ရှိ အပန်းဖြေစခန်းများ သန့်ရှင်းစွာ ပြည်သူများအပန်းဖြေနိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

ဧရာဝတီမြစ်ဆုံအပါအဝင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အပန်းဖြေစခန်းများ၌ အများပြည်သူ သန့်ရှင်းသပ်ရပ်စွာ အပန်းဖြေအနားယူနိုင်ရေး စီမံဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်တို့သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီမြစ်ဆုံအပန်းဖြေစခန်း၌ အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေနေရာတစ်ခုအဖြစ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆိုင်ခန်းများ စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျ၍ သန့်ရှင်းသပ်ရပ်စွာ စီမံဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် အောင်မြေသာကျေးရွာရှိ ဝါးရုံတော အပန်းဖြေစခန်းအတွင်း စျေးဆိုင်ခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံဂါဇွပ်ကျေးရွာ၌ ပုဂ္ဂလိကပိုင် အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်နေမှုအခြေအနေနှင့် ရေပြာအိုင်အပန်းဖြေစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဆွဲဆောင်နိုင်သည့် အပန်းဖြေစခန်းများစွာ ဖြစ်လာစေရေးနှင့် သန့်ရှင်းသပ်ရပ်ပြီး လူအများ စိတ်ဝင်စားဖွယ်ဖြစ်အောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်အတွင်း ခိုင်မာသောပန်းတိုင် ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ဒူဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံ အဝင်၊ အထွက်လမ်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အရေးပေါ်လူနာတင်ယာဉ်များ လွတ်လပ်စွာ ဝင် ထွက်သွားလာနိုင်ရေးအတွက် စနစ်တကျရှိပြီး ပိုမိုကောင်းမွန်သည့် အဝင်၊ အထွက်လမ်း ဆောင်ရွက်ပေးနိုင်ရေး လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



**ပြည်နယ်(ပြန်/ဆက်)**

# မြစ်ဆုံအပန်းဖြေစခန်းသို့ ရုံးပိတ်ရက်၌ ရပ်နီး ရပ်ဝေးမှ ပြည်သူများလာရောက်အပန်းဖြေ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်၏ ထင်ရှားကျော်ကြားသည့် နေရာတစ်ခုဖြစ်သည့် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာရှိ မြစ်ဆုံအပန်းဖြေစခန်း၌ ရုံးပိတ်ရက်များတွင် ဝန်ထမ်းမိသားစုများ၊ ရပ်နီး ရပ်ဝေးမှ ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များ လာရောက် အပန်းဖြေလျက်ရှိကြရာ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဖွဲ့များက မြစ်ဆုံဒေသအပေါ် ၎င်းတို့၏ အမြင်များနှင့် ပတ်သက်၍ သွားရောက် မှတ်တမ်းရယူခဲ့ကြသည်။



"သူများတွေ အလည်အပတ်အပျော်အပါး လာချင်တယ်ဆိုတော့ လာချင်တာပေါ့၊ ကြည်နူးပြီးတော့ ပျော်ရွှင်တာပေါ့" ဟု ဒေါ်ရွှေကျော် (မြစ်ကြီးနားမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဒု-ကြီးကြပ်ရေးမှူး)က ပြောသည်။

"ရန်ကုန်ကလာတာပေါ့၊ လွန်ခဲ့တဲ့ ၁၅ နှစ်က ကိုယ်နေခဲ့တဲ့ မြို့လည်းဖြစ်တယ်၊ နောက်ပြီးတော့ ကိုယ်လည်း ဒီမှာနေခဲ့ဖူးတယ်။ မြစ်ဆုံက လှလည်းလှလို့လာလည်တာ"ဟု ဒေါ်သဇင်ဝင်း (ရန်ကုန်မြို့နေသူ)က ပြောသည်။

"နယ်ခံတော့ မဟုတ်ဘူး၊ ကျောင်းလာတက်တာ ဆိုတော့ ဧည့်သည်ပေါ့၊ လုံးခင်းကနေ လာတက်တာ၊ မြစ်ဆုံက အခုချိန်မှ ကျောက်ဆောင်တွေ ပေါ်တယ်လေနော်၊ အဲ့ဒါကြောင့် လာကြည့်တာ၊ ပြီးတော့ ဒီမှာ မယ်တော်ပွဲလည်း ရှိတယ်၊ အဲ့ဒီတော့ ပျော်တာပေါ့"ဟု တက္ကသိုလ်ကျောင်းသူ တစ်ဦးဖြစ်သူ မဘောက်နူး (ဖားကန့်မြို့နယ်)နေသူက ပြောသည်။

"ရုံးပိတ်ရက် အားလပ်ရက်လည်းဖြစ်တယ်၊ ရုံးမှာ လုပ်ငန်းတွေ ပင်ပန်းတယ်၊ အဲ့ဒါကြောင့် ဒီမှာလာပြီး အပန်းဖြေတာပေါ့၊ ကိုယ်မရောက်ဖူးတဲ့ ဒီဒေသမှာ ရှုခင်းအလှအပတွေကြည့်ရတာ စိတ်ထဲမှာကြည်နူးမိတာပေါ့"ဟု ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ဦးမင်းသန့်ဦးက ပြောသည်။

အဆိုပါ မြစ်ဆုံအပန်းဖြေစခန်းတွင် ခရစ်ယာန် ကက်သလစ်ဘာသာဝင်များ၏ အထွတ်အမြတ်ပွဲတော်တစ်ခုဖြစ်သည့် မြစ်ဆုံမယ်တော်ပွဲကို ယနေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ အပန်းဖြေ လာရောက်သူများ၊ ပွဲတော်လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့မှ ဘုရားဖူးနှင့် အပန်းဖြေခရီးထွက်သူ များပြားနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဆောင်းရာသီ၏ လက်ကျန်အအေးဓာတ်နှင့်အတူ ပြည်ထောင်စုနေ့ပါဝင်သည့် အစိုးရရုံးပိတ်ရက်ရသောကြောင့် ဖေဖော်ဝါရီ ၉ ရက်နေ့မှစ၍ ရန်ကုန်မြို့မှ ဘုရားဖူးနှင့် အပန်းဖြေခရီးထွက်သူ များပြားနေကြောင်း သိရသည်။

အခြေခံပညာကျောင်းများတွင် အတန်းတင်စာမေးပွဲများ စစ်ဆေးနေချိန်ဖြစ်၍ ကျောင်းသားမိဘများ နေ့ရပ်စွန့်ခွာရန် ခက်ခဲနေသော်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများနှင့် ကလေးငယ်မရှိသော မိသားစုများမှာ မျှတသည့်ငွေကြေးဖြင့် သင့်လျော်သည့်ခရီးစဉ်ကို ရွေးချယ်သွားလာမှုများ ရှိနေကြောင်း သိရသည်။



တာမွေမြို့နယ်အတွင်းရှိ (၁၅၃) လမ်းတွင် နေထိုင်သည့် ဒေါ်မိမိလေးက "အန်တီက တောင်ကြီး အင်းလေး ခရီးစဉ်သွားမှာလေ၊ ဘုရားဖူးပေါ့၊ အန်တီတို့ မိသားစုငါးယောက်ရှိတာ၊ ပြီးခဲ့တဲ့အပတ်က တူလေးတွေ သွားကြတယ်၊ အခုကတော့ အန်တီတို့ ညီအစ်မနှစ်ယောက်သွားမှာပါ၊ ခရီးစဉ်က လေးညအိပ် ငါးရက်ခရီးလေ" ဟု ပြောသည်။

ရုံးပိတ်ရက်တွင် ချောင်းသာ အပန်းဖြေခရီးကို သွားရောက်ရန် ရွေးချယ်ထားသော ကိုညီညီလွင်က "ကျွန်တော်တို့ အခု သွားကြမှာတော့ နှစ်ယောက်ပါပဲ၊ ဟိုမှာလဲ ချိန်းထားတာတွေရှိတယ်၊ နှစ်ညအိပ် သုံးရက်ခရီးစဉ်ပါ၊ အဓိကကတော့ အလုပ်မှာ ပင်ပန်းထားသမျှတွေကို ခေါင်းသွားရှင်းမယ့် သဘောပါ၊ ဟိုမှာ တည်းခိုဖို့တော့ ခရီးသွားလုပ်ငန်းကပဲ တစ်ခါတည်း စီစဉ်ပေးထားတယ်"ဟု ပြောသည်။

ကုမ္ပဏီတစ်ခုတွင် အတူတူအလုပ်လုပ်ကြရင်း ရင်းနှီးလာသည့် သူငယ်ချင်း သုံးယောက်နှင့်အတူ ကျိုက်ထီးရိုး ဘုရားဖူးခရီးထွက်မည့် မယုဇာခိုင်က "သမီးတို့က ၁၀ ရက်နေ့ ညတစ်ညကိုတော့ တောင်ပေါ်မှာ အိပ်မှာပါ၊ ၁၁ ရက်နေ့ ပြန်လာမှာ၊ ပိတ်ရက်နဲ့ တိုက်ဆိုင်တာရယ်၊ တစ်ခါမှ မရောက်ဘူးသေးလို့၊ ဒါ ပထမဦးဆုံး သွားတာပါ" ဟု ပြောသည်။

ဒဂုံတက္ကသိုလ် ကျောင်းသားတစ်ဦးက "ကျွန်တော်တို့က ဒဂုံတက္ကသိုလ်ကပါ၊ ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိပါတယ်၊ ငွေဆောင်ဘက်သွားမှာပါ၊ ငွေဆောင်ကနေ ၁၅ မိနစ်လောက်သွားရတဲ့ရွာ၊ မြွေကျွန်းနားကရွာကို သွားမှာပါ၊ အားလုံး ၂၅ ဦး လောက် ပါတယ်၊ ခရီးစဉ်ကတော့ တစ်ညအိပ်ပဲ၊ သူငယ်ချင်းတွေအားလုံး စုစုစည်းစည်း နဲ့ သွားချင်လို့ ဒီခရီးစဉ်ကို ရွေးဖြစ် တာပါ"ဟု ပြောသည်။

Great Golden Star ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းမှ ခရီးသွားလာရေးတာဝန်ခံ ကိုအောင်ကိုမင်းက "ဝန်ဆောင်မှုအနေနဲ့က ခရီးသွားတဲ့အခါမှာ အန္တရာယ်ကင်းကင်း သွားနိုင်အောင် အဓိကထားပြီး ဝန်ဆောင်မှု လုပ်ပေးတာပါ၊ ခရီးစဉ်တိုင်းကို အစစအရာရာ တာဝန်ယူဖြေရှင်းပေးနိုင်အောင် တာဝန်ခံတစ်ယောက်စီကို ယာဉ်တိုင်းမှာ ထည့်ပေးထားပါတယ်"ဟု ပြောသည်။

၂၀၁၇ ခုနှစ်ထက်စာလျှင် ခရီးသွားလာမှု အနည်းငယ်လျော့ကျလာသော်လည်း ပုံမှန်ခရီးစဉ်များသွားလာမှုရှိနေသည်ဟု သိရသည်။ ကျောင်းပိတ်ရက်နှင့် ရုံးပိတ်ရက်များတွင် ကျိုက်ထီးရိုးခရီးစဉ်၊ ပုပ္ပား-ပုဂံ(စွယ်တော်လေးဆူ)၊ တောင်ကြီး-အင်းလေး -ပင်းတယခရီးစဉ်၊ မန္တလေး- ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာခရီးစဉ်နှင့် မန္တလေး-လားရှိုး- မူဆယ်-ရွှေလီခရီးစဉ်များမှာ ခရီးသွား ပြည်သူများအများဆုံး ရွေးချယ်လေ့ရှိသည့် ခရီးစဉ်များ ဖြစ်ကြောင်း သိရသည်။

**သတင်း-ထင်ပေါ်ဝင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မူကြိုကလေးငယ်များ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပုဇွန်တောင်မြို့နယ် (၅၂)လမ်း မိခင်နှင့်ကလေးအသင်း ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းမှ ကလေးငယ်လေးများ ပြင်ပလေ့လာရေးနှင့် ပျော်ပွဲရွှင်ပွဲအဖြစ် သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကလေးငယ်များ၏ လေ့လာရေးခရီးစဉ်တွင် ကလေးငယ်များအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ (၅၂)လမ်းမူကြိုကျောင်းမှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမများဦးဆောင်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သမိုင်းပြတိုက်၊ ကုန်းနေ၊ ရေနေ သတ္တဝါပြခန်းနှင့် သက်ရှိတိရစ္ဆာန်များ သဘာဝအတိုင်း နေထိုင်ကျက်စားပုံများကို လေ့လာခဲ့ကြပြီး ကစားကွင်းတွင် လွတ်လပ် ပျော်ရွှင်စွာ ကစားခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှုံး သုံးရက်ဆက်တိုက် ပိတ်တာဆိုတော့ နယ်တွေကို အပန်းဖြေ၊ အလွမ်းပြေ ပြန်ကြတာများပါတယ်

ကိုအောင်ရဲထွန်း

**ယနေ့အချိန်ကာလသည် စနေ၊ တနင်္ဂနွေ အပါအဝင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားလပ်ရက်ကိုပါ ထည့်တွက်လျှင် ရုံးပိတ်ရက် သုံးရက် ဆက်တိုက်ရရှိသည့် ကာလဖြစ်သည်။ အဆိုပါ ရုံးပိတ်ရက်များအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ အနေဖြင့် နေပြည်တော်ရှိ အပန်းဖြေနားနေနိုင်သည့် နေရာများတွင် ဗဟုသုတ ရှာမှီးရင်း အပန်းဖြေ အနားယူလျက်ရှိနေကြသည်။ ထိုသို့ အနားယူအပန်းဖြေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**


ဦးမြင့်ဝေ


ကိုအောင်ရဲထွန်း


ကိုဝင်းနိုင်

**ဦးမြင့်ဝေ (ရွှေတောင်ရိုး အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)**

မနေ့က သောကြာနေ့မှာ ကျွန်တော်တို့ ရွှေတောင်ရိုးကားဂိတ်က တစ်နေကုန် ကားလက်မှတ်တွေ ခုံအပြည့် ရောင်းရပါတယ်၊ လက်မှတ်ရောင်းရတယ်ဆိုတဲ့ နေရာမှာ ကြိုတင်ဝယ်ယူမှုတွေရှိသလို ဂိတ်ရောက်မှ လာဝယ်တာတွေလည်း ရှိပါတယ်။ ရုံးပိတ်ရက် သုံးရက်ဖြစ်သွားတဲ့ အခါ နေပြည်တော်က အများစုသော ဝန်ထမ်းတွေအနေနဲ့ ရန်ကုန်၊ မန္တလေးက ကိုယ့်အိမ်ကို ပြန်ပြီး အနားယူတဲ့သူတွေ၊ အပန်းဖြေတဲ့သူတွေ ရှိကြတယ်။ ကျွန်တော်တို့ ကားလက်မှတ်တွေ အပြည့်ရောင်းရသလို ကျွန်တဲ့ ကားဂိတ်တွေမှာလည်း လက်မှတ်တွေ ခုံအပြည့်ရောင်းကြရတယ်လို့ သိရပါတယ်၊ သူ့ရာသီနဲ့သူ ခရီးသွားတွေရှိတော့ ကားလက်မှတ်တွေ အသင့်အတင့်ရောင်းချရတယ်၊ အခုလို ရုံးပိတ်ရက် ဆက်တိုက်ရှိတဲ့ လမျိုးမှာဆိုရင် ခုံတွေ အပြည့်ရောင်းရပါတယ်။

**ကိုအောင်ရဲထွန်း**

ကျွန်တော့်မိသားစုတောင် အခု ရုံးပိတ်ရက်မျိုးမှာ တောင်ကြီးကို သွားပြီး အပန်းဖြေနေကြပါတယ်။

**ထက်ဦးကားဂိတ်(နေပြည်တော်)**

ကျွန်တော်တို့ ထက်ဦးကားဂိတ်က ရန်ကုန်-ပုသိမ်-မြောင်းမြ-လပွတ္တာကို ပြေးဆွဲတာပါ။ ရုံးပိတ်ရက် သုံးရက်ဆိုတော့ ကားလက်မှတ်တွေ ပိုပြီးရောင်းအားကောင်းပါတယ်။ တော်တော်များများက အစိုးရဝန်ထမ်းတွေ လာဝယ်တာဖြစ်ပါတယ်။ ရုံးသုံးရက်ဆက်တိုက် ပိတ်တာဆိုတော့ နယ်တွေကို အပန်းဖြေ၊ အလွမ်းပြေ ပြန်ကြတာများပါတယ်။ ကျွန်တော့်မိသားစုတွေကလည်း ဝန်ထမ်းမိသားစုတွေဖြစ်ပါတယ်၊ အခု ရုံးသုံးရက်ပိတ်တာဆိုတော့ ဘုရားဖူးရင်း အပန်းဖြေသွားနေကြပါတယ်။

**ကိုဝင်းနိုင်**

**သစ်တောဦးစီးဌာန**

ကျွန်တော်က ဇာတိဖြစ်တဲ့ အောင်လံကိုသွားမှာ ဖြစ်ပါတယ်၊ သောကြာနေ့က ကားဂိတ်ကို ကားလက်မှတ်စုံစမ်းတာ ဂိတ်တိုင်းမှာ လက်မှတ်တွေကုန်နေလို့ အခု စနေနေ့ရောက်မှပဲ လက်မှတ်ရလို့ ပြန်ရတော့မှာဖြစ်ပါတယ်။ မိသားစုနဲ့ ဘုရားဖူးမယ်၊ အပန်းဖြေသွားမယ်၊ ပြီးရင်လည်း ရုံးဖွင့်ရက်အမီ ပြန်လာရမှာ ဖြစ်ပါတယ်။ တခြား ဝန်ထမ်းမိသားစုတွေလည်း ကျွန်တော်တို့လို ဘုရားဖူးရင်း အပန်းဖြေသွားကြမယ်လို့ ထင်ပါတယ်။ လက်မှတ်တွေက အခုလို ပိတ်ရက်ရှည်မျိုးဆိုရင် ကြိုတင်ဝယ်ထားမှ အလွယ်တကူရတာပါ။ နေပြည်တော်ပြန်လာမယ့် အတွက်ကိုလည်း အချိန်မီပြန်လို့ရအောင် ကားလက်မှတ်တွေကို အလွယ်တကူရစေချင်ပါတယ်။

**မစန္ဒာဝင်း**

ဖြူးမြို့ကနေ ဗုဒ္ဓဂယာကို ဘုရားဖူးလာတာဖြစ်ပါတယ်။ လားရှိုးကိုလည်း ဆက်သွားမှာဖြစ်ပါတယ်။ တောင်သူလုပ်ငန်းတွေအားလို့ ဘုရားဖူးရင်းနဲ့ အပန်းဖြေလာကြတာ ဖြစ်ပါတယ်။

**မသန်းသန်းဆင့်(ပျဉ်းမနားမြို့)**

ကျွန်မတို့က နေပြည်တော် ပျဉ်းမနားက ဈေးသည်တွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ မောင်နှမတွေက ဝန်ထမ်းတွေ ဖြစ်ကြပါတယ်။ အခုလို ရုံးပိတ်ရက် သုံးရက် ဆက်တိုက်ရတဲ့အတွက် ကျွန်မ ဈေးရောင်းတာတွေကို ခဏနားပြီး ကျွန်မ မောင်နှမတွေနဲ့အတူ အခုလို နေပြည်တော် ရေပန်းဥယျာဉ်ကို အပန်းဖြေလာကြတာဖြစ်ပါတယ်။ ပျဉ်းမနားကနေ ရေပန်းဥယျာဉ်ကို ရွှေမြို့တော်လိုင်းကား စီးပြီးလာကြတာဖြစ်ပါတယ်။

**မပန်းနွယ်စိုး(တိုက်ကြီးမြို့)**

ကျွန်မတို့က ကျွန်မတို့မြို့မှာ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး လိုက်လံတိုက်ကျွေးတဲ့ အဖွဲ့ဝင်တွေဖြစ်ပါတယ်။ ကာကွယ်ဆေးတိုက်ပြီးလို့ လေ့လာရေးသဘောအနေနဲ့ နေပြည်တော်မှာ လာရောက်အပန်းဖြေကြတာပါ။ အပန်းဖြေခရီးအနေနဲ့ ရေပန်းဥယျာဉ်ကို သက်ဆိုင်ရာတာဝန်ရှိသူတွေက လိုက်ပို့ပေးတာဖြစ်ပါတယ်။ ဒါပြီးရင် နေပြည်တော်မှာရှိတဲ့ အပန်းဖြေနေရာတွေ၊ ဗဟုသုတရမယ့် နေရာတွေကို သွားကြဦးမှာ ဖြစ်ပါတယ်။

**သတင်း-မင်းမင်းဇော်၊ မီမီဖြိုး**

**ဓာတ်ပုံ-ကိုအေးသန်း**


မစန္ဒာဝင်း


မသန်းသန်းဆင့်


မပန်းနွယ်စိုး

## နဂါးပွက်တောင်တွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

**မင်းဘူး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မန်းရွှေစက်တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်နေ့အထိ ပွဲတော်ကာလတွင် မင်းဘူးနဂါးပွက်တောင်တော်၌ ဘုရားဖူး လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။

"ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူများကို စိတ်ချမ်းသာစေရန် စီစဉ်ထားပါတယ်၊ ပုံမှန်ဆိုရင် မနက် ၆ နာရီကနေ ည ၇ နာရီအထိ ဖွင့်လှစ်ပြီး ယခုလို ပွဲတော်ကာလမျိုးမှာ ၂၄ နာရီ ဖွင့်လှစ်ထားပါတယ်၊ ဘုရားဖူးတွေ နားနေဖို့ နေရာတွေလည်း စီစဉ်ထားပါတယ်၊ အပေ့ါအပါးသွားဖို့ ရေလောင်းအိမ်သာတွေလည်း တိုးချဲ့ဆောက်လုပ်ထားပါတယ်၊ ယခုနှစ်မှာဆိုရင် ဘုရားဖူးပြည်သူတွေ အမှတ်တရပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ အမတော်တောင်နဲ့ မောင်တော်တောင်ကြားမှာ ဒေသထွက်ပစ္စည်းအရောင်းဆိုင်တွေလည်း ဖွင့်လှစ်ရောင်းချခွင့်ပြုထားပါတယ်၊ ပွဲတော်ရက်ဆိုတော့ ဈေးသည်တွေလည်း ရောင်းကောင်းပါတယ်"ဟု နဂါးပွက်တောင်တော်သာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

"ကျွန်တော်တို့ ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ ဘုရားဖူးထွက်လာတာပါ၊ မင်းဘူးမြို့ရဲ့ အထင်ကရ နေရာတွေဖြစ်တဲ့ နဂါးပွက်တောင်တော်နဲ့ စက္ကိန်းတဲစေတီတော်တွေကို ဖူးမြော်ပြီး ဒီကနေ မန်းရွှေစက်တော်ဘုရားကို သွားကြမှာပါ၊ အဲဒီမှာ နှစ်ညအိပ်ပြီးမှ ရန်ကုန်ကို ပြန်မှာဖြစ်ပါတယ်"ဟု ဘုရားဖူး လာရောက်သူ မီးရထားဝန်ထမ်း ဦးစံသိန်းက ပြောသည်။

အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ မန်းရွှေစက်တော် ဘုရားသို့ လာရောက်ဖူးမြော်ရင်း နဂါးပွက်တောင်သို့ ဝင်ရောက်လေ့လာကြသည့်အတွက် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**





## ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်

**အမရပူရ ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက အမရပူရမြို့နယ်ရှိ သမိုင်းဝင် ဦးပိန်တံတားသို့ လာရောက်ကြသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများဖြင့် စည်ကားနေသည်။

ငှက်လှေသမား ကိုသန်းနိုင်ထွန်းက "ငှက်လှေက လေးယောက်အထိ စီးလို့ရတယ်၊ သဘော်ကုမ္ပဏီတွေက သတ်မှတ်ချက် ကျပ်တစ်သောင်းခွဲ၊ ကုမ္ပဏီတွေကတော့ အစုံပဲ မှတ်တောင် မမှတ်မိဘူး၊ ဒီလို ညနေခင်း နေဝင်ချိန်ကတော့ နိုင်ငံခြားသားတွေက အထူးသဖြင့် နေဝင်ချိန်ကို ကြည့်ချင်တာနဲ့ ဓာတ်ပုံရိုက်ကြတာ၊ တချို့ကုမ္ပဏီတွေက ၁၀ ရက်စာ ၁၅ ရက်စာ ကြိုငှားကြတာ၊ နေဝင်ချိန်မဟုတ်ဘူးဆိုရင် ကျပ်တစ်သောင်းနှစ်ထောင်ပါ၊ သူတို့ကုမ္ပဏီက လေးယောက်စီးပါ၊ သူတို့လည်း သက်သာတယ်၊ တချို့က နှစ်ယောက်စီးတော့ တစ်သောင်းခွဲရတာချင်း အတူတူပဲ၊ လှေ အစင်း ၂၀၊ ၂၅ စင်းလောက် နှတ်သွားတယ်၊ ဒါပေမယ့်လည်း လေးယောက်စီးတော့ အခက်အခဲမရှိနိုင်ဘူး၊ ဒီနှစ်က ဧည့်သည်ပါးလို့ ခါတိုင်းနှစ်ဆိုရင် အခက်အခဲရှိတယ်၊ ကျွန်တော်တို့က ဘိုကင်လုပ်တဲ့သူ အရင်ပေးရတယ်၊ ပြည်တွင်းက ဧည့်သည်တွေ နှစ်ယောက်သုံးယောက်စီးရင် ကျပ် ခြောက်ထောင်၊ ရှစ်ယောက်စီးရင် ကျပ် ရှစ်ထောင် ယူပါတယ်"ဟု ပြောသည်။

**ဝ၇၇**

## ပုဂံမြို့မှ အလှစီးလှည်းယာဉ်များ ပြည်ပဧည့်သည်များ စိတ်ဝင်စား

**ပုဂံ ဖေဖော်ဝါရီ ၁၀**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအား ပြည်တွင်း ပြည်ပမှ ဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိရာ ပုဂံမြို့မှ အလှစီး လှည်းယာဉ်များအား ပြည်ပခရီးသည်များ စိတ်ဝင်စားမှုများပြားကြောင်း သိရသည်။

**ပိုမိုစိတ်ဝင်စား**

"လှည်းယာဉ်ကတော့ ပြည်ပခရီးသည်တွေက ပိုမိုစိတ်ဝင်တစား ငှားစီးကြတာများတယ်၊ ကျွန်တော်တို့ ပြည်တွင်းဧည့်သည်ကတော့ ငှားစီးတာ နည်းတယ်၊ လှည်းယာဉ်တစ်စီးကို နှစ်ယောက်စီးလို့ ရပါတယ်၊ စီးခက ငွေကျပ်တစ်သောင်းပါ"ဟု လှည်းယာဉ်ပိုင်ရှင် ဦးပိုက်က ပြောသည်။

ပုဂံမြို့ဟောင်းတွင် လှည်းယာဉ်ပိုင်ရှင်များမှ လှည်းယာဉ်အသင်း ဖွဲ့စည်းထားရှိပြီး လှည်းယာဉ် ၂၅ စီးခန့်ရှိကြောင်း သိရသည်။

"လှည်းယာဉ်စီးချင်ရင် လှည်းခေါင်းကို ဖုန်းဆက်ပြီး ငှားရတာပါ၊ နှစ်ရက်၊ သုံးရက်လောက် ကြိုပြောရတယ်၊ နွားလှည်းစီးရေက နည်းလို့ပါ" ဟု ပုဂံမြို့ဟောင်းမှ လှည်းယာဉ်အသင်း ခေါင်းဆောင် ဦးထွန်းအေးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**



# ပြည်ထောင်စုနေ့အကြို စာပေဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချပွဲနှင့် ပဒေသာကပွဲများ ကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၁၀**

သမဝါယမတက္ကသိုလ်(သန်လျင်)တွင် (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းကကျင်းပရာ သမဝါယမ တက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်သမဝါယမဒီဂရီကောလိပ် ပါမောက္ခ (ငြိမ်း) ဒေါ်ဝင်းစိန်က ကျောင်းသားလူငယ်များအား ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးဟောပြောခဲ့သည်။



ဆက်လက်၍ စာပေဟောပြောပွဲတွင် စာပေပညာရှင်များဖြစ်သည့် ဆရာချစ်နိုင် (စိတ်ပညာ)က "သင့်လက်ထဲမှာ လှပသောအနာဂတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမြင်းမူ မောင်နိုင်မိုးက "ဘဝထဲက ကဗျာ၊ ကဗျာထဲက ဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ စာပေဟောပြောပွဲအပြီးတွင် စာပေပညာရှင်များအား ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ဥတ္တရဆောင်၌ ကျင်းပရာ အဆိုပါအခမ်းအနားကို သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ သမဝါယမတက္ကသိုလ် (သန်လျင်) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်မြင့်မြင့်စိန်နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးအေးမော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး "စွယ်တော်မြေမှ ညီညွတ်ခြင်းအားမာန်" နံရံကပ်စာစောင်ပြပွဲတွင် ပြသထားသည့် နံရံကပ်စာစောင်များအား ကြည့်ရှုအားပေးခြင်း၊ တိုင်းရင်းသားအစားအစာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခြင်းနှင့် ပဒေသာကပွဲတွင် တိုင်းရင်းသားများ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးလက်နေပြည်သူများအား ကွင်းဆင်းဆေးကုသပေး

**ရေဦး ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ ကုသရေးဦးစီးဌာနနှင့် တင်းတိန်ရုံစံပြကျေးရွာ ရပ်မိရပ်ဖများ ပူးပေါင်းကာ ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဌက်ဖျားနှင့် မကူးစက်တတ်သောရောဂါများ အခမဲ့ဆေးကုသပေးခြင်းတို့ကို ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ပြည်သူအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် နယ်မြေကွင်းဆင်းဆောင်ရွက်ရာ၌ ဆေးရုံအုပ် ဒေါက်တာအောင်ကျော်နိုင်၏ ကြီးကြပ်မှုနှင့်အတူ သားဖွားမီးယပ်အထူးကု ဒေါက်တာ တင်တင်ဝင်း၊ သမားတော်ကြီး ဒေါက်တာဝင်းမြင့်၊ အရိုးအကြော၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဖြူဖွေးသန့်နှင့် လက်ထောက်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သောက်ဆေး ထိုးဆေးများပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သော လူနာများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီလာရောက်ခွဲစိတ်ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ရောဂါအခြေအနေအရ ဆေးဝါး လိုအပ်ပါက ဌာန၏သုံးစွဲခွင့်ပြုငွေမှ ဆေးဝါးများ ဖြည့်စွက်ဝယ်ယူပေးခြင်းတို့ ဆောင်ရွက်ခဲ့ကာ နံနက်မှ ညနေပိုင်းအထိ ဆေးကုသပေးရာတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအပါအဝင် ငှက်ဖျားနှင့် မကူးစက်တတ်သော ရောဂါဝေဒနာရှင် စုစုပေါင်း ၄၂၇ ဦးအား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## နိုင်ငံ့ဝန်ထမ်းဟောင်းအချို့ ပင်စင်လစာထုတ်ယူရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပင်စင်လစာထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းဟောင်းအချို့အနေဖြင့် ပင်စင်လစာ ထုတ်ယူရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ပင်စင်စားဝန်ထမ်းများသည် အများအားဖြင့် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသူများ ဖြစ်သည့်အတွက် လှုပ်ရှားသွားလာရန် အခက်အခဲများရှိပြီး ကိုယ်စားလှယ်ဖြင့် သွားရောက်ထုတ်ယူရာတွင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အငြိမ်းစားများအား ၎င်းတို့ရှေ့သို့ ခေါ်ဆောင်လာ၍ ပြသစေခြင်းမျိုးကိုလည်း လုပ်ဆောင်နေလေ့ရှိကြောင်း သိရသည်။

အငြိမ်းစား ပင်စင်သမားများအနေဖြင့် သတ်မှတ်ထားသောဘဏ်များသို့ သွားရောက်ရန်ခက်ခဲခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းကြောင့် ဆီး၊ ဝမ်းသွားလာရန် အခက်အခဲများရှိခြင်းစသော ဒုက္ခများနှင့် ရင်ဆိုင်ရလေ့ရှိကြောင်းသိရသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ထမ်းဆောင်စဉ်တွင် နိုင်ငံတော်က စီစဉ်ပေးသည့် နေရာများ၌နေထိုင်ပြီး အငြိမ်းစားယူသည့်အခါ နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ရသည့်အခါတွင် အချို့မှာ ချက်ချင်းဖယ်ရှားပေးရသည့်အတွက် ပညာသင်ကျောင်းသား ကျောင်းသူလေးများမှာ အခက်အခဲများနှင့် ရင်ဆိုင်ကြရကြောင်း၊ ရိုးသားစွာ ဝန်ထမ်းလစာဖြင့် နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ကြသော အောက်ခြေဝန်ထမ်းများသည် အငြိမ်းစားဘဝသို့ ရောက်ရှိသွားသောအခါ နေထိုင်စရာအိမ်ကင်းမဲ့သွားကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှရွှေက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ပြောကြားသည်။

ပင်စင်စား အငြိမ်းစားဝန်ထမ်းများ ပင်စင်ထုတ်ယူရာတွင် အခက်အခဲရှိပါက ပင်စင်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။ ထို့အပြင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရသုံးခန့်မှန်းခြေမှ အကုန်ကျခံ၍လည်းကောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် အရောင်းအိမ်ရာကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအမံများဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း၏ ပံ့ပိုးမှုဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှေ့ပြေးစီမံကိန်းများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်းမှု ယမန်နှစ်ကထက်ပိုများလာ

**ကသာ ဖေဖော်ဝါရီ ၁၀**

နှစ်စဉ် နွေရာသီကာလတွင် သောင်ထွန်းလေ့ရှိသော ကသာမြို့အရှေ့ဘက်ရှိ ဧရာဝတီမြစ်ရေပြင်ထဲ၌ ယခုနှစ်တွင် သောင်များပေါ်ထွန်းနေမှုမှာ ယခင်နှစ်များကထက် ပိုမိုကျယ်ပြန့်များပြားနေ၍ ရေကြောင်းသွားလာရေးတွင် အဆင်မပြေမှုများ ရှိလာသလို သဲသောင်များထွန်းနေခြင်းကြောင့် နွေရာသီကာလတွင် ကသာမြို့မှ လူနေအိမ်များ၌ ချိုးရေသုံးစွဲမှုအတွက် အခက်အခဲဖြစ်လာမည်ကိုလည်း ဒေသခံပြည်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။



ကသာမြို့နယ်အနီးတွင် ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် သောင်တူးစက်များဖြင့် သောင်တူးခြင်းလုပ်ငန်းကို နိုင်ငံတော်၏လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာဌာနများက နှစ်စဉ် ဆောင်ရွက်လျက်ရှိသော်လည်း သဲသောင်ဖြစ်ထွန်းခြင်းမှာ လျော့ကျခြင်းမရှိဘဲ တစ်နှစ်ထက်တစ်နှစ် တိုးလာသည့်အတွက် ယခုနှစ်တွင် ကသာမြို့နယ်အရှေ့ဘက်၌ သဲသောင်ပြင်ကြီး ကျယ်ဝန်းစွာ ပေါ်ထွက်လာရာ မြစ်အတွင်း ကူးသန်းသွားလာနေသော ရေယာဉ်၊ မော်တော်များမှာ သွားလာရေးလွယ်ကူခြင်းမရှိတော့ဘဲ အခက်အခဲများ ကြုံတွေ့လာရကြောင်း၊ ရေယာဉ်များအနေဖြင့် ကသာမြို့အနီး ဆိုက်ကပ်နိုင်ရေးအတွက် နေရာပြောင်းရွှေ့၍ ဆိုက်ကပ်ခြင်းများ ပြုလုပ်လာရကြောင်း ရေယာဉ်မောင်းသူများထံမှ သိရသည်။

ထို့အတူ ကသာမြို့ရှိ လူနေအိမ်များမှာလည်း နွေကာလတွင် သုံးရေချိုးရေ လုံလောက်မှုမရှိပါက ယခင်က သဲသောင်များသို့လာ၍ ရေချိုး၊အဝတ်လျှော်ခြင်းများ ပြုလုပ်ကြရာ သဲသောင်ကြီးများ ပိုမိုကျယ်ပြန့်လာပါက သုံးရေအတွက် အခက်အခဲကြုံရမည်ကိုလည်း မြို့နေပြည်သူအချို့က စိုးရိမ်လျက်ရှိသည်။

၂၀၁၈ နှစ်ဆန်းပိုင်းမှစ၍ ကသာမြို့အနီး၌ ဧရာဝတီမြစ်အတွင်း သဲသောင်များ စတင်ပေါ်ထွန်းလာပြီး ယခုနှစ်တွင် သောင်ထွန်းမှုမှာ ယခင်နှစ်များကထက်ပို၍ များပြားလာသဖြင့် ဧရာဝတီကို ကာကွယ်ရန်အတွက် မြစ်ကမ်းဘေးတစ်လျှောက် မြို့ရွာများတွင် မြစ်အတွင်းသို့ အမှိုက်စွန့်ပစ်ခြင်း၊ ကမ်းနားသစ်ပင်များ ခုတ်လှဲခြင်း၊ မြစ်အတွင်းမှ သဲတင်ခြင်းလုပ်ငန်းများကို မပြုလုပ်ကြရန် လိုအပ်သလို စည်းကမ်းမဲ့ ပြုလုပ်သူများကိုလည်း ဒေသန္တရအာဏာဖြင့် ပြင်းပြင်းထန်ထန် တားမြစ်သတိပေး အရေးယူခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ရေယာဉ်များပေါ်တွင် အမှိုက်ကန်များ ပါရှိအောင်လည်း စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း မြို့ခံတစ်ဦးက အကြံပြုပြောကြားသည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ ဗဟိုနေရာမှ ဖြတ်သန်းစီးဆင်းလျက်ရှိကာ မြစ်ဝှမ်းဒေသသည် ၄၁၃၆၇၄ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး မြန်မာနိုင်ငံ စုစုပေါင်းအကျယ်အဝန်း၏ ၆၁ ရာခိုင်နှုန်းကို အကျိုးပြုလျက်ရှိကာ မြစ်ကြောင်းသည် ၂၁၇၀ ကီလိုမီတာနီးပါး ရှည်လျားပြီး တိုင်းပြည်၏ အရေးအကြီးဆုံး ကူးသန်းရောင်း ဝယ်ရေးရေကြောင်းလမ်းလည်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်မှ မိုင် ၆၀၀ ကျော်ရှည်သည့် မြစ် ၁၇၇ စင်းတွင်လည်း အပါအဝင်ဖြစ်ကြောင်း၊ ထို့အပြင် ပင်လယ်ထဲအထိ ၁၂ လရာသီ အစဉ်အဆက်မပြတ်စီးဝင်နိုင်သည့် မြစ်ကြီးများမှာ တစ်ကမ္ဘာလုံးတွင် ၂၁ စင်းသာရှိရာ ထိုစာရင်းတွင်လည်း ဧရာဝတီမြစ်သည် တစ်ခု အပါအဝင်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## ရှေးဟောင်းသေတ္တာနှင့် ကျွန်းခုတင်ကြီး ရေရှည်တည်တံ့စေမည့်နည်းလမ်းကို ပြည်ပပညာရှင်များက ရှင်းလင်းပြသ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် နှစ်ပေါင်း ၁၈၀ ကျော်သက်တမ်းရှိ ရှေးဟောင်းသေတ္တာနှင့် ကျွန်းခုတင်ကြီးကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်က ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ပရောဂျက်မန်နေဂျာ Mr.Jeffallen နှင့် သစ်သားပြုပြင်ထိန်းသိမ်းရေးပညာရှင် အီတလီနိုင်ငံသူ အာဇလာတို့က လာရောက်လေ့လာကြည့်ရှုခဲ့ပြီး ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရမည့် နည်းလမ်းများကို အကြံပြု ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းသေတ္တာနှင့် ကျွန်းခုတင်ကြီး ရေရှည်တည်တံ့ရန်အတွက် မျက်နှာပြင်ပေါ်သို့ ဖုန်နှင့် အညစ်အကြေးများ ထိတွေ့ခြင်း မရှိစေရန်နှင့် အညစ်အကြေးသန့်စင်သည့် နည်းလမ်းများကို ပြသခဲ့ကြောင်း သစ်သားပြုပြင်ထိန်းသိမ်းရေးပညာရှင်က ပြောသည်။



"ဒီပစ္စည်းတွေက ကျွန်းသစ်နဲ့ပြုလုပ်ထားတာကြောင့် အစိုဓာတ်မရှိတဲ့နေရာမှာထားဖို့ လိုအပ်ပါတယ်။ အရမ်းကြီး ပျက်စီးမှုမရှိသေးတော့ အကြီးစားပြုပြင်မှုတွေ လုပ်ဖို့ မလိုပါဘူး။ မျက်နှာပြင်ကို သန့်ရှင်းအောင် ဘယ်လိုထားရမလဲဆိုတာရယ်၊ ညစ်ပေစွန်းထင်းနေတာတွေကို ရေသန့်သန့်နဲ့ ဝါဂွမ်းအသုံးပြုပြီး သန့်စင်တဲ့ နည်းလမ်းတွေကို လက်တွေ့သရုပ်ပြ ပြုလုပ်ပေးခဲ့ပါတယ်၊ သန့်ရှင်းပြီးရင်တော့ သေတ္တာအောက်ခြေမှာ သစ်သားနည်းနည်းပွနေတာကို ပြုပြင်မယ့်နည်းလမ်းတွေလည်း ထပ်မံပြသပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ရှေးဟောင်းသေတ္တာနှင့် ကျွန်းခုတင်ကြီးကို ထိန်းသိမ်းထားသည့် ပိုင်ရှင်ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က "ကျွန်တော်က သူတို့ကိုဖိတ်ပြီး ပြသခဲ့တာက ပြုပြင်ထိန်းသိမ်းဖို့နည်းလမ်းတွေ သိရှိစေဖို့ သက်သက်မဟုတ်ဘဲ သူတို့ကတစ်ဆင့် မြန်မာလူမျိုးတွေရဲ့အရင်ကနေထိုင်ခဲ့တဲ့ လူနေမှုအဆင့်အတန်းနဲ့ မြန်မာ့ဗိသုကာလက်ရာတွေကို ကမ္ဘာကသိစေချင်တဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။ ဒီပစ္စည်းတွေကို ကျွန်တော့် အဘိုးအဘွား မျိုးဆက်ခြောက်ဆက်တိုင်တိုင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

"နှစ်ပေါင်း ၁၈၀ ကျော်သက်တမ်းရှိတဲ့ ပစ္စည်းတွေကို မြင်တွေ့ရတော့ အရမ်းလည်းဝမ်းသာမိတယ်၊ ဒီပစ္စည်းတွေ ပြုပြင်ထိန်းသိမ်းဖို့အတွက် လိုအပ်တဲ့ အကူအညီတွေလည်း ပေးသွားမှာပါ"ဟု ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ပရောဂျက်မန်နေဂျာ Mr. Jeffallen က ပြောကြားသည်။

အဆိုပါ ရှေးဟောင်းသေတ္တာနှင့် ကျွန်းခုတင်ကြီးကို မင်းတုန်းမင်းကြီး၏ ငယ်ဆရာဖြစ်သူ ပခန်းမင်းကြီး ဦးရန်ဝေး အသုံးပြုခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် မတ်လအတွင်းကလည်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့် မီဒီယာများအား ဖိတ်ခေါ်၍ အဆိုပါ ရှေးဟောင်းသေတ္တာနှင့် ခုတင်ကြီးကို ပြသခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကင်းထောက်မောင်မယ်များ၏ လှုပ်ရှားကြိုးပမ်းမှုများသည် လူငယ်များကို လေ့ကျင့်ပျိုးထောင်မှုအတွက် ကြီးမားသည့် အင်အားတစ်ရပ်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr. Paul Parkinson နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကော်မတီဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်) အစည်းဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(သန်လျင်)၊ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်တို့မှ ကင်းထောက်တာဝန်ခံ ဆရာဆရာမများ၊ တက္ကသိုလ်ကင်းထောက်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

**လာရောက်လေ့လာ**

တွေ့ဆုံစဉ် နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက တက္ကသိုလ်၏ ကင်းထောက်ဖွဲ့စည်း လှုပ်ရှားမှုများကို ရှင်းလင်းပြောကြားပြီး အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson က မြန်မာနိုင်ငံ၏ ကင်းထောက်လုပ်ငန်းတိုးတက်မှုအတွက် များစွာကျေနပ်အားရပါကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်အဖြစ် ဂုဏ်ဝင့်စွာ ရပ်တည်လှုပ်ရှားနေသည်ဖြစ်ရာ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်လေ့လာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ညွှန်ကြားရေးမှူး Mr.J.Rizal C. Pangilinan နှင့် သက်လတ်ကင်းထောက်များပံ့ပိုးမှု ဆပ်ကော်မတီဥက္ကဋ္ဌ Mr. Rajalingam Ramasamy တို့က ကင်းထောက်လုပ်ငန်းတာဝန်များ၊ ကင်းထောက်ခံယူချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယခုကဲ့သို့ တက္ကသိုလ်များ စုပေါင်းထားသည့် ကင်းထောက်အဖွဲ့များအနေဖြင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်၊ ဆွေးနွေးခွင့်ရရှိသည်မှာ လွန်စွာထူးခြားသည့် အခွင့်အရေးဖြစ်ကြောင်း၊ ယခု ကင်းထောက်မောင်မယ်များ၏ ခံယူချက်အပြည့်ဖြင့် လှုပ်ရှားကြိုးပမ်းမှုများသည် လူငယ်များကို လေ့ကျင့်ပျိုးထောင်မှုအတွက် ကြီးမားသည့် အင်အားတစ်ရပ်ပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ပညာပြီးဆုံးသွားပါကလည်း ကင်းထောက်ဘဝကို တစ်သက်လုံးခံယူပြီး မိမိပတ်ဝန်းကျင်အတွက် အကောင်းဆုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး



ကင်းထောက်မောင်မယ်များ၏ မေးမြန်းချက်များကို အာရှပစိဖိတ် ဒေသဆိုင်ရာဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်များက ပြန်လည်ဖြေကြား အကြံပြုဆွေးနွေးကြသည်။ **သတင်းစဉ်**

---

# တရုတ်ရိုးရာနှစ်သစ်ကူးပွဲတွင် မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်ရှိ လသာလမ်းနှင့် လမ်း ၂၀ ကြား၊ လသာလမ်းနှင့် ၂၁ လမ်းကြားတွင် မီတာ ၃၀ အကွာအဝေး၌ လမ်းလယ်ကျွန်း အပါအဝင် ဘယ်၊ ညာလေးတန်း၊ တစ်တန်းလျှင် ယာယီမီးတိုင် ၁၀ တိုင်ဖြင့် တိုင် ၈၀ စိုက်ထူကာ မီးပုံးများဖြင့် အလှဆင်၍ တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ **(ယာပုံ)**

အဆိုပါ တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်တွင် မဟာဗန္ဓုလထိပ်တွင် မုခ်ဦးတစ်ခု၊ မဟာဗန္ဓုလလမ်းထိပ်နှင့် ဘုရားလမ်းထိပ်တွင် မုခ်ဦးတစ်ခု တည်ဆောက်မည်ဟုသိရပြီး မဟာဗန္ဓုလလမ်းတစ်လျှောက်တွင် စတုဒိသာမဏ္ဍပ်နှင့် ပညာပေးယဉ်ကျေးမှု မဏ္ဍပ် ၈၀ တည်ဆောက်မည်ဖြစ်ကာ ထိုမဏ္ဍပ်များတွင် တရုတ်ရုပ်သေး၊ မြန်မာရုပ်သေး၊ ကြွေအနုပညာ၊ ရိုးရာဝတ်စုံ၊ စက္ကူညှပ်၊ ပန်းထိုး၊ တရုတ်ရိုးရာ မုန့်လုပ်နည်းများ၊ တရုတ်စာပေနှင့် စာရေးနည်းများ၊ မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများ၏



ထွက်ကုန်ပစ္စည်းများ၊ တရုတ်ရိုးရာ ကစားနည်းများကို ပြသသွားမည်ဟု သိရသည်။

တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ကို အလှည့်ကျဆောင်ရွက်ခြင်းဖြစ်၍ ယခုနှစ်သစ်ကူးကို ယူနန်မှ ဆောင်ရွက်ခြင်းဖြစ်ကာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၅ နာရီတွင် ပန်းဘဲတန်း၊ လသာ၊ ဒဂုံ၊ ဗိုလ်တထောင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဗဟန်း မြို့နယ်တို့ရှိ စာသင်တိုက်များမှ သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၅၀၀၊ တရုတ်ဘုန်းတော်ကြီးနှင့် သီလရှင်အပါး ၁၀၀ တို့အား အရဏ်ဆွမ်းနှင့်အတူ လှူဖွယ်ပစ္စည်းများကို ယမန်နှစ်များအတိုင်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို မဟာဗန္ဓုလလမ်းမကြီးအတိုင်း လမ်းမတော်လမ်းမှ ရွှေတိဂုံဘုရားလမ်းအထိ လမ်းတစ်ခြမ်းအားအသုံးပြု၍ နှစ်သစ်ကူးနေ့ နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ ရိုးရာအစဉ်အလာအတိုင်း ကျင်းပသွားမည်ဖြစ်ရာ နှစ်ကူးဆုတောင်းသီချင်း၊ တရုတ်ရိုးရာအက၊ မြန်မာ့ရိုးရာအက၊ တေးသရုပ်ဖော်အက၊ မြန်မာတေးသီချင်း၊ တရုတ်တေးသီချင်းတို့ဖြင့် လသာလမ်းအောက်ဘလောက်တွင် စည်ကား သိုက်မြိုက်စွာဖြင့် နေ့၊ ည မီးပုံး၊ မီးဆိုင်းအလှများ တပ်ဆင်လျက် စည်ကားစွာ ကျင်းပသွားမည်ဟု သိရသည်။

**၁၆၄၊ ဓာတ်ပုံ-သစ္စာ**

---

# ပြည်သူလူထု၏ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါနှင့် အထွေထွေရောဂါများကို အခမဲ့စစ်ဆေးကုသပေး

**မင်းတပ် ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မင်းတပ်ခရိုင် တောင်တန်းသာသနာပြုဆရာတော်၊ တောင်ပုလုပရိယတ္တိနှင့် ပရိယတ္တိကျောင်းတို့ပူးပေါင်း၍ ပြည်သူလူထုအား နှလုံးသွေးကြောရောဂါ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းကို ချင်းပြည်နယ် မင်းတပ်မြို့ တောင်ပုလု ပရိယတ္တိနှင့် ပရိယတ္တိကျောင်းတော်တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းကုသခြင်းလုပ်ငန်းသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးသွေးကြောရောဂါဌာနမှ ပါမောက္ခ ဒေါက်တာနွယ်နွယ်၊ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်နွယ်ထွန်း၊ ဒေါက်တာ သက်လယ်ဆွေအေး၊ ဒေါက်တာစိန်ခိုင်နှင့် ဒေါက်တာသိန်းတက်သိန်းတို့ ပါဝင်သောအဖွဲ့နှင့် မင်းတပ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာလွင် ခေါင်းဆောင်သော ဆရာဝန်၊ ဆရာမများက ပြည်သူလူထု၏ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါနှင့် အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာစိုးလွင်(ငြိမ်း-ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်း၊ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာနှင်းပပခိုင်နှင့်အဖွဲ့တို့က လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြသည်။

ကွင်းဆင်းကုသခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သွေးတိုး၊ ဆီးချို ရောဂါစစ်ဆေးပေးခြင်း၊ နှလုံး Echo ရိုက်ပေးခြင်းနှင့် လိုအပ်သော ဆေးဝါးများ ထောက်ပံ့ကုသပေးခြင်းကို ဆောင်ရွက်ခဲ့ရာ လူနာစုစုပေါင်း ၄၂၅ ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ရခိုင်ပြည်နယ်သတင်း

# မောင်တောမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်



**မောင်တော ဖေဖော်ဝါရီ ၁၀**

ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် (MCCT) အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်မှုကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ယင်းသို့ ထောက်ပံ့ပေးအပ်မှုကို မောင်တောမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင် မိခင်တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ စုတို့မှ လူဦးရေစုစုပေါင်း ၂၁၈၀ တို့အား ငွေကျပ်သိန်း ၇၈၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း မောင်တောမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ် Case Manager ဦးကျော်အောင်စိန်ထံမှ သိရသည်။

“ရခိုင်ပြည်နယ် အတွင်းရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၎င်းတို့က မွေးဖွားလာတဲ့ အသက် နှစ်နှစ်အောက် ကလေးသူငယ်တွေရဲ့ အာဟာရနဲ့ ကျန်းမာရေးရလဒ်တွေ ပိုမိုတိုးတက်ကောင်းမွန်စေဖို့အတွက် ရည်ရွယ်ပြီး ဒီ MCCT အစီအစဉ်ကို အကောင်အထည်ဖော် လုပ်ဆောင်တာ ဖြစ်ပါတယ်၊ ဒီလိုမျိုး လုပ်ဆောင်တဲ့နေရာမှာ မြို့နယ်အတွင်းမှာရှိတဲ့ လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်“ ဟု ၎င်းက ဆိုသည်။

**ဆက်လက်လုပ်ဆောင်**

အဆိုပါ MCCT အစီအစဉ်ကို မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပထမဦးဆုံးအကြိမ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ဒုတိယအကြိမ် ထောက်ပံ့မှုအဖြစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ရာမည**

# အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်း စက်ဘီးပြိုင်ပွဲတွင် အားကစားသမားများ အန္တရာယ်ကင်းစေရန် အသိပေးကြေညာထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀** အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်း စက်ဘီးပြိုင်ပွဲများကို နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ပွဲစဉ်(၁) အမျိုးသား ၁၅၆ ကီလိုမီတာ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်း အတိုင်း မြို့မဈေးမီးပွိုင့်၊ သပြေကုန်း အိုင်း၊ Junction, Capital၊ ကုံကော်ပန်းအိုင်း၊ လယ်ဝေးလမ်းဆုံ မီးပွိုင့်၊ T လမ်းဆုံ၊ နှင်းဆီသုံးခိုင် အိုင်းပတ်ကာ ကုံကော်ပန်းအိုင်း၊ သပြေကုန်းအိုင်း၊ ကုမုဒြာကြာပန်း အိုင်း၊ အင်ကြင်းပန်းအိုင်း၊ ဘူတာ မီးပွိုင့် ခွာညိုအိုင်း၊ ဗုဒ္ဓဂယာ၊ ၁၅ မိုင် ၆ ဖာလုံ ပြန်ကွေ့ကာ ခွာညိုအိုင်း၊ အင်ကြင်းပန်းအိုင်း၊ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာလမ်းဆုံ၊ ပြည်ထောင်စုရာထူး ဝန်လမ်းခွဲ၊ သ/မ လမ်းဆုံ၊ လွှတ်တော် ရှေ့၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၁) ၌ ပန်းဝင်မည်ဖြစ်သည်။

ပွဲစဉ်(၂) အမျိုးသမီး ၁၀၆ ကီလိုမီတာ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မြို့မ ဈေးမီးပွိုင့်၊ သပြေကုန်းအိုင်း၊ ကုံကော် ပန်းအိုင်း၊ လယ်ဝေးလမ်းဆုံ မီးပွိုင့်၊ T လမ်းဆုံ၊ နှင်းဆီသုံးခိုင် အိုင်းပတ်ကာ လယ်ဝေးလမ်းဆုံ၊ ကုံကော်ပန်းအိုင်း၊ သပြေကုန်းအိုင်း၊ ရေပန်းဥယျာဉ်ဘေးမှ ကုမုဒြာကြာပန်းအိုင်း၊ အင်ကြင်းအိုင်း၊ ခွာညို အိုင်းပတ်ပြန်ကွေ့ပြီး အင်ကြင်း ပန်း အိုင်း၊ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာ လမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့မှ ဝဏ္ဏသိဒ္ဓိအိုင်း၊ ၎င်းမှ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်(၁)၌ ပန်းဝင်မည် ဖြစ်သည်။

ပွဲစဉ်(၃)အမျိုးသမီး ကီလိုမီတာ ၇၀ အာရှတာဝေး စက်ဘီးပြိုင်ပွဲကို ညနေ ၄ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်း အတိုင်း မြို့မဈေးမီးပွိုင့်၊ သပြေကုန်း အိုင်းပတ်၍ ရေပန်းဥယျာဉ်ရှေ့မှ ကုမုဒြာကြာပန်းအိုင်း၊ အင်ကြင်းပန်း အိုင်း၊ ခွာညိုအိုင်း၊ ဗုဒ္ဓဂယာမှ ပြန်ကွေ့ကာ အင်ကြင်းပန်းအိုင်း၊ မန္တလေးအိုင်း၊ ဝင်းသူဇာလမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့မှ ဝဏ္ဏသိဒ္ဓိ အိုင်း ၎င်းမှ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဂိတ်(၁)၌ ပန်းဝင်မည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပနေစဉ် ကာလအတွင်း ပြိုင်ပွဲလမ်းတစ်လျှောက်ရှိ သွားလာ လှုပ်ရှားနေကြသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ လမ်းဖြတ်ကူး သူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးအတွက် ပြိုင်ပွဲဝင် အားကစားသမားများ အန္တရာယ်ကင်းရှင်း စေရန် စောင့်ဆိုင်းပေးကြရန် အသိပေး ထားကြောင်း သိရသည်။ **သတင်းစဉ်**



အာရှတာဝေးစက်ဘီးစီးပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပစဉ်။ သတင်းစဉ်



အာရှတာဝေးစက်ဘီးစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ အကြိတ်အနယ်ပြိုင်ပွဲဝင်နေစဉ်။ သတင်းစဉ်

❍ *ကျောဖုံးမှ*

**တတိယဆုကိုဆွတ်ခူးရရှိ**

ဒုတိယပွဲစဉ်အဖြစ် Individual Men Junior (၁၀၆) ကီလိုမီတာ ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများ မှ အားကစားသမား ၄၆ ဦးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာ လွှတ်ပြီး သပြေကုန်းအိုင်း၊ ကုံကော်အိုင်း ထိုမှတစ်ဆင့် လေဆိပ်၊ ရာဇသင်္ဂဟ လမ်းအတိုင်းမှ အင်ကြင်းပန်းအိုင်း၊ မင်္ဂလာအိုင်း၊ ခွာညိုပန်းအိုင်းမှ ကြာပန်းအိုင်း၊ ဝဏ္ဏသိဒ္ဓိအိုင်းမှ တစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ပန်းဝင်စေခဲ့သည်။ ပြိုင်ပွဲတွင် ဂျပန် နိုင်ငံ အားကစားသမားက စံချိန် ၂ နာရီ ၃၂ ဒသမ ၃၈ စက္ကန့်ဖြင့် ပထမ၊ ဖိလစ်ပိုင်နိုင်ငံ အားကစားသမားက စံချိန် ၂ နာရီ ၃၂ ဒသမ ၄၉ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံ အားကစားသမားက စံချိန် ၂ နာရီ ၃၃ ဒသမ ၀၁ စက္ကန့်ဖြင့် တတိယ ဆုကို လည်းကောင်း ဆွတ်ခူးရရှိ ခဲ့သည်။

**ဆွတ်ခူးရရှိ**

မွန်းလွဲပိုင်းပွဲစဉ်အဖြစ် Individual Women Junior (၇၀) ကီလိုမီတာပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် နိုင်ငံများမှ အားကစားသမား ၂၇ ဦးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ စတင်တာ လွှတ်ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ညို ကားလမ်းအတိုင်း သပြေကုန်းအိုင်းထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ရာဇသင်္ဂဟ လမ်းအတိုင်း ပျဉ်းမနား၊ တပ်ကုန်း အမှတ်(၁)လမ်းအတိုင်း ဗုဒ္ဓဂယာအထိ လည်းကောင်း၊ ထိုမှပြန်လှည့်၍ တပ်ကုန်း၊ ပျဉ်းမနားလမ်း အမှတ်(၁)မှ အင်ကြင်း ပန်းအိုင်းမှတစ်ဆင့် ရာဇဌာနီလမ်းမှ ဇေယျာအောင်မြေလမ်းအတိုင်း ဝဏ္ဏသိဒ္ဓိ အိုင်းတို့မှတစ်ဆင့် ပျဉ်းမနား၊ တောင်ညို လမ်းသို့ ပန်းဝင်စေခဲ့သည်။ ပြိုင်ပွဲတွင် ဟောင်ကောင် အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် ပထမဆုကို လည်းကောင်း၊ ဂျပန်နိုင်ငံ အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ အားကစားသမားက စံချိန် ၁ နာရီ ၅၉ မိနစ် ၄၀ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိသွားသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲအပြီးဆုပေးပွဲအခမ်းအနား ကို ဆက်လက်ကျင်းပရာ ဆုရရှိသော နိုင်ငံများအား အားကစားနှင့် ကာယ ပညာဦးစီးဌာနတာဝန်ရှိသူများ၊ အာရှ စက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး Mr. Onkar Singh၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဂျော်ဒန်နိုင်ငံ စက်ဘီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dr. Kalar၊ Techanical Delegate မစ္စတာ ဟာရာရီ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ဆုများ ချီးမြှင့် သည်။

**အခမဲ့ကြည့်ရှုနိုင်**

၂၀၁၈ ခုနှစ် အာရှတာဝေး စက်ဘီး ပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ အီရန်၊ U.A.E၊ ဘာရိန်း၊ မွန်ဂိုလီးယား၊ ဂျော်ဒန်၊ တာဂျစ်စတန်၊ ကာဇက်စတန်၊ မကာအိုနှင့် ဆီးရီးယားနိုင်ငံတို့မှ စုစုပေါင်း ပြိုင်ပွဲဝင်ကစားသမား ၄၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိ စက်ဘီးကွင်းတွင် နေ့စဉ်နံနက် ၈ နာရီမှ စတင်တာလွှတ်ကစားမည်ဖြစ်ပါသဖြင့် စက်ဘီးအားကစားနည်းကို စိတ်ပါဝင် စားသော မိတ်ပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ လမ်းကြောင်း အသိပေးကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀** အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန် စွမ်း စက်ဘီးပြိုင်ပွဲ နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။

**အသိပေးကြေညာထား**

ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း ပြိုင်ပွဲ လမ်းတစ်လျှောက်တွင် သွားလာ လှုပ်ရှားနေကြသည့် မော်တော်ယာဉ် များ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ လမ်းဖြတ်ကူးသူများအနေဖြင့် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေ ရေးအတွက် ပြိုင်ပွဲဝင် အားကစားသမား များ အန္တရာယ်ကင်းရှင်းစေရန် စောင့်ဆိုင်းပေးကြရန် အသိပေး ကြေညာထားကြောင်း သိရသည်။

**ပန်းဝင်မည်**

ဖေဖော်ဝါရီ ၁၂ ရက်တွင် အမျိုးသား ၁၇၆ ကီလိုမီတာ အာရှ တာဝေးစက်ဘီး ပြိုင်ပွဲကို နံနက် ၈ နာရီ မှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညို လမ်းအတိုင်း မြို့မဈေး မီးပွိုင့်၊ သပြေ ကုန်းအိုင်း၊ ကုံကော်ပန်းအိုင်း၊ လယ်ဝေးလမ်းဆုံ မီးပွိုင့်၊ T လမ်းဆုံ၊ နှင်းဆီသုံးခိုင် အိုင်းပတ်ကာ T လမ်းဆုံ၊ လယ်ဝေးလမ်းဆုံ မီးပွိုင့်၊ ကုံကော်ပန်းအိုင်း၊ သပြေကုန်း အိုင်း၊ ရေပန်းဥယျာဉ်ရှေ့ဖြတ်၍ ကုမုဒြာ ကြာပန်းအိုင်း၊ အင်ကြင်းပန်း အိုင်း၊ ဘူတာမီးပွိုင့်၊ ခွာညိုအိုင်း၊ ဗုဒ္ဓဂယာ၊ တပ်ကုန်းသံလမ်းမှ ပြန်ကွေ့ကာ ဗုဒ္ဓ ဂယာ၊ ခွာညိုအိုင်း၊ ဘူတာမီးပွိုင့်၊ အင်ကြင်းအိုင်းမှ မန္တလေးလမ်းဆုံ၊ ဝင်းသူဇာလမ်းဆုံ၊ သ/မ လမ်းဆုံ၊ လွှတ်တော်ရှေ့၊ ဝဏ္ဏသိဒ္ဓိအိုင်းမှ တစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ် (၁)၌ ပန်းဝင်မည်ဖြစ်သည်။

**သတင်းစဉ်**




### ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသန့်ရှင်းရေးနှင့် အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်

**မြစ်ငယ် ဖေဖော်ဝါရီ ၁၀** - (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထက(မြစ်ငယ်)တွင် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် အဘိတ်ဆေး ခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးမျိုးမင်းဦးနှင့်အဖွဲ့ဝင်များ၊ မြစ်ငယ် မီးရထားမှ လက်ထောက်မန်နေဂျာ ဦးကျော်ကျော်ဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန လက်ထောက် ကြီးကြပ်ရေးမှူး ဦးလင်းထွန်းထွန်း၊ မြစ်ငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်း၊ ရထားရဲတပ်ဖွဲ့အမှတ် ၆ တပ်ခွဲမြစ်ငယ်မှ ဒုရဲအုပ်ကျော်မင်းလွင်၊ မြစ်ငယ်နယ်မြေရဲစခန်း ဒုရဲအုပ် သစ်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ပိုလ်တထောင်မြို့နယ်၌ ငွေကျပ် ၁၈၂ သိန်းကျော် တန်ဖိုးရှိ ငွေနှင့် ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရသည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပိုလ်တထောင်မြို့နယ် အမှတ်-၄ ရပ်ကွက်တွင် အိမ်ရှင်များမရှိခိုက် နေအိမ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ပြီး ငွေကျပ် ၁၈၂ သိန်းကျော်တန်ဖိုးရှိ ရွှေထည်၊ လက်ဝတ်ရတနာပစ္စည်းမျိုးစုံ၊ Tablet နှင့် ငွေကြေးအချို့ ခိုးယူပျောက်ဆုံးသည့်အမှုမှ ပြစ်မှုကျူးလွန်သူအား တစ်ပတ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၃ နာရီခန့်က ပိုလ်တထောင်မြို့နယ် အမှတ်-၄ ရပ်ကွက်နေ ဒေါ်---- သည် ဆံပင်ညှပ်ပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်တံခါးမှာ ပွင့်နေပြီး အတွင်းသစ်သားတံခါးမှာ အတွင်းမှ ဂျက်ထိုးပိတ်ထားသည်ကို တွေ့ရသဖြင့် သစ်သားတံခါးကို ခဲအိုနှင့်အတူ ချိုးဖျက်ပြီး နေအိမ်အတွင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ I Pad SAMSUNG Galaxy Tab 5 တစ်လုံး၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၁၇ မျိုး(တန်ဖိုး ငွေကျပ် ၁၇၉ သိန်းကျော်)နှင့် ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၈၂ သိန်းကျော် ပျောက်ဆုံးနေကြောင်း တွေ့ရသဖြင့် ပိုလ်တထောင်မြို့မရဲစခန်းသို့ တိုင်ကြားအမှုဖွင့်ခဲ့သည်။



အမှုမှန်ဖော်ထုတ်ရရှိရေးအတွက် အထူးအမှုစစ်အဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဖော်ထုတ်ခဲ့ရာ ပြစ်ချက်ဟောင်းရှိသူ အေးမင်းစိုးကို မသင်္ကာဖွယ်စစ်ဆေးတွေ့ရှိရ၍ ၎င်းအား ဖေဖော်ဝါရီ ၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည်။

အေးမင်းစိုးအား စစ်ဆေးခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ခိုးယူရရှိသည့် လက်ဝတ်ရတနာများကို ပေါင်နှံရောင်း ချခဲ့ကြောင်း ပေါ်ပေါက်ခဲ့ကာ ဖောင်ထွင်းခဲ့သည့် သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အေးမင်းစိုး **(ဓါတ်ပုံ)** မှာ ၁၉၉၈ ခုနှစ်က ဖောက်ထွင်းခိုးယူမှုဖြင့် ထောင်ဒဏ် ၄၁ နှစ် ချမှတ်ခံရကာ အကျဉ်းထောင်တွင် ၁၆ နှစ်ခန့် ပြစ်ဒဏ်ကျခံခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူ တစ်ဦးဖြစ်ကြောင်း၊ ကျင့် ၄၀၁(၁) အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် လွတ်ထားသည့် ထောင်လွတ်အကျဉ်းသားဖြစ်၍ ယခင်ပြစ်ဒဏ်များ ပြန်လည်ကျခံစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် ပြစ်ချက်ဟောင်းများ ဖော်ထုတ်သွားမည်ဖြစ်ကြောင်းနှင့် အခြားပြစ်မှုများ ကျူးလွန်ခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# မြစ်ကြီးနား-ပူတာအို ကားလမ်းရှိ တံတားများအား ကေအိုင်အေအဖွဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မြစ်ကြီးနား-ပူတာအိုကားလမ်း နမ့်ခမ်းကျေးရွာ(ရွာဟောင်း) မိုင်တိုင်အမှတ်-၈၇ အနီး ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတစ်စင်းနှင့် ကဝါးပန်ကျေးရွာ(ရွာဟောင်း) မိုင်တိုင်အမှတ်-၈၃ အနီးရှိ အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတို့အား ကေအိုင်အေအဖွဲ့က မီးရှို့ဖျက်ဆီးသွားကြောင်း သိရသည်။

**မိုင်းပေါက်ကွဲ သေဆုံး**

အလားတူ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ဗားကန့်မြို့နယ် ရှဒူဇွပ်ကျေးရွာ ရှရတ်ခချောင်းအနီး၌ အဆိုပါရွာနေ ဦးခင်အောင်(၄၂ နှစ်)သည် တစ်ရွာတည်းနေ ဖိုးဇော်ပါ နှစ်ဦးတို့နှင့်အတူ ထင်းခွေသွားစဉ် ဦးခင်အောင်မှာ ကေအိုင်အေအဖွဲ့ ထောင်ထားသည့် မြေမြှုပ်မိုင်း နင်းမိပေါက်ကွဲခဲ့ရာ ဦးခင်အောင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျေးလက်ဆေးပေးခန်း၌ ဆေးကုသမှု ခံယူလျက်ရှိရာမှ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

**မိုင်းပေါက်ကွဲ ဒဏ်ရာရ**

ထို့အတူ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နေ သိန်းရွှေလီ (၂၅ နှစ်)သည် ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်မော်မှ ထွက်၍ ပယင်းတူးရန် နေရာလိုက်လံရှာဖွေနေစဉ် ကေအိုင်အဖွဲ့ ထောင်ထားသည့် မိုင်းအား တိုက်မိ ပေါက်ကွဲခဲ့ရာ သိန်းရွှေလီတွင် ဒဏ်ရာများရရှိခဲ့သဖြင့် တနိုင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲက မောင်တောမြို့နယ် နတ်မြစ်အတွင်း တက်ချောင်းဝအနီး၌ လက်ခတ်လှေတစ်စင်းကို တွေ့ရှိရှာဖွေရာ မောင်တောမြို့အမှတ်-၂ ရပ်ကွက်နေ မာမစ်ဆာမောက်၊ အာဘူနှင့် အန်နာတူလာတို့အား အထုပ်တစ်ထုပ်နှင့်အတူ တွေ့ရှိရပြီး မူးယစ်တပ်ဖွဲ့စု-၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀ သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က နယ်မြေခံတပ်မတော်သားများ၊ မြဝတီခရိုင် ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု-၃၂ မြဝတီတို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့အမှတ်-၄ ရပ်ကွက် အေးသာယာ-၇ လမ်းနေ စောသန်းထွန်းဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၆ ပြားကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲတွင် မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ဘုတ်ချောင်းရပ်ကွက် ဘုတ်စုံလမ်းနေ ကျော်ခိုင်ဦး(ခ)ကျော်စိုး(ခ)တရုတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၉၆ ပြား၊ ငွေကျပ် ၃ ဒသမ ၅ သိန်း၊ မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**မူဆယ် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာနှင့် မော်တောင်းကျေးရွာအကြား မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၇၃/၆ နှင့် ၂၇၃/၇ အကြား၌ ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ် မူဆယ်ဘက်မှ ကွတ်ခိုင်ဘက်သို့ ယာဉ်မောင်း မင်းမင်း (ခ) အရှည်ကြီး (၂၈ နှစ်) နမ့်ပေါ်ကျေးရွာ မူဆယ်မြို့နယ်နေသူ မောင်းနှင်၍ သန်းဇော်ဦး (၄၁ နှစ်) နမ့်ပေါ်ကျေးရွာ မူဆယ်မြို့နေသူတို့ လိုက်ပါလာသည့် YGN-3G/---- မတ်တူး လိုင်စင်(စိစစ်ဆဲ)ယာဉ်နှင့် စက်ရုံသုံးပစ္စည်းများ သယ်ဆောင်ပြီး မူဆယ်ဘက်မှ မန္တလေးဘက်သို့ ထွက်ခွာလာသော ယာဉ်မောင်း နိုင်လင်းစိုး(၂၄ နှစ်) သမန်းကြီးကုန်း ဆွယ်တော်ရပ် ပြည်ကြီးတံခွန်မြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အမှတ် MDY-9K/---- FUSO ၂၂ ဘီးယာဉ်တို့ တိုက်မိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မောင်း မင်းမင်း(ခ) အရှည်ကြီးတွင် ဒဏ်ရာများ(စိုးရိမ်ရ)နှင့် သန်းဇော်ဦးတွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ရာသို့ နယ်မြေခံတပ်မတော်သားများ၊ ၁၀၅ မိုင် ရဲကင်းအဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား အချိန်မီ ဆေးကုသမှုခံယူရန် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်-၁၂၂ ယာဉ်ထိန်းတပ်ဖွဲ့စု (မူဆယ်)မှ ယာဉ်မောင်း မင်းမင်း(ခ) အရှည်ကြီးအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# သံဖြူဇရပ်၌ ရထားလမ်းဘေး ဆော့ကစားသည့်ကလေးငယ်တစ်ဦး မီးရထားတိုက်ခံရ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၀**

သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက်နှင့် ကြံ့ခိုင်ရေးရပ်ကွက် နယ်မြေကြားတွင် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီ ၅ မိနစ်က ကလေးတစ်ဦး ရထားတိုက်ခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မှ ရေးသို့ ထွက်ခွာလာသည့် စက်ခေါင်းမောင်း ဦးဌေးအောင်၊ ရထားထိန်း ဦးဝင်းမြင့်သိန်း မောင်းနှင်သော အမှတ်-၁၇၁ အဆန်လူစီးလော်ကယ်ရထား စက်ခေါင်းအမှတ် DD-937 သည် ညနေ ၅ နာရီ ၂ မိနစ်တွင် သံဖြူဇရပ်ဘူတာမှ ထွက်ခွာပြီး မိနစ်အနည်းငယ်အကြာ ရထားလမ်းဘေး၌ ဆော့ကစားနေသူ ကျောင်းပိုင်း တိုးချဲ့ကွက်သစ်နေ မောင်ဟိန်းဇေလင်း(၉ နှစ်)အား ပွတ်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မောင်ဟိန်းဇေလင်းမှာ ဒဏ်ရာရရှိခဲ့သဖြင့် သံဖြူဇရပ်မြို့ ဆေးရုံမှတစ်ဆင့် မော်လမြိုင်ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူ စေခဲ့သည်။ ရထားမှာ အခင်းဖြစ်စဉ်နေရာတွင် ခေတ္တရပ်တန့်ပြီးနောက် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးသယ်ဆောင်လာသူ တစ်ဦး ဖမ်းဆီးရမိ

**သထုံ ဖေဖော်ဝါရီ ၁၀**

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းအရ သထုံမြို့ဘင်လိုင်ရပ်ကွက် ဂေါ့လမ်းတွင်စောင့်ဆိုင်းနေစဉ် ဘားအံဘက်မှ ဂေါ့ကျေးရွာဘက်သို့ မတင်တင်ခိုင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ ဖုန်းနှင့် ဆိုင်ကယ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးချက်အရ မတင်တင်ခိုင်ဦးနေထိုင်ရာ သထုံမြို့နယ် သရက်ညီနောင်ကျေးရွာရှိ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နန္ဒကျော်စွာ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၁၄ စီး၊ သွင်းကုန် ၁၁၂၀ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။








အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၅၈ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော စွပ္ပန္နုး-မုပ္ပလင်လမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ကယ်ရီများဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကန့်သတ်ဆေးဝါးများဖြစ်သော Nanakid (1×12)(120ml)(30)Units၊ Depo Medeton (1×10)(3ml)(140)Units၊ Pencillin Tablets (6×10)(570) Units စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၄၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)**

**သတင်းစဉ်**

# ဒလမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗညားဒလရပ်ကွက် အနော်ရထာလမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးများနှင့် ဆေးခြောက်များ သိမ်းဆည်းရမိခဲ့ကြောင်း ဒလမြို့မရဲစခန်းမှ သိရသည်။

ဒလမြို့မရဲစခန်းတွင် ဖွင့်လှစ်ထားသော အမှုမှ ဇော်ဝင်းထွဋ်၏ ကွင်းဆက်ဖော်ထုတ်မှုအရ ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲက ဒလမြို့နယ် ဗညားဒလရပ်ကွက် အနော်ရထာလမ်းရှိ နေအိမ်သို့ ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ အဆိုပါနေအိမ်တွင် အိမ်ရှင် အောင်အောင်(ခ)အောင်လေး(၂၅ နှစ်)၊ ကျော်ရှင်းသန့်(ခ)ရှင်းသန့်(၂၂ နှစ်)တို့နှင့်အတူ မူးယစ်ဆေးဝါးများ၊ ငွေစက္ကူများနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၃ ပြား၊ ဆေးခြောက် အလေးချိန် ၈၂ ဒသမ ၅၂ ဂရမ်ခန့်၊ မူးယစ်ဆေးဝါးရောင်း ဝယ်ရရှိသည့် ငွေကျပ် ၄၀၀၀၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို အမှုဖွင့်ထားကြောင်း သိရသည်။

ယင်းနေ့ ည ၈ နာရီ မိနစ် ၄၀ က အောင်မင်္ဂလာရပ်ကွက် ဒလ-တွံတေး ကားလမ်းဘေးရှိ ဂျူပီတာလက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါးများ လာရောက်ရောင်းချနေသူ ဇော်ဝင်းထွဋ်(၂၀ နှစ်) မင်းရဲကျော်စွာ-၁ လမ်း ဗိုလ်ရန်ပြေရပ်ကွက်နေသူအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိရာမှ ကွင်းဆက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# MNL အမှတ်ပေးပြိုင်ပွဲတွင် ရတနာပုံအသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့



ရတနာပုံအသင်းမှ သက်နိုင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဆက်လက်ကျင်းပရာ ရတနာပုံအသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လေးပွဲဆက် ရလဒ်ကောင်းရယူထားနိုင်သည့် ရတနာပုံအသင်းသည် အိမ်ကွင်း၌ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ပြီး ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။ ရတနာပုံအသင်းသည် ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သည့်အပြင် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာသည့် မကွေးအသင်းသည် သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ပြီး ရတနာပုံအား အမှတ်တူဖြင့် ဖိအားပေးနိုင်ခဲ့သည်။

ပြည်တွင်း ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ပုံစံကောင်းရနေသည့် နှစ်သင်းဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ရတနာပုံတိုက်စစ်တွင် ဒဏ်ရာမှပြန်ကောင်းလာသည့် လူငယ်တိုက်စစ်မှူး ဝင်းနိုင်ထွန်း ပြန်ပါလာပြီး မြတ်ကောင်းခန့်၊ စည်သူအောင်၊ ရဲကိုဦး၊ သက်နိုင်တို့၏ တိုးအားဖြင့် ဂိုးရရန် ကြိုးပမ်းခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းတွင် ခံစစ်အမှားမရှိစေရန် ကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဝင်းနိုင်ထွန်း၊ သက်နိုင်နှင့် စည်သူအောင်တို့ အခွင့်အရေးများ ရခဲ့သော်လည်း မကွေးဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ မကွေးအသင်း၏ တိုက်စစ်အတွဲဖြစ်သည့် အောင်မြင့်ထွန်းနှင့် မောင်မောင်စိုးတို့မှာလည်း ရတနာပုံနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် အနိုင်ဂိုးရခဲ့သည်။ တန်ပြန်တိုက်စစ်မှ တစ်ဆင့် မောင်မောင်စိုးက ပယ်နယ်တီဧရိယာစည်းထိပ်မှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်ကာ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ဂိုးများကို ဂျိုးဇက်က ၁၄ မိနစ်၊ ၂၂မိနစ်တွင် သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၆ မိနစ်တွင် ကောင်းစည်သူက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၄၅ မိနစ်တွင် ပေါ်လို၊ ၇၇ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၅) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ရေဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# လန်ဒန်ဒါဘီပွဲစဉ်၌ အိမ်ရှင်စပါးတို့ အနိုင်ရရှိ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၂၇) အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် အာဆင်နယ်တို့ လန်ဒန်ဒါဘီပွဲအဖြစ် တွေ့ဆုံယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်စပါးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်စပါးသည် ၄-၂-၃-၁ ပုံစံဖြင့်လည်းကောင်း၊ အာဆင်နယ်သည် ၄-၁-၂-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၄၉ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ဟယ်ရီကိန်းသည် ယင်းဂိုးသွင်းယူခဲ့သည့်အတွက် ယခုနှစ်ရာသီ ပရီမီယာလိဂ် သွင်းဂိုး ၂၃ ဂိုး သွင်းယူခဲ့ပြီး လီဗာပူးကစားသမား မိုဟာမတ်ဆာလက်ကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားသည်။ ယနေ့ပွဲတွင် အိမ်ရှင်စပါးသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ၁၆ ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး ရှစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဧည့်သည် အာဆင်နယ်သည် ဂိုးကန်သွင်းခွင့် လေးကြိမ်သာရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

ပွဲစဉ်(၂၇)အပြီးတွင် စပါးသည် ရမှတ် ၅၂ မှတ် ရရှိခဲ့ပြီး လီဗာပူးကို ဖိအားပေးနိုင်ခဲ့သလို အာဆင်နယ်သည် ရမှတ် ၄၅ မှတ်ဖြင့် အဆင့်ခြောက်တွင် ရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ရုန်းကန်ရဦးမည်ဖြစ်ပါသည်။ **သီဟ**



### အခြားပွဲရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | ၃-၁ | ပဲလေ့စ် | ဆွမ်ဆီး | ၁-၀ | ဘန်လေ |
| စတုတ် | ၁-၁ | ဘရိုက်တန် | ဝက်စ်ဟမ်း | ၂-၀ | ဝက်ဖို့ဒ် |

# ဇမ္ဗူသီရိမြို့နယ်တွင် နွေရာသီ မြန်မာ့ရိုးရာ သိုင်းသင်တန်း ဖွင့်လှစ်သင်ကြားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာတိုင်း မြန်မာ့ရိုးရာ သိုင်းပညာတတ်မြောက်ရမည်ဆိုသည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ နေပြည်တော် ကမ္ဘောဇနန်းတွင်း သိုင်းပြောင်းပြန်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်မည်ဖြစ်သော မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အဖွဲ့ဝင် ဆရာကြီး ဦးမောင်လေး၏ ကမ္ဘောဇနန်းတွင်း ခူးကာချန့် သိုင်းပြောင်းပြန် နွေရာသီရက်တိုသင်တန်းကို မတ် ၃ ရက် နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ရန်မျိုးသန့်စင်လမ်းနှင့် မဟာဇေယျာလမ်းထောင့်ရှိ မြေကွက်လပ်၌ စတင်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သိုင်းသင်တန်းကို နေပြည်တော်ရှိ သိုင်းပညာရှင်ကြီး သုံးဦးက နာယကအဖြစ် ဦးစီးဆောင်ရွက်ကာ နည်းပြချုပ်အဖြစ် ဒေါက်တာ ဟန်ဖြိုးအောင် (ရေဆင်း)တို့က သင်ကြားပြသပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ တစ်လဖြစ်ပြီး တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ ညနေ ၃ နာရီခွဲတွင် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်း အမျိုးသား၊ အမျိုးသမီးများအတွက်လည်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် အဆိုပါနေရာ၌ပင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက နည်းပြဆရာ ဦးအောင်ဌေး ဖုန်း ၀၉-၄၅၁၇၀၈၁၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**


## နှစ် (၅၀)မြောက် ရွှေရတု မင်္ဂလာဆုတောင်း

၁၁. ၂. ၂၀၁၈ ရက်မှာ ကျရောက်တဲ့ချစ်ဖေဖေ ဦးကျော်လွင်ညွန့်ချုပ်(ငြိမ်း) ချစ်မေမေ ဒေါ်လှိုင်မေသန်းတို့ရဲ့ နှစ်(၅၀)မြောက် ရွှေရတု မင်္ဂလာရက်မြတ်မှသည် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ နှစ်ပေါင်းများစွာတိုင် ရတုအဆက်ဆက်ကို အလှူရေစက်လက်နှင့်မကွာ ဘာသာသာသနာ အကျိုးပြုရင်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာခြင်းများဖြင့် ဖြတ်သန်းနိုင်ပါစေ။

ချစ်သားကြီး - ကျော်ဆန်းလွင် + ခင်သူသူဟန် (U.S.A)
ချစ်သားလတ် - ဒေါက်တာကျော်ဌေးလွင် + ဝင့်ဝါတင်စိန်
ချစ်သမီး - ရဲထွဋ်ဝင်း + တင်မာလွင် (U.S.A)
ချစ်သမီး - Leong + ထက်ထက်အေး
ချစ်မြေးများ - ဘုန်းသက်ခိုင်
အာကာမျိုးမြတ်
ခင်ခင်ခန့်
Andrew လွင်
Valerie လွင်ဝင်း
အန်နီချို
အန်းကျား

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၉-၂-၂၀၁၈ရက်မှ ၁၅-၂-၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၅-၂-၂၀၁၈ ရက်ညနေ ၄ နာရီ ဖြစ်ပါသည်။
၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

## မြန်မာနိုင်ငံကလေးများနေ့ ပျော်ပွဲရွှင်ပွဲ အခမ်းအနားဖိတ်ကြားလွှာ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးစီး၍ (၁၃-၂-၂၀၁၈)ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံ ကလေးများနေ့ ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ၊ အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့် မရမ်းကုန်းမြို့နယ်၌ နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိဘပြည်သူများနှင့် ကလေးငယ်များ လာရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802,09-250-066210

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၏ လမ်းညွှန်မှုဖြင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင်မှ အနီးကပ်ကြီးကြပ်၍ အမှတ်(၇၇)၊ ဗိုလ်တထောင်လမ်းသွယ်(၃)လမ်း နေအိမ်အား ဖောက်ထွင်းခိုးယူခံရသောအမှုကို နေ့မအား ညမနား လိုက်လံစုံစမ်းပြီး ကိုးရက် အတွင်း ဖော်ထုတ်ဖမ်းဆီးပေးပါသော အရှေ့ပိုင်းခရိုင်မှုခင်း နှိမ်နင်းရေးဌာနစုမှူး ဒုတိယရဲမှူးစောမြိုင်အုန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များအား အထူးကျေးဇူးတင်ရှိပါသည်။

**မိသားစု**

## ပျောက်ဆုံးကြောင်း

ဇက်ပီဂျီဖော့မ(က်)စီကီကယ်(လ်)ဂရု (ပ်)ကုမ္ပဏီလီမိတက်၏ HTA THA KA - 29888 လိုင်စင်လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၇၅၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆင်စုရပ်ကွက်၊ အကွက်အမှတ်(၁၀-B)၊ မင်းကြီးတောင်ကွက်၊ ဦးပိုင်အမှတ်(၃၂ ^င^)မှ မြေဧရိယာ ၀ ဒသမ ၀၆၄ ဧကသည်မူလဦးသောင်း၊ ဒေါ်တင်လှိုင်အမည်မှ ဒေါ်စန်းစန်းဝင်း၊ ဦးကျော်ကျော်ထွန်းအမည်သို့ ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ထွန်း ၇/ပမန(နိုင်)၀၃၅၁၄၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စီသူမောင်၁၂/ဒဂမ(နိုင်)၀၃၈၈၃၂၏ 4 Ticket No.50800/15 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၀၄၈၂**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အထက နန်းတော်ရပ်ကျောင်း၊ န၀မတန်း(C)မှ မယမင်းလှိုင် ၈/ပခက(နိုင်)၃၃၀၆၈၅ ၏ ဖခင်အမည်မှန်မှာ ဦးညွန့်လှိုင် ၈/ပခက(နိုင်)၀၈၂၁၆၀ ဖြစ်ပါကြောင်း။ **ဦးညွန့်လှိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/6045 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၄၈၃၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# မြောက်ကိုရီးယားခေါင်းဆောင်၏ညီမက တောင်ကိုရီးယားသမ္မတကို အလည်အပတ်လာရောက်ရန် ဖိတ်ကြား



**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

မြောက်ကိုရီးယားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ သမ္မတ မွန်ဂျယ်အင်းနှင့်တွေ့ဆုံရန် ဖေဖော်ဝါရီ ၁၀ ရက်တွင် အိမ်ပြာတော်သို့ ရောက်ရှိကာ နေ့လယ်စာ စားသုံးခဲ့ကြောင်း ဒေသတွင်း ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကင်ဂျုံအန်း၏ ညီမ၊ အာဏာရကိုရီးယား အလုပ်သမားပါတီ အမြဲတမ်းကော်မတီမှ အကြီးအကဲတစ်ဦးဖြစ်သူ ကင်မ်ယိုဂျောင်လည်း အဆိုပါအဖွဲ့နှင့်အတူ အိမ်ပြာတော်သို့ ရောက်ရှိလာခဲ့ကြောင်းသိရသည်။ ကင်မ်ယိုဂျောင်သည် ယမန်နေ့ကတည်းက တောင်ကိုရီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဆောင်းရာသီအိုလံပစ် ဖွင့်ပွဲအခမ်းအနားသို့ မြောက်ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတအိမ်ပြာတော်သို့လာရောက်သည့် မြောက်ကိုရီးယားနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၌ အမျိုးသားအားကစားလမ်းညွှန်မှုကော်မတီ ဥက္ကဋ္ဌ ချိုဝေနှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကော်မတီ ဥက္ကဋ္ဌ ရီဆွန်ဂွမ် တို့လည်း ပါဝင်ကြောင်း သိရသည်။

မြောက်ကိုရီးယားဘက်ကလည်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းကို မြောက်ကိုရီးယားသို့ ဖိတ်ကြားခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။ တောင်ကိုရီးယားသမ္မတမွန်နှင့် မြောက်ကိုရီးယားဘက်မှ အဆင့်မြင့်ကိုယ်စားလှယ်များ ဖေဖော်ဝါရီ ၉ ရက်ကဖွင့်လှစ်ခဲ့သော ပြုံချမ်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ထိုသို့တောင်ကိုရီးယားသမ္မတကို မြောက်ကိုရီးယားသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတမွန်ကလည်း မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အိမ်ပြာတော်တွင် သုံးနာရီကြာ လက်ခံတွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် ကင်မ်ယိုဂျောင်က တောင်ကိုရီးယားသမ္မတမွန်ကို ၎င်း၏အစ်ကိုထံမှ ပေးပို့လိုက်သော စာတစ်စောင်ကို ပေးခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယားနိုင်ငံသို့ စောနိုင်သမျှ စောစွာ အလည်အပတ်လာရောက်ရန် ဖိတ်မန္တက ပြုလိုက်ကြောင်းသိရသည်။

၎င်းအနေဖြင့် ပြုံယမ်းသို့ လာရောက်လည်ပတ်ခြင်းမပြုမီ မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆက်ဆံရေးတိုးတက်ရန် လိုအပ်ကြောင်း သမ္မတမွန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

အကယ်၍တောင်ကိုရီးယားသမ္မတမွန်အနေဖြင့် မြောက်ကိုရီးယား၏ဖိတ်ကြားချက်ကို လက်ခံလိုက်ပြီး မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံမည်ဆိုပါက တတိယအကြိမ်မြောက် ကိုရီးယားနှစ်နိုင်ငံကြား ဆွေးနွေးပွဲ ပေါ်ပေါက်လာဖွယ်ရှိကြောင်း သိရသည်။ လွန်ခဲ့သောဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် အောက်တိုဘာလက ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားဖွံ့ဖြိုးမှု အစီအစဉ်များနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးနိုင်ခြင်းရှိ မရှိ အပေါ် အာရုံစိုက်နေကြကြောင်း သိရသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ဆီးရီးယားက အစ္စရေးဂျက်လေယာဉ်တစ်စင်းကို ပစ်ချ



**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၀**

ဆီးရီးယားမှပစ်လွှတ်လိုက်သော အီရန်မောင်းသူမဲ့ယာဉ် (ဒရုန်း) တစ်စင်းကို အစ္စရေးက ကြားဖြတ်ဟန့်တားမှုပြုလုပ်ကာ အဆိုပါနေရာ၌ရှိသော အီရန်ပစ်မှတ်များကို တိုက်ခိုက်မှုများလုပ်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက်ပိုင်းတွင် ဆီးရီးယားက အစ္စရေးဂျက်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ပစ်ချလိုက်ရာ ပျက်ကျသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

ရုပ်သံဖိုင်တွင် မြေပြင်ပေါ်၌ ပြန့်ကျဲနေသော လေယာဉ်အပိုင်းအစများပြသထားသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုကိစ္စသည် ရှစ်နှစ်ကျော်ကြာ ဆီးရီးယားပြည်တွင်းစစ်စကတည်းက အစ္စရေး၊ အီရန်နှင့် ဆီးရီးယားတို့ပါဝင်သည့် အဆိုးရွားဆုံးကိစ္စတစ်ခုဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်ရေး ရဟတ်ယာဉ်သည် အီရန် ယူအေဗွီကိုအောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေး စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နယူးဒေလီရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

**နယူးဒေလီ ဖေဖော်ဝါရီ ၁၀**

အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် ဖေဖော်ဝါရီ ၁၀ ရက်က မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

မီးလောင်မှုသည် ယနေ့နံနက်ပိုင်းတွင် ဒေလီအလယ်ပိုင်း တန့်လမ်းပေါ်ရှိ ဂျင်းအထည်စက်ရုံမှ စတင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကို မီးသတ်ကားငါးစီးလာရောက်ငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်အရာရှိတစ်ဦးကပြောခဲ့သည်။

မီးလောင်မှုတွင် အသက် ၃၅နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း၊ သို့သော်လည်း အဆောက်အအုံထဲတွင်ပိတ်မိနေသည့် အခြားသူများကို မီးသတ်သမားများက ကယ်ထုတ်နိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ပေးထားကြောင်း အဆိုပါအရာရှိကဆက်လက်ပြောကြားခဲ့သည်။ လွန်ခဲ့သောလက မြို့တော်အတွင်းရှိ မီးပန်းစက်ရုံတစ်ရုံတွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူ ၁၇ ဦးသေဆုံးခဲ့သည့် ကိစ္စဖြစ်ပြီးနောက် ယခုမီးလောင်သည့်ကိစ္စ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထိုင်ဝမ်ငလျင်ကြောင့် သေဆုံးသူ ၁၅ ဦး အထိရှိလာ

**ထိုင်ဝမ် ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံမှ နောက်ထပ်ခရီးသွားသုံးဦးသေဆုံးကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က အတည်ပြုရာ လက်ရှိ ထိုင်ဝမ်ငလျင်ကြောင့် သေဆုံးသူ ဦးရေမှာ ၁၅ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထပ်မံသေဆုံးကြောင်း အတည်ပြုခံရသူများမှာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးတို့ဖြစ်ကြောင်းသိရပြီး ၎င်းတို့၏ ရုပ်အလောင်းကို ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ ထိုင်ဝမ်ရှိဟွာလင်စီရင်စု၏ ၁၂ ထပ်မြင့် အဆောက်အအုံအောက်တွင် တွေ့ရှိခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါသေဆုံးသူ သုံးဦးမှာ တရုတ်ပြည်မကြီးမှဖြစ်ကြောင်း၊ နောက်ထပ်မိသားစုဝင် နှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် တရုတ်ပြည်မကြီးမှ ခုနစ်ဦး၊ ထိုင်ဝမ်မှ ငါးဦး၊ ဖိလစ်ပိုင်မှ တစ်ဦး၊ ကနေဒါမှ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရပြီး ၂၇၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ထိုင်ဝမ်တွင် ရာစုနှစ် ငါးစုအတွင်း လှုပ်ခတ်ခဲ့သည့် အဆိုးရွားဆုံးငလျင်ဖြစ်ကြောင်း သိရသည်။

ဟွာလင်စီရင်စုအကြီးအကဲဖြစ်သူ ဖူကွန်ချီက သေဆုံးသူ၏ မိသားစုဝင်များ အလွယ်တကူလာရောက်နိုင်ရေးအတွက် ကူညီမှုများပေးနေကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ကိုရီးယားကျွန်းဆွယ်အရေး တင်းမာမှုများ ဖြေလျှော့ရန် နိုင်ငံတကာအကူအညီပေးရေး တရုတ်တိုက်တွန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

ယမန်နေ့က တရုတ်နိုင်ငံတော်ကောင်စီဝင် ယန်ကျဲ့ချီသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်နှင့် တွေ့ဆုံစဉ် ကိုရီးယားကျွန်းဆွယ်အရေး တင်းမာမှုဖြေလျှော့ရေးအတွက် နိုင်ငံတကာအကူအညီပေးရန် တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကိုရီးယား ကျွန်းဆွယ်အတွင်း နျူကလီးယားလျှော့ချရေးနှင့် ကျွန်းဆွယ်အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ထိန်းသိမ်းရန် တရုတ်နိုင်ငံအနေဖြင့် အမြဲကတိပြုခဲ့ကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် ယန်ကျဲ့ချီက ပြောခဲ့သည်။

ကိုရီးယားကျွန်းဆွယ်အရေးသည် ဆွေးနွေးခြင်းနှင့် ညှိနှိုင်းတိုင်ပင်ခြင်းမှတစ်ဆင့် ဖြေရှင်းသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

### မြောက်ကိုရီးယားအနုပညာအဖွဲ့ တောင်ကိုရီးယား၌ ပထမဆုံးအကြိမ်ဖျော်ဖြေ

**ကိန်းရန် ဖေဖော်ဝါရီ ၁၀**

မြောက်ကိုရီးယားနိုင်ငံ အနုပညာကိုယ်စားလှယ်အဖွဲ့က တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအနေဖြင့် ဖျော်ဖြေတင်ဆက်မှုကို ယမန်နေ့က ဂန်ဝမ်ပြည်နယ် ကိန်းရန်အနုပညာစင်တာ၌ ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါခန်းမကြီးသည် ပရိသတ် ၁၀၀၀ ခန့် ဝင်ဆံ့နိုင်ကြောင်း သိရပြီး ဝင်ခွင့်လက်မှတ်ပေါင်း ၅၆၀ ကို အင်တာနက်ပေါ်တွင် မဲဖောက်ပေးသည့်စနစ်ဖြင့် ပေးဝေခဲ့သော်လည်း လူပေါင်း ၁၄၀ တွင် တစ်ဦးသာ မဲပေါက်နိုင်သောကြောင့် အဆိုပါဝင်ခွင့်လက်မှတ်ရရှိရန် လွန်စွာခက်ခဲကြောင်း တောင်ကိုရီးယားနိုင်ငံ အနုပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပထမဆုံးကျင်းပခဲ့သည့် အနုပညာဖျော်ဖြေတင်ဆက်မှုတွင် တွေ့ရသည့်အတွက် လွန်စွာဝမ်းသာမိသည်ဆိုသည့် သီချင်းကို ဖျော်ဖြေတင်ဆက်ရာ ပရိသတ်များ တစ်ခဲနက်အားပေးမှု ရရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား အနုပညာအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ပြုံချမ်းဆောင်းရာသီအိုလံပစ်ပွဲတော်တွင် ဖျော်ဖြေတင်ဆက်ရန် ဖေဖော်ဝါရီ ၆ ရက်နေ့ကတည်းက တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အီရန်နျူကလီးယား သဘောတူညီချက် အကောင်အထည်ပေါ် ပါ့မလား

**တင်လင်းအောင်**




အနောက်အင်အားကြီးနိုင်ငံတွေအနေနဲ့ အီရန်နိုင်ငံနဲ့ အခြားအချက်တွေကို ညှိနှိုင်းဆွေးနွေးမှုမလုပ်ခင် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်သင့်ကြောင်း လူထုဆန္ဒခံယူပွဲမှာ အဆင့်မြင့် အီရန်အရာရှိတစ်ဦးက ပြောခဲ့ပါတယ်။

**ဆက်လက်ဆွေးနွေး**

အခုဆိုရင် အနောက်အင်အားကြီးနိုင်ငံတွေက အီရန်ကို အခြားအရေးဆွေးနွေးမှုတွေမှာ ပါဝင်ဖို့ ကမ်းလှမ်းတာ၊ တိုက်တွန်းတာတွေ လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အဖြေကတော့ ရှင်းပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၂၀၁၅ ခုနှစ် အီရန် နျူကလီးယားသဘောတူညီချက်ကို အရင်ဆုံး အကောင်အထည်ဖော်ဖို့ပါပဲ။ ပြီးမှ ကျန်တဲ့ကိစ္စတွေကို ဆက်လက်ဆွေးနွေးဖို့ပဲ ဖြစ်ပါတယ်လို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဘက်စ် အာရက်ချီက ဖေဖော်ဝါရီ ၈ ရက် ပါရီညီလာခံမှာ ပြောကြားခဲ့ပါတယ်။

အာရက်ချီရဲ့ အကြံပြုချက်ဟာ ဂိုဏ်းဂဏတွေကွဲပြားနေတဲ့ သူတစ်လူငါတစ်မင်း ကြီးစိုးနေတဲ့ အီရန်အပေါ် တင်းကျပ်တဲ့ အနောက်အင်အားကြီးနိုင်ငံတွေရဲ့ သဘောထားနဲ့ တစ်ထပ်တည်း ကျ၊ မကျဆိုတာကိုတော့ ကျိန်းသေ မပြောနိုင်သေးပါဘူး။

အီရန်နိုင်ငံမှာ မတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတဲ့အပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိုဘားမားအစိုးရလက်ထက်က သဘောတူခဲ့တဲ့ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်အပေါ် ပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဘာဖြစ်လို့ ပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်သလဲဆိုရင် အဲဒီသဘောတူညီချက်ဟာ အမေရိကန်အနေဖြင့် ဒေါ်လာသန်းပေါင်းများစွာကို ဖိနှိပ်ခံအစိုးရလက်ထဲ ပြန်ရောက်စေလို့ပဲဖြစ်ပါတယ်။ အီရန်ပိုင်ငွေကြေးတွေဟာ ၁၉၇၉ ခုနှစ် အစ္စလာမ့်တော်လှန်ရေးပြီး ကတည်းက လည်ပတ်စီးဆင်းမှု မရှိခဲ့ရာမှ အကယ်၍ အီရန်ကသာ ၎င်းရဲ့ နျူကလီးယားအစီအစဉ်ကို ဟန့်တားထိန်းချုပ်ခဲ့မယ်ဆိုပါက ၎င်းငွေကြေးတွေဟာ အီရန်နိုင်ငံကို ပြန်ရောက်ရှိမှာဖြစ်ပါတယ်။

**သည်းခံနိုင်မှုကို လျော့နည်းစေ**

အဲဒီလိုမျိုးသာဖြစ်မယ်ဆိုပါက အီရန်နိုင်ငံရဲ့အခြေအနေဟာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေရောက်ရှိဖို့ မျှော်လင့်ချက်ရောင်ခြည်တွေ သန်းလာနိုင်တဲ့ အလားအလာတွေရှိလာမှာဖြစ်ပါတယ်။ အီရန်နျူကလီးယား သဘောတူညီချက်ဟာ အီရန်တွေရဲ့အမြင်တွေကို ပိုမိုကျယ်ပြန့်စေတာမှန်သော်လည်း သည်းခံနိုင်မှုကိုတော့ လျော့နည်းစေပါတယ်။

အဲဒီ အီရန်နျူကလီးယားသဘောတူညီချက်ဟာ အကျိုးသက်ရောက်မှုတွေရှိစေပါတယ်။ အီရန်ရဲ့ စီးပွားရေးဟာ ၂၀၁၆ ခုနှစ်မှာ ၇ ရာခိုင်နှုန်းလောက် တိုးတက်လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အဲဒီထက် ပိုမိုတိုးတက်လာဖို့ မျှော်လင့်ရပါတယ်။ ရေနံထုတ်လုပ်မှုဟာလည်း အလားအလာကောင်းတဲ့ အနေအထားမှာရှိပါတယ်။ မည်သို့ပင်ဆိုစေ တိုးတက်ဖွံ့ဖြိုးလာမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အီရန်ရဲ့တိုးတက်လာတဲ့ လူဦးရေနဲ့ မမျှတဘူးဖြစ်နေပါတယ်။ အီရန်ဟာ တိုးတက်ဖို့ ရှေ့ကိုလျှောက်လေလေ နောက်ပြန်ဆွဲတဲ့ အကြောင်းတရားတွေနဲ့ ရင်ဆိုင်ရလေလေလား မသိတော့ပါ။

**အဟန့်အတားတွေပဲဖြစ်**

ခေါင်းမာတဲ့ တော်လှန်ရေး အစောင့်တပ်ဖွဲ့တွေ လွှမ်းမိုးမှုကြောင့် အကျင့်ပျက်ခြစားမှုဖြစ်နေတဲ့ စီးပွားရေးစနစ်။ ဒါတွေဟာ မတည်ငြိမ်မှုတွေ ဂယက်ရိုက်မှုတွေဖြစ်စေသလို ဘာသာရေး အင်စတီကျူးရှင်း အတော်များများကလည်း အီရန်နိုင်ငံရဲ့ စီးပွားရေးကို လက်ဝါးကြီးအုပ်ထားပါတယ်။ အဲဒီအချက်ဟာ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အဟန့်အတားတွေပဲဖြစ်ပါတယ်။

သမ္မတ ဒေါ်နယ်ထရန့်ဟာ ဝရုန်းသုန်းကားဖြစ်နေတဲ့ အခြေအနေတွေကို အသုံးချပြီး နျူကလီးယားသဘောတူစာချုပ်နှင့်ပတ်သက်ပြီး ပြန်လည်လုပ်ဆောင်ချင်ပုံရပါတယ်။ အဲဒါက အီရန်ကို နျူကလီးယားလုပ်ဆောင်မှုတွေ ပြန်လည်စတင်ဖို့ လွတ်လပ်ခွင့်ပေးသလိုဖြစ်နိုင်ပါတယ်။ အချို့အမေရိကန်အရာရှိတွေနဲ့ လေ့လာဆန်းစစ်သူတွေကတော့ အီရန်အစိုးရကို ဖြုတ်ချချင်နေကြပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ သူမသိတဲ့ အကြောင်းအရာတွေမှာ သဘောထားကြီးပေးဖို့ လိုအပ်ပြီး တခြားနိုင်ငံရေးမှာ တိုက်ရိုက်ပါဝင်မှုတွေကို သတိထားလုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။ အမေရိကန်ဟာ အီရန်နဲ့ သမိုင်းကြောင်း မကောင်းခဲ့တဲ့ အချိန်တွေရှိခဲ့ပါတယ်။ အဲဒီတော့ အမေရိကန်နိုင်ငံအနေနဲ့ ပြည်ပမှာ နိုင်ငံရေး၊ လူမှုရေးနဲ့ပတ်သက်ပြီး စည်းဝါးရိုက်တဲ့နေရာမှာ လိပ်ပြာသန့်သန့်နဲ့ ဆောင်ရွက်ဖို့ဆိုတာ မလွယ်လောက်ပါဘူး။

**အပျက်သဘောဆောင်နေ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရရဲ့ အီရန်နိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒဟာ အပျက်သဘောဆောင်နေကြောင်းနဲ့ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနဲ့ နျူကလီးယားသဘောတူညီချက်တွေကို ချိုးဖောက်နေကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဘက်စ် အာရက်ချီက ပြောခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်ဟာ ညှိနှိုင်းရခက်တဲ့ အဆိုးဆုံးသဘောတူညီချက်ရဲ့ နောက်ဆုံးအခွင့်အရေးဖြစ်တယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် သတိပေးမှုနဲ့အတူ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့ဟာ ၂၀၁၅ သဘောတူညီချက်ကို တစ်ဖက်က ထိန်းသိမ်းရင်း တခြားတစ်ဖက်ကလည်း အီရန်ရဲ့ ဒုံးကျည်စမ်းသပ်မှုနဲ့ ဒေသတွင်း လွှမ်းမိုးမှုတို့ကို ဖော်ပြခဲ့ကြပါတယ်။

အရှေ့အလယ်ပိုင်းကို လွှမ်းမိုးလာမှုနဲ့ နျူကလီးယား သဘောတူညီချက်ဟာ သက်ဆိုင်မှုမရှိကြောင်း ပါရီမြို့၌ ကျင်းပသော ဥရောပငွေကြေးဆိုင်ရာ ညီလာခံတွင် အီရန်ဒုတိယနိုင်ငံခြားရေး ဝန်ကြီး အက်ဘက်စ်အာရက်ချီက ပြောကြားခဲ့ပါတယ်။

**ထုတ်လုပ်မှု တားမြစ်**

နိုင်ငံတကာအရေးယူပိတ်ဆို့မှုတွေ ဖယ်ရှားပြီး အပြန်အလှန်အနေနဲ့ အီရန်ကလည်း နျူကလီးယား သဘောတူညီချက်အတိုင်း အီရန်ဟာ ၎င်းရဲ့ ယူရေနီယံ ထုတ်လုပ်မှုကို တားမြစ်ခဲ့ပါတယ်။ ယူရေနီယံဟာ နျူကလီးယားဗုံးပြုလုပ်ရာနဲ့ စွမ်းအင်ထုတ်လုပ်ရာမှ အလွန်အရေးကြီးတဲ့ အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။

အီရန်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံတွေက ပြောကြားလျက်ရှိတဲ့ ၎င်းရဲ့ဒုံးကျည်အစီအစဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတော် ခုခံကာကွယ်ရန်အတွက် ဟုဆိုကာ ထပ်ခါတလဲလဲ ငြင်းဆိုမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

အီရန်က ၎င်းရဲ့ နျူကလီးယား အစီအစဉ်ဟာ ငြိမ်းချမ်းရေးအတွက်ဟု ပြောကြားခဲ့ပြီး အခြားစာချုပ်နိုင်ငံတွေက နျူကလီးယားစာချုပ်အပေါ် လေးစားနေသမျှကာလပတ်လုံး ၎င်းအနေနဲ့လည်း သဘောတူညီချက်ကို လိုက်နာသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ သို့သော်လည်း အမေရိကန်ကသာ အဆိုပါသဘောတူညီချက်မှ ထွက်ခွာသွားခဲ့ပါက နျူကလီးယားသဘောတူညီချက်ဟာ စိုးရိမ်ပူပန်ရမယ့် အနေအထားတစ်ရပ်ဖြစ်လာမှာဖြစ်ပါတယ်။

**တင်းမာမှု ဖန်တီးနေ**

အီရန်နိုင်ငံရဲ့ ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုတွေဟာ တည်ငြိမ်မှုမရှိကြောင်း အနောက်နိုင်ငံတွေရဲ့ ပြောဆိုမှုတွေအပေါ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဘက်စ်အာရက်ချီက လျစ်လျူရှုထားပါတယ်။ အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနဲ့ ဆော်ဒီအာရေဗျတို့ဟာ အရှေ့အလယ်ပိုင်းနဲ့ တင်းမာမှုဖြစ်အောင် ဖန်တီးနေတယ်လို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဘက်စ်အာရက်ချီက စွပ်စွဲခဲ့ပါတယ်။

တကယ်လို့သာ ဆော်ဒီအာရေဗျနှင့် ၎င်းရဲ့ပင်လယ်ကွေ့မဟာမိတ်တွေ အချင်းချင်း အီရန်နိုင်ငံနဲ့ အားပြိုင်မှုဟာ မာန်ဟုန်ပြင်းပြင်း အာဏာကုန်ခွင်းလျက်ရှိပါတယ်။ သူတို့ဟာ ဆယ်စုနှစ်အတော်ကြာကြာ အနောက်အုပ်စုရဲ့ အဓိကကုန်သွယ်မှုနဲ့ လုံခြုံရေးဆိုင်ရာ မိတ်ဖက်တွေပဲဖြစ်ပါတယ်။ အကယ်၍များ သူတို့ဟာ အချင်းချင်း ကွဲကြပြဲကြမယ်ဆိုရင် ဒါမှမဟုတ် စစ်ခင်းကြမယ်ဆိုရင် အီရန်အနေနဲ့ ဒီအခြေအနေမှာ အမြတ်ထွက်လာမှာဖြစ်ပြီးတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ အရှုံးပေါ်မှာဖြစ်ကြောင်း အခြားအမေရိကန်သံတမန်တစ်ဦးက ပြောခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အမြဲပဲ အကြမ်းဖက်ဝါဒကို တိုက်ခိုက်ခဲ့တဲ့သူတွေပါ။ အီရန်ဟာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးရရှိရန်အတွက် အရေးကြီးတဲ့ အခန်းက ပါဝင်ပါတယ်။ ဒါဟာ နျူကလီးယား သဘောတူညီချက်နဲ့ ကျွန်တော်တို့ရဲ့ဒေသတွင်းအခန်းကဏ္ဍတွေ ဆက်စပ်မှု မရှိပါဘူးလို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီးလည်းဖြစ် အီရန်နျူကလီးယားဆွေးနွေးပွဲ စေ့စပ်ညှိနှိုင်းသူလည်းဖြစ်တဲ့ အက်ဘက်စ်အာရက်ချီက ဆိုပါတယ်။

**အောင်မြင်စေချင်**

ဥရောပ အင်အားကြီးနိုင်ငံတွေအနေနဲ့ ၂၀၁၅ နျူကလီးယားသဘောတူညီချက်ကို အကောင်အထည်ဖော်ပြီး ထရန့်ရဲ့ဆန္ဒကို ချွေးသိပ်ချင်ကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ ဗြိတိန်ဝန်ကြီး အလီစတိုင်ဘာ့တ်က ပြောပါတယ်။ သို့သော် အီရန်ရဲ့ ဒေသတွင်းဆောင်ရွက်ချက်တွေအပေါ် အနောက်နိုင်ငံတွေရဲ့ စိုးရိမ်မှုတွေ လျော့နည်းအောင်လုပ်ဆောင်သင့်တယ်လို့ သူက ဆက်ပြောပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ဥရောပမိတ်ဖက်တွေက လုံးဝကို ရှင်းပါတယ်။ နျူကလီးယား သဘောတူညီချက်ကို အောင်မြင်စေချင်ပါတယ်။ သို့သော်လည်း အီရန်နဲ့ နျူကလီးယား သဘောတူညီချက် ညှိနှိုင်းမှုတွေ လုပ်ဆောင်တဲ့အခါမှာတော့ ကျဆုံးတာမျိုး မဖြစ်စေချင်ဘူးလို့ သူက ဆိုပါတယ်။ ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် အကောင်အထည်ဖော်ဖို့ဆိုတာ အီရန်နဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ နားလည်မှုရှိမှ ရမှာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ပါက အောင်မြင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ကြောင်း။ ။

ကိုးကား- ရိုက်တာ

> "မည်သို့ပင်ဆိုစေ တိုးတက်ဖွံ့ဖြိုးလာမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အီရန်ရဲ့ တိုးတက်လာတဲ့ လူဦးရေနဲ့ မမျှတဘူးဖြစ်နေပါတယ်၊ အီရန်ဟာ တိုးတက်ဖို့ ရှေ့ကိုလျှောက်လေလေ နောက်ပြန်ဆွဲတဲ့ အကြောင်းတရားတွေနဲ့ ရင်ဆိုင်ရလေလေလား မသိတော့ပါ"















# မြန်မာသဒ္ဒါသင်ကြားရေး (၄၀)

**မောင်ခင်မင်(ဓနုဖြူ)**

"နာမ်အကြောင်းတော့ တော်တော်သိသွားပါပြီ၊ ကြိယာနဲ့ ပတ်သက်ပြီး သိကောင်းစရာကလေးတွေ သိပါရစေဦးဆရာ"

"ကြိယာနဲ့ပတ်သက်ပြီး တခြားပညာရှင်တွေရဲ့သတ်မှတ်ပုံတွေ တော်တော်ပြောပြီးပါပြီ၊ ကြိယာရဲ့ ကွဲပြားခြားနားတဲ့ လက္ခဏာတစ်ခုကတော့ အရင်ပြောဖူးတဲ့အတိုင်း၊ မဟုတ်သဘောပြတဲ့ 'မ'ရှေ့ဆက်နဲ့ ကြိယာမှန်သမျှတွဲနိုင်တဲ့အချက်ပဲ၊ တခြားဝါစင်္ဂတွေကို မ-ရှေ့ဆက်တွဲလို့မရပါဘူး"

"ဟုတ်ကဲ့၊ 'မသွား၊ မလာ၊ မစား၊ မနေ'လို့ မ-ဆက်တာမျိုးပေါ့နော်ဆရာ"

"ဟုတ်ပါတယ်၊ အဲဒီမှာ 'နာမဝိသေသန'နဲ့၊ 'ကြိယာ' ပြဿနာကိုလည်း မ-ရှေ့ဆက်နဲ့ ဖြေရှင်းနိုင်တယ်၊ ဖြူ၊ နီ၊ ပူ၊ အေးစတဲ့စကားလုံးတွေကို ဂုဏ်ရည်ပြကြိယာလို့ခေါ်တယ် မဟုတ်လား၊ ရှေ့မှာပြောပြီးပါပြီ၊ အဲဒီစကားလုံးတွေရဲ့ရှေ့မှာ မဟုတ်ပြ 'မ'ရှေ့ဆက်တွဲနိုင်တာချည်းပဲလေ၊ ဒါကြောင့်ကြိယာအဖြစ် အခိုင်အမာသတ်မှတ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အရင်လည်း ပြောဖူးပါတယ်၊ မြန်မာစကားက ဂုဏ်ရည်ပြကြိယာတွေဟာ အင်္ဂလိပ်စကားက adjective တွေနဲ့ အတူတူပါပဲတဲ့၊ အင်္ဂလိပ်စကားမှာ verb နဲ့၊ adjective နဲ့ကွဲပြားပေမယ့် မြန်မာစကားမှာတော့ ဂုဏ်ရည်ပြကြိယာတွေဟာ ကြိယာမျိုးခွဲတစ်ခုပါပဲ၊ မြန်မာစကားမှာတော့ နာမဝိသေသနကို ကြိယာရဲ့မျိုးခွဲတစ်ခုလို့ သတ်မှတ်ကြတယ်"

"ဆရာအရင်ပြောဖူးလို့ သဘောပေါက်နေပါပြီဆရာ"

"နောက်ပြီးတော့ ကြိယာနောက်က 'ကြ၊ ခဲ့၊ သေး၊ တယ်၊ မယ်၊ ပြီ၊ ဘူး'ဆိုတဲ့ နောက်ဆက်ပစ္စည်းတွေ တွဲနိုင်တယ်၊ အဲဒီအချက်တွေအရ ကြိယာလို့ သတ်မှတ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကြိယာအမျိုးအစားခွဲပုံ တစ်မျိုးအကြောင်းပြောဦးမယ်၊ ဝါကျထဲမှာကြိယာနဲ့ တွဲသုံးနိုင်တဲ့ 'သက်ရှိသက်မဲ့'အရေအတွက်အရ ကြိယာကို သုံးမျိုးခွဲနိုင်တယ်"

"ဘယ်လိုပါလဲဆရာ"

"သက်ရှိသက်မဲ့ဆိုတာက ခြုံမိအောင်ပြောတာပါ၊ 'ပါဝင်သူ'လို့သုံးကြည့်ရအောင်၊ ပါဝင်သူတစ်ဦးပဲရှိရင် အဲဒီကြိယာကို intransitive verb လို့ခေါ်တယ်၊ 'ငို၊ အိပ်ပြေး' ဆိုတဲ့ကြိယာမျိုးတွေပေါ့၊ ဝါကျထဲမှာသုံးရင် ကလေးငိုတယ်၊ အဖေအိပ်တယ်၊ မြင်းပြေးတယ်'ဆိုတာမျိုးပါဝင်သူတစ်ဦးတည်းနဲ့ သုံးလို့ရတယ်၊ အဓိပ္ပာယ်ပြည့်စုံတယ်"

"သြော်"ပါဝင်သူ ၂ ဦးပါရင်တော့ transitive verb လို့ခေါ်တယ်၊ 'ရိုက်၊ သတ်၊ ထု'ဆိုတဲ့ ကြိယာမျိုးတွေပေါ့၊ 'ကလေးကခွေးကို ရိုက်တယ်၊ လူဆိုးက ခရီးသည်ကိုသတ်တယ်၊ အဖေကကြေးစည်ကို ထုတယ်'ဆိုတာမျိုးမှာ အဲဒီကြိယာတွေနဲ့အတူ ပါဝင်သူနှစ်ဦးစီရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အဲ...ပါဝင်သူ သုံးဦးပါရင်တော့ ditransitive verb လို့ခေါ်တယ်၊ 'ပေး၊ ငှား၊ဝယ်'ဆိုတဲ့ ကြိယာမျိုးတွေလေ၊ 'ဆရာကကျွန်တော့်ကို စာအုပ်ပေးတယ်၊ ကျွန်တော်သူ့ကို ကင်မရာငှားတယ်၊ အမေဈေးက ပန်းဝယ်တယ်'ဆိုတဲ့ ဝါကျတွေမှာ ပါဝင်သူ သုံးဦးစီပါမှ အဓိပ္ပာယ်ပြည့်စုံတယ်လေ"

"နားလည်ပါပြီဆရာ"

"နောက်ကြိယာတွေရဲ့ ကြာတဲ့အချိန်အတိုင်းအတာ၊ အဆုံးသတ်နေရာရှိ မရှိဆိုတဲ့ အချက်တွေနဲ့ စိစစ်တာလည်း ရှိတယ်၊ 'ကြိုးပြတ်တယ်'ဆိုတဲ့ အသုံးမှာ 'ပြတ်'ဆိုတဲ့ ကြိယာဖြစ်တဲ့ အချိန်ကသိပ်တိုတောင်းတယ်၊ အခြေအနေတစ်ခုကတစ်ခုကို ရုတ်တရက်ပြောင်းလဲသွားတာမို့ အဆုံးသတ်နေရာရှိတယ်၊ 'ထမင်းစားတယ်'ဆိုတဲ့ အသုံးမှာတော့ 'စား' ဆိုတဲ့ ကြိယာဟာ ဘယ်အချိန် ဘယ်နေရာမှာ ဆုံးရမယ် ဆိုတဲ့ သတ်မှတ်ချက်မရှိဘူး၊ ပြီးချင်တဲ့နေရာမှာ ပြီးလို့ရတယ်၊ ဒါကြောင့် အဆုံးသတ်အမှတ်မရှိဘူး"

"သြော်... စိတ်ဝင်စားဖို့ကောင်းတယ်နော်၊ ကျွန်မတို့ အဲဒီလို တစ်ခါမှမစဉ်းစားဖူးပါဘူးဆရာ"

"အင်း 'နေ'ဆိုတဲ့ကြိယာထောက်က အချိန်အတိုင်းအတာကို ရှည်အောင်ဆွဲထားနိုင်တယ်၊ 'ပြတ်နေတယ်' လို့ပြောရင်ပြတ်တဲ့ အနေအထားရှိနေသေးတယ်လို့ ဆိုလိုတာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အဲဒီလိုလေ့လာစရာတွေ အများကြီးပါပဲကွယ်၊ သိသာရုံလောက်ပြောပြတာပါ"

"ဟုတ်ကဲ့ပါ"

"ဒီသဒ္ဒါစာအုပ်မှာလည်း ကြိယာဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ်သတ်မှတ်တာကို တွေ့ရတယ်၊ 'သိပ်၊ အခု၊ ခဏ၊ ခုနက၊ တကယ်'ဆိုတာမျိုးတွေပေါ့၊ သတိထားမိတာက တချို့ပညာရှင်တွေက နာမဝိသေသနရယ်၊ ကြိယာဝိသေသနရယ် သီးသန့်မခွဲဘဲ အထူးပြုဆိုပြီး ယူကြတယ်၊ တချို့ကတော့ ကြိယာဝိသေသနကို ဝါစင်္ဂတစ်ခုအနေနဲ့ သီးသန့်ယူကြတယ်"

"အဲ... နာမဝိသေသနဆိုပြီး သီးသန့်ယူတာမျိုးတော့ မတွေ့ရဘူးဆိုတဲ့ အချက်ပဲ"

"သဘောပေါက်ပါပြီဆရာ"

"ပစ္စည်းကိုတော့ markers နဲ့၊ particles ဆိုပြီး နှစ်မျိုးခွဲတယ်၊ markers က နောက်ဆက်ပစ္စည်းတွေပဲ၊ နာမ်နောက်က ဆက်ရတဲ့ 'တွေ၊ တို့၊ က၊ ကို၊ မှာ၊ နဲ့' စတဲ့ ပစ္စည်းတွေ၊ ကြိယာနောက်ကဆက်ရတဲ့ 'ကြ၊ သေး၊ အုန်း(ဦး)၊ တယ်၊ မယ်၊ ဘူး၊ ချင်၊ စေ' ဆိုတဲ့ ပစ္စည်းတွေ၊ နာမ်နဲ့ရော၊ ကြိယာနဲ့ရော ဆက်လို့ရတဲ့ 'လောက်၊ လို၊ ဖို့၊ ကတည်းက၊ တိုင်း' ဆိုတဲ့ ပစ္စည်းတွေကို သာဓကပြထားတယ်"

"ဆရာ၊ အဲဒီပစ္စည်းတွေထဲမှာ 'သေး' နဲ့၊ 'ဦး' က ဘာတွေပါလဲ ဆရာ၊ ကျွန်မရုတ်တရက် စဉ်းစားမရလို့ပါ"

"သြော်... ဆိုပါတော့၊ 'ကျန်သေးတယ်၊ ရှိသေးတယ်' လို့သုံးရင် 'သေး'ဟာ ဆက်ပြီးရှိနေတဲ့အဓိပ္ပာယ်ပေါ့၊ 'လာဦးမယ်၊ ပြောဦးမယ်'လို့သုံးရင် 'ဦး'ဟာ နောက်ထပ်လုပ်မယ့် အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"နောက်ဆက်ပစ္စည်းတချို့က ဝါကျခွဲတွေ၊ ဝါကျတွေမှာသုံးတယ်၊ 'လို့၊ ပေမယ့်၊ ရင်' ဆိုတာမျိုးတွေပေါ့၊ 'ဟုတ်တယ်တဲ့၊ လာမယ်တဲ့' ဆိုတဲ့အသုံးမှာ 'တဲ့'က တစ်ဆင့်ပြန်ပြောတဲ့နေရာမှာသုံးတဲ့ ပစ္စည်းမဟုတ်လား၊ အဲဒီပစ္စည်းတွေ သာဓကပြထားတယ်"

"ဟုတ်ကဲ့၊ မှတ်သားစရာပါ ဆရာ"

"ဒီသဒ္ဒါစာအုပ်မှာ particle လို့ခေါ်တဲ့ ပစ္စည်းတွေကတော့ စကားစဉ်တစ်ခု၊ စကားရပ်တစ်ခုမှာ သုံးတဲ့ပစ္စည်းတွေပဲ၊ ဆရာပြောခဲ့တဲ့ ဂျွန်အိုကယ်ရဲ့သဒ္ဒါထဲက နောက်လိုက်ပစ္စည်းတွေနဲ့ သဘောချင်းတော်တော်တူပါတယ်၊ အမေးစကားမှာသုံးတဲ့ 'လဲ တို့၊ လား'တို့၊ ပြီးတော့ ဝါကျအဆုံးမှာသုံးတဲ့ 'နော် တို့၊ လေ' တို့လို ပစ္စည်းတွေပဲ၊ စကားအဆုံးသတ်တဲ့ 'ခင်ဗျာ၊ ရှင်၊ ကွာ၊ ကွယ်' ဆိုတဲ့ အသုံးတွေလည်း ပါပါတယ်"

"ဟုတ်ကဲ့ပါ"

"အခုဆရာပြောနေတဲ့ သဒ္ဒါသင်ကြားရေးကိစ္စတွေလည်း ပါပါတယ်"

"ဆရာ ဆရာမတွေ လေ့လာဖို့ ပဓာနထားပြီး ပြောနေတာပါ၊ သင်ကြားတဲ့သူတွေက ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်လေ့လာထားမှ ကျောင်းသားတွေ သဘောပေါက်အောင် သင်နိုင်မှာပေါ့"

"ဟုတ်ကဲ့၊ ဒီလိုဆိုရင် ဝါစင်္ဂဘယ်နှမျိုးသတ်မှတ်ရမှာလဲ ဆရာ"

"သြော်... ခက်နေပါပြီ၊ ဆရာက ဝါစင်္ဂဘယ်နှမျိုးသတ်မှတ်ရမယ်လို့ ပြောရုံနဲ့ ဒီပြဿနာတွေ ပြီးသွားမှာမှ မဟုတ်တာ၊ ဝါစင်္ဂသတ်မှတ်ပုံတွေကို ဆရာလက်လှမ်းမီသလောက် ခေတ်အဆက်ဆက်အယူအဆတွေကို အခုဆရာပြောပြပြီးပြီလေ၊ ဒီပြဿနာမျိုးဟာ အမှားနဲ့အမှန်ဆိုပြီး အဖြေနှစ်ခုတည်းရှိတဲ့ ပြဿနာမျိုးမဟုတ်ဘူး၊ အယူအဆအမျိုးမျိုးရှိနိုင်တာမို့ မြန်မာစကားမှာတကယ်ရှိတဲ့ ဝါစင်္ဂတွေကို အရှိအတိုင်း ဖော်ထုတ်ပြနိုင်အောင် ကြိုးစားဖို့ပဲလေ"

"ဟုတ်ကဲ့"

"ခုပြောပြီးသမျှ ပြန်သုံးသပ်ကြည့်ရင် နာမ်နဲ့ကြိယာကတော့ အရင်းခံအကျဆုံးဝါစင်္ဂတွေဆိုတာ တွေ့နိုင်ပါတယ်၊ ပညာရှင်အားလုံးက နာမ်နဲ့ ကြိယာကိုဝါစင်္ဂအဖြစ် လက်ခံကြတယ်၊ အယူအဆမကွဲကြဘူး"

"ဟုတ်ပါတယ် ဆရာ"

"အဲ... ပစ္စည်းကျတော့ အများစုက ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်တယ်၊ တချို့ကတော့ 'ပစ္စည်း'ဟာ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ စကားလုံးမဟုတ်ဘူး၊ စကားလုံးတွေကို တွဲစပ်ရတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုပြီး ဝါစင်္ဂအဖြစ် မသတ်မှတ်ကြဘူး၊ တချို့ကလည်း ပစ္စည်းတွေထဲမှာ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့ ပစ္စည်းကိုတော့ ဝါစင်္ဂအဖြစ် သတ်မှတ်တယ်၊ အဲဒီလို ကွဲပြားတာတွေလည်း ရှိတယ်"

"အာမေဍိတ်ကို ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်တဲ့ ပညာရှင်တွေရှိတယ်၊ အာမေဍိတ်တွေကို နေ့စဉ်သုံးနေတာမို့ ဝါစင်္ဂတစ်ခုခုထဲတော့ ထည့်ရမှာပဲလေ၊ တချို့က နာမ်ထဲ၊ ကြိယာထဲ ထည့်ပေမယ့် တချို့ကတော့ ဝါစင်္ဂတစ်ခုအဖြစ် သီးသန့်ခွဲပြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ရှေ့မှာ ပြောခဲ့တဲ့အတိုင်း နာမဝိသေသနနဲ့ ကြိယာဝိသေသန သီးခြားမခွဲတော့ဘဲ အထူးပြုလို့ သတ်မှတ်တာလည်း ရှိတယ်၊ ကြိယာဝိသေသနကိုပဲ သီးခြားဝါစင်္ဂအဖြစ် သတ်မှတ်တာလည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုပဲ နာမ်စားကို နာမ်အမျိုးအစားတွဲတာမျိုးရှိသလို သီးခြားဝါစင်္ဂအဖြစ် သတ်မှတ်တာမျိုးလည်း ရှိတာပဲလေ"

"ဆရာ့အနေနဲ့ဆိုရင် ဝါစင်္ဂဘယ်နှမျိုးသတ်မှတ်သင့်တယ်လို့ ထင်ပါသလဲဆရာ"

"ဟာ... မင်းတို့ဟာက ပြေးလို့မလွတ်တော့ပါလား၊ ဆရာတစ်ယောက်တည်းရဲ့ အယူအဆဆိုရင်တော့ နာမ်၊ ကြိယာ၊ ပစ္စည်းဆိုတဲ့ ဝါစင်္ဂသုံးမျိုးအပြင် အထူးပြုရယ်၊ အာမေဍိတ်ရယ် ထည့်ပြီး ဝါစင်္ဂငါးမျိုးလို့သတ်မှတ်တာ သင့်တော်တယ်လို့ထင်တယ်၊ ကဲ... ဝါစင်္ဂအကြောင်း ဒီလောက်နဲ့ပဲ တော်ကြပါစို့"။

> **"မြန်မာစကားက ဂုဏ်ရည်ပြကြိယာတွေဟာ အင်္ဂလိပ်စကားက adjective တွေနဲ့ အတူတူပါပဲတဲ့၊ အင်္ဂလိပ်စကားမှာ verb နဲ့၊ adjective နဲ့ကွဲပြားပေမယ့် မြန်မာစကားမှာတော့ ဂုဏ်ရည်ပြကြိယာတွေဟာ ကြိယာမျိုးခွဲတစ်ခုပါပဲ၊ မြန်မာစကားမှာတော့ နာမဝိသေသနကို ကြိယာရဲ့မျိုးခွဲတစ်ခုလို့ သတ်မှတ်ကြတယ်"**

# အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားစေသည့် အဆိပ်ရှိသောပရိုတိန်းကို သွေးစစ်၍ ရှာဖွေနိုင်ပြီ

*ကလျာမိုးမြင့်*

အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုနဲ့ ဆက်နွှယ်နေတဲ့ အဆိပ်သင့်ပရိုတိန်းတွေ ဖွဲ့စည်းလာမှုကိုစုံစမ်းသိရှိနိုင်တဲ့ သွေးစစ်ဆေးမှုတစ်ခုကို ဂျပန်နိုင်ငံနဲ့ ဩစတြေးလျနိုင်ငံမှ ဆေးပညာရှင်တွေက အဆင့်မြှင့်တင်ခဲ့ကြပါတယ်။

Nature ဂျာနယ်မှာ ပုံနှိပ်ဖော်ပြခဲ့တဲ့ အဲဒီစမ်းသပ်ဆောင်ရွက်မှုဟာ ရှုးသွပ်ခြင်းနဲ့ပတ်သက်ပြီး သွေးစစ်တဲ့အရေးကြီးသော ခြေလှမ်းအဆင့်တစ်ခုဖြစ်တယ်လို့ သိရပါတယ်၊ ဒီစစ်ဆေးမှုကို မှတ်ဉာဏ်ပျောက်ဆုံးနေတဲ့ ကျန်းမာရေးကောင်းမွန်သူတွေနဲ့ အယ်လ်ဇိုင်းမားဝေဒနာရှင်တွေကို စစ်ဆေးစမ်းသပ်လိုက်တဲ့အခါမှာ ၉၀ ရာခိုင်နှုန်း တိကျမှုရှိနေတာကို တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။

ဆေးပညာအရ ခုလိုချဉ်းကပ်ဆောင်ရွက်မှုဟာ အစောပိုင်းအဆင့်မှာ ရောက်ရှိနေဆဲသာဖြစ်ပြီး နောက်ထပ်စမ်းသပ်စစ်ဆေးမှုတွေ ထပ်မံပြုလုပ်သွားဖို့လိုအပ်မှာ ဖြစ်ပါတယ်၊ ဒါပေမယ့် ခုချိန်ထိတော့ တော်တော်လေးအလားအလာကောင်းနေတဲ့ စစ်ဆေးမှုတစ်ခုပါ။

**ဦးနှောက်ကိုစကင်ဖတ်စစ်ဆေးခြင်း**

အယ်လ်ဇိုင်းမားရောဂါဟာ လူနာတွေက မှတ်ဉာဏ်ဆုံးရှုံးတဲ့လက္ခဏာ တစ်ခုခုပေါ် မလာမီ နှစ်အနည်းငယ်လောက်မှာစပြီး ဖြစ်ပွားပါတယ်၊ ရှုးသွပ်ခြင်းကို အဓိကကုသတဲ့နည်းလမ်းကတော့ ဦးနှောက်ဆဲလ်တွေကိုအမြဲ ဆုံးရှုံးရမှုမဖြစ်ခင်မှာ ကြိုတင်ပြီး စောစီးစွာကုသမှုခံယူရမှာ ဖြစ်ပါတယ်၊ ဒါကြောင့်လည်း အယ်လ်ဇိုင်းမားရောဂါအတွက် စစ်ဆေးစမ်းသပ်မှုလုပ်ဖို့ သုတေသနမျိုးစုံကို ဆေးပညာရှင်တွေက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကာ အဖြေရှာဖွေနေကြတာဖြစ်ပါတယ်။

**ဦးနှောက်ကို စကင်ဖတ်စစ်ဆေးခြင်း**

ပထမ နည်းလမ်းတစ်ခုကတော့ ရောဂါဖြစ်ပွားစဉ်အတွင်း ဦးနှောက်ထဲမှာ စုပုံဖွဲ့စည်းလာတဲ့ အမိုင်လွိုက်ဘီတာ (Amyloid Beta)ခေါ် အဆိပ်ဖြစ်စေတဲ့ပရိုတိန်းကို ရှာဖွေတဲ့နည်းလမ်းဖြစ်ပါတယ်၊ ဦးနှောက် Scan ဖတ်စစ်ဆေးခြင်းအားဖြင့် ဒါကိုစစ်ဆေးသိရှိနိုင်တယ်၊ ဒါပေမယ့် ဒီနည်းဟာ ငွေကုန်ကြေးကျများမယ့် နည်းလမ်းတစ်ခုဖြစ်ပြီး လက်တွေ့မကျပါဘူး။

ဂျပန်နဲ့ ဩစတြေးလျတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်လိုက်တဲ့ ချဉ်းကပ်မှုအသစ်ဟာဆိုရင် သွေးစီးဆင်းမှုထဲမှာ အဆုံးသတ်သွားတဲ့ Amyloid အပိုင်းအစတွေကို ရှာဖွေတဲ့နည်းလမ်း ဖြစ်ပါတယ်၊ အမိုင်လွိုက်အပိုင်းအစ အမျိုးအစားတွေရဲ့ အချိုးအစားကို ဆုံးဖြတ်တွက်ချက်ခြင်းအားဖြင့် ကျွမ်းကျင်သူတွေဟာ ဦးနှောက်အတွင်းမှာ အမိုင်လွိုက်တွေပါဝင်မှုအဆင့်ကိုတိတိကျကျ ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။



ဦးနှောက်ထဲမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာကို တွေ့ရဖို့ သွေးထဲကို ကြည့်နိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်ဆိုတာကို ဒီလေ့လာမှုက အထင်အရှားပြသခဲ့ပါတယ်။ ပြီးတော့ ဒီနည်းလမ်းဟာ ဦးနှောက်ကို Scan ဖတ်စစ်ဆေးတဲ့နည်းလမ်းနဲ့စာရင် ငွေကုန်ကြေးကျလျော့ပါးသက်သာစေမယ့် နည်းလမ်းကောင်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

**ဘီဘီစီ**

# အပြစ်ကင်းတဲ့ ချစ်ခြင်းဖြစ်ပါစေ

**စိမ်း(ဥပဒေ)**

လူငယ်ဆိုတာ နိုင်ငံရဲ့အနာဂတ်၊ ကမ္ဘာကြီးရဲ့...မျှော်လင့်ချက်။ လူငယ်တွေ တော်မှ တိုင်းပြည်ကောင်းမှာ တိုင်းပြည်တစ်ပြည် ချင်းကောင်းမှ ကမ္ဘာကြီး ကောင်းမှာ။ လူငယ်တွေရဲ့အတွေး အခေါ်အယူအဆတွေဟာတစ်ချက်ကလေးမှားယွင်း တိမ်း စောင်းသွားတာနဲ့ နစ်နာသွားမှာက နိုင်ငံနဲ့လူမျိုး။

နိုင်ငံနဲ့လူမျိုးဆိုရာမှာလည်း နိုင်ငံတိုင်းလူမျိုးတိုင်းမှာ သူ့ယဉ်ကျေးမှု၊ သူ့မူပိုင်ဟန်၊ သူ့ဓလေ့ထုံးစံဆိုတာ ရှိစမြဲပါ၊ တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံကြီးမှာလည်း တိုင်းရင်းသားအသီးသီးရဲ့ယဉ်ကျေး မှုဓလေ့ထုံးစံလေးတွေဟာ ချစ်စရာအသီးသီးနဲ့ပါ။ ဟီရိ ဩတ္တပ္ပတရားကြီးမားပါတယ်ဆိုတဲ့ မြန်မာနိုင်ငံ မြန်မာလူမျိုး တွေရဲ့ ယဉ်ကျေးမှုထုံးထမ်းတွေကို ကမ္ဘာကအသိအမှတ်ပြု လေးစားလာအောင် လုပ်နိုင်တာကလည်း ယနေ့ခေတ်လူငယ် တွေပါပဲ။

### ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့

လွတ်လပ်တဲ့ဘဝ၊ နေထိုင်မှု၊ တွေးခေါ်မှုတွေနဲ့ဘဝကို ဖြတ်သန်းခွင့်ရနေတဲ့ တချို့သောလူငယ်တွေရဲ့ရင်ထဲမှာတစ်ခါ တလေ အတုယူလွဲမှားမှုလေးတွေ တွေ့မြင်နေရတာ အနည်း ငယ်တော့ စိတ်မကောင်းစရာပါ။

ရက် ၃၀ မှာစက်တင်ဘာ ဧပြီ ဇွန်နဲ့ နိုဝင်ဘာ၊ ကျန်လ များမှာ ၃၁ ဖေဖော်ဝါရီ ၂၈ ဆိုတဲ့စာချိုးလေးထဲက အင်္ဂလိပ် လပေါင်း ၁၂ လမှာယနေ့ခေတ် လူငယ်တွေကို အဆွဲဆောင် နိုင်ဆုံးနဲ့ လူငယ်တွေကြားမှာ active အဖြစ်ဆုံးလို့ တောင် ပြောလို့ရနေတဲ့ဒီလ ဖေဖော်ဝါရီ ၁၄ အကြောင်းပါ၊ ကျွန်မရေး ချင်နေတာကြာခဲ့ပါပြီ၊ ဒါပေမယ့် ကလေးတွေရဲ့အတန်းတင် စာမေးပွဲကိစ္စအတွက် လုံးပန်းနေရတဲ့လဖြစ်တာကြောင့် ပညာ ရေးဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကျွန်မအတွက် တကယ်ကို မအား မလပ်တဲ့အတွက် မရေးဖြစ်ခဲ့ပါဘူး၊ ဒီနှစ်တော့ ရေးဖြစ်အောင် ရေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အကောင်အထည်ဖော်ဖြစ်ခဲ့ ပါပြီ။

ဖေဖော်ဝါရီလဟာ မြန်မာနိုင်ငံအတွက် မမေ့ထိုက်တဲ့နေ့ နှစ်ခုရှိပါတယ်၊ ဒီနေ့တွေကတော့ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့နဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းရဲ့မွေးနေ့ ဖေဖော်ဝါရီလ ၁၃ ရက်တို့ဖြစ်ပါတယ်။

အဲဒီနေ့တွေရဲ့ကပ်လျက် အထိမ်းအမှတ်နေ့ ဖေဖော်ဝါရီ ၁၄ ရက်ဆိုရင်တော့ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့လူမျိုးတွေနဲ့ လားလားမှ မသက်ဆိုင်ပေမယ့် မြန်မာနိုင်ငံရဲ့အထင်ကရနေ့ တွေကို မေ့ထားကြပြီး ကိုယ်နဲ့မဆိုင်တဲ့တိုင်းတစ်ပါးက အထိမ်း အမှတ်နေ့အဖြစ် သူတို့ဘာသာသူတို့သတ်မှတ်ထားတဲ့ ချစ်သူ များနေ့ (Valentine Day) ကို ဒီကလူငယ်တွေ အတော် Active ဖြစ်နေတာ စိတ်မကောင်းစရာပါ။

လူငယ်ဘဝကိုကျော်လွန်ပြီး လူလတ်ပိုင်းကို ရောက်ရှိ နေတဲ့ ကျွန်မ ... ကျွန်မတို့နဲ့ ဘယ်လိုမျှ မသက်ဆိုင်တဲ့ အဲဒီ (Valentine Day) ကို စိတ်ဝင်တစားနဲ့ လက်လှမ်းမီ သလောက်လေ့လာဖို့ အကြံရလာတော့တာပဲ၊ ကျွန်မ ဘာကြောင့် စိတ်ဝင်စားတာလဲ အဖြေက ရှင်းပါတယ်၊ တိုးတက်လာတဲ့ခေတ်ကြီးမှာ လူတိုင်းသုံးနေတဲ့ Social Network ဆိုတဲ့ Facebook စာမျက်နှာပေါ်မှာ ဒီလို လမျိုးဆို ၁၄ ရက်နေ့အတွက် ဂယက်ထကြတာ မြင်မကောင်း အောင်ပါပဲ။

Online Shopping ဆိုတဲ့ဈေးရောင်းဈေးဝယ် Page တွေမှာလည်း ၁၄ ရက်အတွက် မဝယ် ဝယ်ချင်လာအောင် ပုံစံ အမျိုးမျိုးနဲ့ ဆွဲဆောင်နေကြတာလည်း နေ့စဉ်နှင့်အမျှပါပဲ၊ဘာ ပစ္စည်းတွေလဲဆိုတာ သိကြမှာပါ။ ကဗျာလေးတွေ စာလေး တွေနဲ့ အဲဒီနေ့အတွက်အကြို ရင်ခုန်နေတဲ့ လူငယ်စုံတွဲလေးတွေ ကိုလည်း Facebook ဖွင့်မိတိုင်း မြင်နေရတာပါပဲ။ အဲဒီနေ့ကို ကျွန်မစိတ်ဝင်စားလာတယ် သိချင်လာတယ်။ ဒါနဲ့လက်လှမ်း မီသလောက်ရှာဖွေ မသိတာလေးတွေရှိရင် သိတဲ့မိတ်ဆွေတချို့ ကို အကူအညီတောင်းပြီးရှာခိုင်းနဲ့ ကျွန်မရဲ့ စပ်စုပွဲကြီးစတင် တော့တာပါပဲ။

> “ဘယ်လို အသွင်ပုံစံအကြောင်းအရာ ကွဲပြားနေပါစေ valentine day ရဲ့ လွှမ်းမိုးမှုကတော့ ခရစ်ယာန်နိုင်ငံများ တင်သာမက နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်လာကာ အဲဒီနောက် ကျွန်မတို့နိုင်ငံကို ထိုးဖောက်လာတာမှာ အနည်းငယ် စိုးရိမ်စရာ အနေအထားကို ရောက်ရှိလာ”

### ထင်ရှားတဲ့ဇာတ်လမ်း

Valentine Day (ချစ်သူများနေ့) ပေါ်ပေါက်လာပုံ နောက်ခံဇာတ်ကြောင်း ပုံစံများဟာ အသွင်အမျိုးရှိနေတာကို ကျွန်မတွေ့ခဲ့ရတယ်။

အများစုသိပြီးသား ထင်ရှားတဲ့ဇာတ်လမ်းကတော့ AD-၂၇၀ ရောမအင်ပါယာမှာ Claudius-2 အုပ်ချုပ်စဉ်က Claudius ဟာ စစ်ပွဲတွေဆင်နွှဲနေစဉ်အတွင်း စစ်သားတွေကို လက်ထပ်ခြင်းကို တားမြစ်ခဲ့ပါတယ်။ သဘောကတော့ လူလွတ် တွေဟာ အနှောင်အဖွဲ့ သံယောဇဉ်မရှိမှသာလျှင် စစ်ပွဲတွေမှာ ထူးချွန်စွာတိုက်ခိုက်နိုင်မယ်လို့ ယူဆထားခဲ့လို့ပါတဲ့။ ဒါပေမယ့် အဲဒီနိုင်ငံက ဘုန်းတော်ကြီး valentine ဟာ စစ်သားတွေရဲ့ လက်ထပ်မင်္ဂလာထိမ်းမြားခြင်းပွဲတွေကို လျှို့ဝှက်စွာကျင်းပပေး ခဲ့တယ်။ ဒါကို ဘုရင်မင်းမြတ်သိသွားတော့ ထောင်သွင်းအကျဉ်း ချခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာတော့ သူ့ကို ကွပ်မျက် ခဲ့ပါတယ်။ ကွပ်မျက်မခံရခင် Bishop valentine ဟာ ထောင်ကျနေစဉ်အတွင်း သစ္စာရှိတဲ့ ထောင်မှူးသူငယ်ချင်းရဲ့ သမီးဆီကို From your valentineလို့ လက်မှတ်ရေးထိုးပြီး စာတစ်စောင် ပေးပို့ခဲ့ပါတယ်။

နောက်ပိုင်းနှစ်တွေ ကြာလာတဲ့အခါ ချစ်သူတွေ မကွေကွင်း ရအောင် ရင်ကြားစေ့ လက်ထပ်ထိမ်းမြားပေးတဲ့ Bishop valentine ကို သူကောင်းပြုခဲ့ပြီး Saint valentine လို့ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြတယ်။ သူကွပ်မျက်ခံခဲ့ရတဲ့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကို St.valentines day လို့ သတ်မှတ်ခဲ့ပြီး ကမ္ဘာ တစ်ဝန်းက ခရစ်ယာန်နိုင်ငံအတော်တော်များများမှာ အဲဒီနေ့ ရောက်တိုင်း မိမိချစ်ခင်မြတ်နိုးသူတွေအားလုံးဟာ အချင်းချင်း အမှတ်တရလက်ဆောင်တွေ ပေးပို့ကြတဲ့ ဓလေ့တွေရှိလာပါ တော့တယ်။ အဲဒီ St.valentine စိန့်ဗယ်လင်တိုင်း ပုံပြင်ဟာ အမြင်နှစ်မျိုး ကွဲပြားနေတာကိုလည်း လေ့လာတွေ့ရှိရပြန်တယ်၊ နှစ်ခြင်းခရစ်ယာန်နဲ့ ကက်သလစ်ခရစ်ယာန်အသင်းနှစ်ခုဟာ စစ်သားတွေကို လျှို့ဝှက်စွာလက်ထပ်မင်္ဂလာပွဲဆောင်ရွက် ပေးခဲ့တဲ့ ပုပ်ရဟန်းမင်းကြီး ဗယ်လင်တိုင်းကြောင့် ဗယ်လင်တိုင်း ဒေးဖြစ်ပေါ်လာတယ်ဆိုပြီး အမြင်အမျိုးမျိုးကွဲနေတာကိုလေ့လာ တွေ့ခဲ့ရပါတယ်။

### စိုးရိမ်စရာအနေအထား

ဘယ်လိုအသွင်ပုံစံအကြောင်းအရာ ကွဲပြားနေပါစေ valentine day ရဲ့ လွှမ်းမိုးမှုကတော့ ခရစ်ယာန်နိုင်ငံများ တင်သာမက နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်လာကာ အဲဒီနောက် ကျွန်မတို့နိုင်ငံကို ထိုးဖောက်လာတာမှာ အနည်းငယ် စိုးရိမ်စရာအနေအထားကို ရောက်ရှိလာပါပြီ။ လွတ်လပ်ပွင့်လင်း မြင်သာခေတ်ကြီးမှာ ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့ ကို မသိမသာမေ့လာကြပြီး သူနဲ့ကပ်လျက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကို ကြိုတင်ပြင်ဆင်နေကြတဲ့ လူငယ်တွေအတွက် ကျွန်မ ရင်မောမိသလို တစ်ဖက်ကလည်းလွန်စွာမှ စိတ်မကောင်းဖြစ်မိ တာ အမှန်ပါပဲ။

မိခင်ဝမ်းကကျွတ်ပြီး လူ့လောကကြီးထဲကို ဝင်ရောက်လာ တဲ့နေ့ကစလို့ ၅၂၈ ချစ်ခြင်းမေတ္တာ။ အရွယ်ရောက်လာ လူလား မြောက်လာတော့ ၁၅၀၀ ဆိုတဲ့ ချစ်ခြင်းမေတ္တာတွေကို ရှာဖွေ တွေ့ရှိခဲ့ကြတဲ့ လူငယ်တွေရဲ့ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကို ဒီလို လမျိုးရောက်တိုင်း အတွေ့ရဆုံးပါ။ Facebook စာမျက်နှာပေါ် မှာ ကျွန်မအင်မတန်မှ သဘောကျတဲ့ “သမီးလေးဖတ်ဖို့ knowledge” ဆိုတဲ့ page ထဲမှာ စာလေးတစ်ပုဒ်ဖတ်ခဲ့ရတယ်။

တကယ်ကိုလူငယ်တွေအတွက်မှတ်သားစရာ၊ ပညာယူ စရာပါပဲ။ “ချစ်သူများနေ့ဟာ လင်မယားနေ့မဟုတ်ပါ” ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ တင်ထားတာကတော့ ဖေဖော်ဝါရီလ ၁၄ ရက် မှာ ကျရောက်မယ့် ချစ်သူများနေ့မှာ မိန်းကလေးတွေ တန်ဖိုး ထားရမယ့် အပျိုစင်ဘဝကို စိုးရိမ်မိတဲ့အကြောင်းလေးပါ။ ချစ်သူ များနေ့ရောက်တိုင်း တည်းခိုခန်းများ၊ ဟိုတယ်များ ပြည့်နှက်နေ သည်ကို နှမသားချင်းစာနာ၍ စိတ်မကောင်းစွာကြားသိနေရပါ သည်လို့ ရေးထားတာပါ။ အမှန်ပါပဲ ကျွန်မစပ်စုခဲ့ရသလောက်၊ အဲဒီနေ့ဆို တည်းခိုခန်းတွေ၊ ဟိုတယ်တွေမှာ တကယ်ပဲလူအပြည့် ပါ။ ကြောက်စရာကောင်းလောက်အောင် ခေတ်မီနေကြတာပါ ပဲလား။

### တန်ဖိုးထား ထိန်းသိမ်းသင့်

ချစ်သူစုံတွဲဆိုတာ စိတ်ချင်းချစ်ကြလို့ရပါတယ်၊ လူချင်း နယ်ကျံ့ပြီး ချစ်လို့ မရပါဘူး။ အထူးသဖြင့် မိန်းကလေးတွေပါ။ ဒီလူဟာ မိမိသေချာပေါက် လက်ထပ်ရမည့် ယောကျ်ားလား ဆိုတာ တပ်အပ်မပြောနိုင်ဘူးလေ။ လက်မထပ်သေးဘဲအတူ နေသွားမိတယ်ဆိုပါတော့၊ အကြောင်းကြောင်းကြောင့် မယူ ဖြစ်ရင် နစ်နာရမှာက မိန်းကလေးပါ။ အဲဒီလိုနေ့မျိုးမှာ မိမိ ချစ်သူကို အလိုလိုက်ပြီး ပုံအပ်မိလို့ မိမိမှာ မမျှော်လင့်ဘဲကိုယ် ဝန်ရသွားတော့ တစ်ဖက်ယောကျ်ားလေးက တာဝန်မယူနိုင်၊ တာဝန်မယူဘဲ ရှောင်သွားတော့ မိန်းကလေးမှာ အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးလို့ မိမိကိုယ်ကိုယ် အဆုံးစီရင်သွားတဲ့ ဇာတ်လမ်းတွေ။ ချစ်သူများနေ့မှာ မိမိချစ်သူနဲ့အကြောင်းကို တစ်ဖက် ယောကျ်ားလေးက video ရိုက်ပြီး အင်တာနက်မှာ တင်လိုက်တဲ့အခါ အရှက်တကွဲအကျိုးနည်းဖြစ်ရတဲ့ ဇာတ် လမ်းတွေ ဒုနဲ့ဒေးပါပဲ။ အနောက်နိုင်ငံတွေလို လက်မထပ်ဘဲ အတူနေခြင်းကို အားကျလို့ မရပါ။ မိန်းကလေးတွေအနေဖြင့် မိမိ တို့ အပျိုစင်ဘဝကို တန်ဖိုးထားထိန်းသိမ်းသင့်ပါတယ်။ ယောကျ်ားဆိုသည့် သဘာဝသည် မိမိမည်မျှပင် လွတ်လွတ် လပ်လပ်နေပါစေ မိမိယူမယ့် မိန်းကလေးကိုတော့ အပျိုစင် လိုချင်ကြတာ သဘာဝပါပဲ။ ဒါဟာ ယောကျ်ားလေးအတော် များများရဲ့ အတ္တတစ်ခုပါပဲ။ ယောကျ်ားလေးတွေအတွက် မိန်းကလေးကိစ္စသည် ထမင်းစား ရေသောက်အဆင့်လောက် ပဲဖြစ်ပြီး မိန်းကလေးတွေအတွက်ကတော့ ဘဝနှင့်ရင်းရတာ ကို သတိချပ်သင့်ပါတယ်။ ချစ်သူဘဝမှာအတူ နေလိုက်မိခြင်းရဲ့ ဆိုးကျိုးတွေဟာ လက်မထပ်ခင် ကိုယ်ဝန်ရှိခြင်းကြောင့် မိဘ ဆွေမျိုးများနှင့် မိမိပါ အရှက်တကွဲအကျိုးနည်းဖြစ်ခြင်း၊ HIV၊ ဘီပိုး၊ စီပိုး၊ စသည့်ရောဂါများ ကူးစက်နိုင်ခြင်းတို့အပြင် နောက်ဆုံးပျက်စီးခြင်းလမ်းကြောင်းပေါ် တစ်စတစ်စ ရောက် ရောက်သွားကြတဲ့ မိန်းကလေးတွေ အများအပြားရှိနေကြတာ ကို ကြားသိတွေ့မြင်နေရပါပြီ၊

ယောကျ်ားလေးများကလည်း မိမိချစ်သူမိန်းကလေးကို တန်ဖိုးထားပြီးချစ်နေပေးရင် လက်မထပ်ရသေးဘဲ အတူနေ မှာ မဟုတ်ပါ။ ယောကျ်ားပီသ ကိုယ်ကျင့်သိက္ခာကို ထိန်းနိုင် ကြမှာပါ။ မိန်းကလေးများအနေနဲ့ကလည်း မိမိကိုချစ်သော ယောကျ်ားလေးဟာ တကယ့်မေတ္တာစစ်နဲ့ ချစ်တာလား။ ဒါမှ မဟုတ် အသွေးအသားကို ရယူခံစားပြီး ပန်းကောင်းအညွှန့်ချိုး ကျောရရုံချစ်တာလား ဆိုတာဝေဖန် ဆန်းစစ်သင့်ပါတယ်။ အသွေးအသားကိုအာသာငမ်းငမ်း အရင်းခံ ချစ်ခြင်းဟာ ကြာရှည်မခံမခိုင်မြဲသလို တကယ့်မေတ္တာစစ်နဲ့ ချစ်ခြင်းမျိုးသာ တစ်ဘဝလုံးစာ ခိုင်မြဲကြမှာပါ။ ဖက်ပေါ်ဆူးကျတော့လည်း ဖက်ပဲပေါက်သလို ဆူးပေါ်ဖက်ကျတော့လည်း ဖက်ပဲပေါက် မယ်ဆိုတာ မိန်းကလေးများအနေဖြင့် သတိချပ်စေချင်ပါတယ်။

### ချစ်ခြင်းမေတ္တာ

တစ်ဦးကိုတစ်ဦးချစ်ကြတယ်ဆိုတာ မင်္ဂလာတစ်ပါးပါ။ ချစ်ခြင်းမေတ္တာတွေသာ ပြည့်နှက်နေကြရင် ကမ္ဘာကြီးမှာ စစ်ပွဲဆိုတာ မရှိတော့ပါဘူး၊ ဒါကြောင့်ချစ်ကြပါ၊ ချစ်တာဟာ မင်္ဂလာရှိပါတယ်။ သူတစ်ပါးနိုင်ငံရဲ့ အထိမ်းအမှတ်နေ့ကို လူငယ်တွေပီပီ ဆင်နွှဲချင်ကြတာကိုလည်းအပြစ် မပြောလိုပါ။ valentine day မှာ ချစ်သူချင်း အပြန်အလှန်လက်ဆောင် လေးတွေပေးကြ၊ မုန့်အတူစားကြ၊ လူစည်ကားရာ စိတ်ကြည် နူးစရာနေရာလေးတွေကို လည်ကြပတ်ကြရင် အင်မတန်မှ သာယာကြည်နူးစရာနေ့လေးတစ်နေ့ဖြစ်ကြမှာပါ။ ဒီလိုမှ မဟုတ်ကြဘဲ တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်ရောက် လွဲမှားစွာ ချစ်မိကြရင်တော့ရလာမယ့် ဆိုးကျိုးတွေဟာ အင်မတန်မှ ရင်လေးစရာဖြစ်နေမှာပါ။

တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ အင်မတန်မှ နူးညံ့ သိမ်မွေ့တဲ့ စိတ်ဖြစ်စဉ်လေးလို့ ကျွန်မခံယူထားမိပါတယ်၊ လူ တိုင်းချစ်ခြင်းမေတ္တာကိုခံစားဖူးကြမှာပါ၊ လူတိုင်းချစ်ဖူးကြ၊ ခံစားဖူးကြမှာပါ၊ ချစ်ခဲ့ကြတယ်၊ ချစ်နေကြတယ်။ အချစ်ကို အချစ်လို့ ပဲခံစားမိကြရင် အချစ်ဆိုတာ ပျော်စရာပါ။ အချစ်မှာ အပြစ်မရှိပါ။ သူ့ဘာသာဖြစ်တည်နေတဲ့အချစ်ကို အပြစ်ဖြစ် အောင် လုပ်မိတာ လူသားတွေပါပဲ။

ဒါကြောင့်မကြာမီကျရောက်တော့မယ့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ Valentine day မှာ လူငယ်စုံတွဲတွေအနေနဲ့ အပြစ်ကင်းတဲ့ချစ်ခြင်းတွေကိုသာ ပွေ့ဖက်မိပါစေလို့ တိုက် တွန်းရင်း မြန်မာကိုကမ္ဘာက အသိအမှတ်ပြုလေးစားတဲ့ ရိုးရာ ယဉ်ကျေးမှုအမွေကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ။ ။

## မိုင်းယောင်း-တာချီလိတ်ခရီး အနီးကလေး မဝေးတော့ပြီ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်သည် တောတောင်ထူထပ် ပြီး ကုန်းတွင်းပိတ် မြို့တစ်မြို့ဖြစ်၍ ယခင်က မိုင်းယောင်းမြို့မှ တာချီလိတ်မြို့သို့ ခရီး သွားလာရာတွင် ကုန်းကြောင်းလမ်းခရီးတစ်ခုတည်းကိုသာ အားထားသွားလာကြရ သဖြင့် မိုင်းယောင်းမြို့မှ တာချီလိတ်မြို့သို့ မနက်ပိုင်းထွက်ယာဉ်များသည် လမ်းခရီးမြို့ များ အဝင်အထွက်ခရီးဖြင့် ရက်ချီကြာအောင် ခရီးသွားလာခဲ့ကြရသည်။

ယခုအခါ မိုင်းယောင်း-မိုင်းဖြတ် ကတ္တရာလမ်းသစ် တည်ဆောက်ပြီးစီးခါနီးနေ သဖြင့် ကျိုင်းတုံ-တာချီလိတ် အဝေးပြေးမော်တော်ကားလမ်းမအတိုင်း မိုင်းဖြတ် လမ်းဆုံမှ တာချီလိတ်မြို့သို့ လေးနာရီကျော်ခရီးဖြင့် အရောက်မောင်းနှင်နိုင်ကြပြီဖြစ် သည်။

မိုင်းယောင်းမြို့မှ တာချီလိတ်မြို့သို့ လိုက်ပါလိုကြသော ခရီးသွားပြည်သူများအနေ ဖြင့် ခရီးသည်များလျှင် တစ်နေ့ခြောက်စီးဖြင့် လည်းကောင်း၊ ခရီးသည်နည်းလျှင် တစ်နေ့သုံးစီးဖြင့်လည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

“တာချီလိတ်ဘက်က ကုန်စည်တွေ မိုင်းယောင်း-မိုင်းယုဘက်ကို လွယ်လွယ် ကူကူ စီးဆင်းလာတော့မှာမို့ စားသုံးသူတွေအတွက် အလွန်ကို ကောင်းသွားပြီ၊ လမ်း ပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အရေးပေါ်အခြေအနေမှာ အသက်ဆုံးရှုံးရမှု များကိုလည်း အခု မိုင်းဖြတ်-မိုင်းယောင်း ကတ္တရာလမ်းပြီးစီးမှုက ကာကွယ်လိုက်ပြီ ဖြစ်သည်” ဟု ဒေသခံတစ်ဦးက ပြောသည်။

လိုင်းကားများ တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်၍ အဆိုပါ တာချီလိတ်မြို့နှင့် မိုင်းယောင်း မြို့မှ ခရီးသွားပြည်သူများမှာ သွားရေးလာရေးအဆင်ပြေလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မိုင်းဖြတ်-မိုင်းယောင်း ကတ္တရာလမ်း၌ ယာဉ်များဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန်ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# မလေးရှားသို့ တရားဝင်အလုပ်သမားစေလွှတ်မှု ပြန်လည်ခွင့်ပြုလိုက်ပြီ

ခင်ရတနာ




မလေးရှားနိုင်ငံကို ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တွေ့ရစဉ်။ (အလည)

မလေးရှားနိုင်ငံသို့ အလုပ်သမားများ ပြန်လည်စေလွှတ်မှုကို ဖေဖော်ဝါရီ ၇ ရက်က စတင်၍ ပြန်လည်ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

**တစ်နှစ်နှင့် နှစ်လကြာပြီးနောက်**

မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာအလုပ်သမားများ၏ လုံခြုံစိတ်ချရမှု၊ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရန် လိုအပ်မှုတို့ကြောင့် မလေးရှားသို့ မြန်မာအလုပ်သမားများ စေလွှတ်ခြင်းကို ကန့်သတ်ထားခဲ့သည်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကတည်းကဖြစ်ပြီး တစ်နှစ်နှင့် နှစ်လအကြာ ယခုကာလတွင် တရားဝင် ပြန်လည်စေလွှတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အနက် ထိုင်းနိုင်ငံသည် လူဦးရေအများဆုံး သွားရောက်လုပ်ကိုင်ကြသော နိုင်ငံဖြစ်ပြီး တရားဝင်စာရင်းဇယားများအရ လူဦးရေ သုံးသိန်းနီးပါးရှိကာ မလေးရှားနိုင်ငံသည် ဒုတိယ သွားရောက်လုပ်ကိုင်သူအများဆုံးဖြစ်ပြီး တရားဝင် အလုပ်သွားရောက်လုပ်ကိုင်နေသူ နှစ်သိန်းနီးပါးရှိကြောင်း ဝန်ကြီးဌာနမှသိရှိရသည်။ မလေးရှားနိုင်ငံတွင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူ ဦးရေမှာလည်း သုံးသိန်းနီးပါးရှိနေကြောင်း အလုပ်သမားအဖွဲ့အစည်းများက ခန့်မှန်းထားကြသည်။

**ကန့်သတ်ထားသည့်ကာလ**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံအတွင်းရှိ ရခိုင်ပြည်နယ်မြောက်ပိုင်း ပြဿနာများ ဖြစ်ပွားချိန်တွင် မလေးရှားနိုင်ငံ၌ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့်အပြင် မြန်မာအလုပ်သမားများအား ဖမ်းဆီးအရေးယူခြင်း၊ စိစစ်ကန့်သတ်ခြင်းနှင့် မြန်မာအချို့ မလေးရှားနိုင်ငံတွင်နေထိုင်ရန် လုံခြုံစိတ်ချရမှုမရှိခြင်း၊ လုံခြုံဘေးကင်းမှု အားနည်းလာခြင်းကြောင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံသို့ တရားဝင် မြန်မာအလုပ်သမားစေလွှတ်ခြင်းကို ကန့်သတ်ခဲ့သည်။ ကန့်သတ်ထားသည့်ကာလအတွင်း ပြည်ပသို့အလုပ်သမားစေလွှတ်သည့် အေဂျင်စီများက မလေးရှားနိုင်ငံသို့ တရားဝင် အလုပ်သမားပြန်လည်စေလွှတ်ခွင့်ရရှိရန် မကြာခဏဆိုသကဲ့သို့ပင် ကြိုးပမ်းနေခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

၁၉၉၀ ပြည့်နှစ်မှစတင်ကာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားများ အလုပ်သွားရောက်လုပ်ကိုင်မှု ခေတ်စားလာခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်လိုင်စင်ရ အကျိုးဆောင်ကုမ္ပဏီများကို အစိုးရမှ တရားဝင် စတင်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး လက်ရှိတွင် အကျိုးဆောင်အေဂျင်စီပေါင်း ၂၆၀ ကျော် ရှိလာခဲ့ပြီဖြစ်သည်။ တရားဝင်စေလွှတ်မှုကို ကန့်သတ်ခြင်းမပြုမီ ၂၀၁၆ ခုနှစ်အထိ စာရင်းဇယားများအရ မလေးရှားနိုင်ငံသည် သွားလာစရိတ်သက်သာခြင်းနှင့် အလုပ်အကိုင်ပေါများခြင်းကြောင့် တစ်လလျှင် မလေးရှားသို့ အလုပ်သမား ၃၀၀၀ ခန့် သွားရောက်နေသည်ဟု မလေးရှားရောက် မြန်မာအလုပ်သမားများထံမှ သိရှိရသည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရှိန်အဟုန်မြင့်လာသော်လည်း အထူးစီးပွားရေးဇုန်များမှာ တည်ထောင်ဆဲအဆင့်သာ ရှိနေသေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေးအပ်နိုင်ရန် လိုအပ်ဆဲဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုသူများမှာလည်း မြင့်မားဆဲဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်ပနိုင်ငံအများအပြားတွင် သွားရောက်အလုပ်လုပ်ကိုင်သူဦးရေမှာ လေးသန်းနီးပါးရှိနေကြောင်း အိုင်အယ်လ်အိုမြန်မာမှ သိရှိရသည်။

**တွေ့ဆုံဆွေးနွေးပြီး ခွင့်ပြု**

ယခုအချိန်တွင် မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမားစေလွှတ်မှု ခွင့်ပြုလိုက်ခြင်းမှာ ဖေဖော်ဝါရီ ၇ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် မြန်မာပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အတည်ပြု ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

**ကတိခံဝန်ချက်**

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေးတွင် မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမား စေလွှတ်ခွင့်ပြုရန် ခွင့်ပြုပေးခဲ့ပြီး အလုပ်သမားစေလွှတ်လိုသော ပြည်ပအလုပ်အကိုင် အေဂျင်စီများအနေဖြင့် အလုပ်သမား ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် စတင်ဆုံးဖြတ်ပြီးသည့်အချိန်မှ စတင်ကာ အလုပ်သမား ပြန်လည်ရောက်ရှိသည့်အချိန်၊ လုပ်ခ၊ လစာများ လွှဲပြောင်းပေးအပ်သည့်အချိန် အစရှိသည့် အလုပ်သမားများ၏ လုံခြုံစိတ်ချရသည့် အလုပ်အကိုင်ရရှိမှု၊ လုပ်ငန်းခွင်ဘေးကင်းမှု၊ တရားဝင်အလုပ်လုပ်ခွင့်ရရှိမှု၊ အလုပ်သမားအခွင့်အရေးများ ရရှိနိုင်မှု၊ မိသားစုထံ တရားဝင်နည်းလမ်းဖြင့် ငွေလွှဲပေးပို့နိုင်မှုနှင့် သတ်မှတ်ဝန်ဆောင်စရိတ်များ အနည်းဆုံးသို့ လျှော့ချပေးနိုင်မှုတို့ကို ကတိခံဝန်ချက်များ ရေးထိုးထားရကြောင်းလည်း သိရသည်။ မလေးရှားနိုင်ငံသို့ အလုပ်သမားစေလွှတ်လိုသော အေဂျင်စီများသည် အလုပ်သမားစေလွှတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားများ၏ အရေးကိစ္စများအားလုံးတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများပြုလုပ်ရန် အာမခံရမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ကြေညာချက်တွင် ဖော်ပြထားသည်။

**လိုက်နာရမယ့်ကျင့်ဝတ်**

“ပြည်ပနိုင်ငံတွေမှာ မြန်မာအလုပ်သမားတွေကို အလုပ်အကိုင်နေရာချထားမှုလုပ်ငန်းတွေအတွက် အကျိုးဆောင်လိုင်စင်ရလုပ်ငန်းတွေက အလွန်အရေးပါပါတယ်၊ မြန်မာနိုင်ငံသားတွေ ပြည်ပမှာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးကို အထောက်အကူပြုနိုင်သလို ရွှေ့ပြောင်းလုပ်သားတွေဆီကနေ မိသားစုထံလွှဲပို့တဲ့ ငွေတွေကနေ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေတဲ့အတွက် နိုင်ငံလည်း ဝင်ငွေတိုးပွားစေပါတယ်၊ ဒါကြောင့် လိုင်စင်ရထားပြီး တရားဝင်စေလွှတ်ခွင့်ရတဲ့ ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးလုပ်ငန်းကို ပိုပြီး ရိုးသားအောင်၊ ပွင့်လင်းမြင်သာအောင်လုပ်ဖို့အတွက် အကျိုးဆောင်တွေက လိုက်နာရမယ့်ကျင့်ဝတ်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်၊ လက်ရှိမှာ ရွှေ့ပြောင်းသွားလာတဲ့ လုပ်ငန်းတွေမှာ မြန်မာလုပ်သားတွေဟာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရတာ၊ အကြမ်းဖက်ခံရတာနဲ့ အဓမ္မစေခိုင်းမှုတွေကို ကြုံတွေ့နေရပါတယ်၊ ဒါတွေကို ကာကွယ်ပေးဖို့ ဥပဒေတွေ ပြဋ္ဌာန်းပေးသလို အကာအကွယ်ပေးရေးတွေကိုလည်း လုပ်ဆောင်နေပါတယ်၊ ဒီလုပ်ငန်းတွေ ပိုပြီးအောင်မြင်ဖို့ဆိုတာ အလုပ်သမားတွေစုဆောင်းစေလွှတ်တဲ့ အကျိုးဆောင်တွေအပေါ်မှာ အများကြီးမူတည်ပါတယ်၊ ဒါကြောင့် ကျင့်ဝတ်နဲ့အညီ အလုပ်သမားစုဆောင်း ပို့ဆောင်ပေးကြမယ်ဆိုရင် မြန်မာအလုပ်သမားတွေအတွက်ရော၊ နိုင်ငံတော်အတွက်ရော၊ အများကြီးအကျိုးရှိပါမယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

**မယုံကြည်သင့်**

မြန်မာနိုင်ငံတွင် လိုင်စင်ရ တရားဝင်ပြည်ပအလုပ်အကိုင်အေဂျင်စီ များစွာရှိနေသော်လည်း တရားမဝင်တင်ပို့သည့်အဖြစ်များလည်း ရှိနေဆဲဖြစ်သည်။ “လိုင်စင်ရှိမရှိ စစ်ဆေးဖို့လိုသလို လိုင်စင်ရှိပေမယ့် နာမည်ပျက်ရှိမရှိဆိုတာလည်း စုံစမ်းကြဖို့ လိုအပ်ပါတယ်၊ အချို့က အေဂျင်စီကတော့ အစစ်အမှန်ပါ၊ သို့သော် ကိုယ်စားလှယ်က လိမ်ညာတာမျိုးလည်း ရှိတယ်၊ ပွဲစားတွေကနေတစ်ဆင့် အေဂျင်စီကို ဆက်သွယ်ပေးမယ်ဆိုတိုင်း မယုံကြည်သင့်သလို အလုပ်ရှင်တွေက အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်မှာ အသက်လိမ်တာ၊ စာချုပ်မချုပ်ဘဲထားတာတွေ ဖြစ်လာရင်တော့ မရိုးသားဘူး”ဟု အလုပ်အကိုင်အေဂျင်စီတစ်ခုမှ တာဝန်ရှိသူက သုံးသပ်ပြသည်။ ထို့အပြင် ကြိုတင်ငွေသွင်းရခြင်း၊ သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုတောင်းခံခြင်း၊ အလုပ်မစတင်မီ ကြိုတင်ငွေအဖြစ် အေဂျင်စီမှ ပေးအပ်ခြင်းမျိုးကိုလည်း သေချာစွာ လေ့လာစုံစမ်း ဆုံးဖြတ်ရန် လိုအပ်ကြောင်း သိရသည်။

အလုပ်လုပ်ကိုင်ကြမည့်သူများ ပြည်ပသို့မထွက်ခွာမီ အလုပ်အေဂျင်စီ၊ အလုပ်ရှင်တို့နှင့် သဘောတူညီမှုစာချုပ်များ ချုပ်ဆိုရန် သတိပြုရမည်ဖြစ်ပြီး ယင်းစာချုပ်သည် အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်သူများအတွက် စည်းမျဉ်းစည်းကမ်းများဖြစ်ကာ အခွင့်အရေးနှင့် အခြားသော ဆောင်ရန်ရှောင်ရန် သဘောတူညီချက်များသည် ပြည်ပတွင် အဆင်မပြေမှုတစ်စုံတစ်ရာကြုံလာပါက အသုံးဝင်သည်။ စာချုပ်ပါအကြောင်းအရာများဖြစ်သည့် လုပ်ခလစာ၊ အချိန်ပိုအားလပ်ရက်နှင့် အခွင့်အရေးများ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးဆိုင်ရာ ကတိကဝတ်၊ ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးတို့အပါအဝင် အလုပ်ရှင်ဘက်မှတောင်းဆိုသည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းများကို သတိပြုထားရန် လိုအပ်ပါသည်။

မကြာခင်ကာလအတွင်း မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမားများ စေလွှတ်နိုင်တော့မည်ဖြစ်ရာ မလေးရှားသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် ရည်ရွယ်ထားသူများအနေဖြင့် ပထမဦးစွာ စာချုပ်ကို သေသေချာချာဖတ်ရှုပြီး လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း၊ ပြဿနာတစ်စုံတစ်ရာဖြစ်ပွားပါက ပထမဆုံး ဖြေရှင်းရန်အတွက် စာချုပ်လက်ဝယ်ရှိရမည်ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင်လည်း ကိုယ်လိုလားသည့် လစာ၊ အလုပ်ချိန်၊ ခွင့်ခံစားခွင့်၊ အလုပ်လုပ်ကိုင်ရမည့်နေရာ၊ ရာထူးနှင့် တာဝန်များကို အကျေအလည်ဆွေးနွေးပြီး နားလည်သဘောပေါက်မှုသာ ချုပ်ဆိုကြရမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။ ။

> **“အလုပ်သမားစေလွှတ်လိုသော ပြည်ပအလုပ်အကိုင် အေဂျင်စီများအနေဖြင့် အလုပ်သမား ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် စတင်ဆုံးဖြတ်ပြီးသည့်အချိန်မှစတင်ကာ အလုပ်သမားပြန်လည်ရောက်ရှိသည့်အချိန်၊ လုပ်ခ၊ လစာများ လွှဲပြောင်းပေးအပ်သည့်အချိန် အစရှိသည့် အလုပ်သမားများ၏ လုံခြုံစိတ်ချရသည့် အလုပ်အကိုင်ရရှိမှု၊ လုပ်ငန်းခွင်ဘေးကင်းမှု၊ တရားဝင်အလုပ်လုပ်ခွင့်ရရှိမှု၊ အလုပ်သမားအခွင့်အရေးများရရှိနိုင်မှု၊ မိသားစုထံ တရားဝင်နည်းလမ်းဖြင့် ငွေလွှဲပေးပို့နိုင်မှုနှင့် သတ်မှတ်ဝန်ဆောင်စရိတ်များ အနည်းဆုံးသို့ လျှော့ချပေးနိုင်မှုတို့ကို ကတိခံဝန်ချက်များ ရေးထိုးထားရကြောင်းလည်း သိရသည်”**

ဒေ သ ဖွံ့ဖြိုး မှု ဆောင်း ပါး

# ပြည်ပဝင်ငွေနှင့် ဒေသအတွင်း အလုပ်အကိုင်ကို အကျိုးပြုနေသော ပထက်ကျွန်းမှ ကဏန်းအရေပျော့ မွေးမြူရေး

မောင်စိန်လွင်(မြန်မာ့အလင်း)

**ထောင့်မှန်စတုဂံသဏ္ဌာန် ဝါးလုံးများကို ချည်တုပ်ကာဖွဲ့နှောင်ထားသော ဖောင်လေးများက ရှေ့၊ နောက် ဖြည်းဖြည်းချင်း ရွေ့လျားနေသည်။ သဘာဝအလျောက်ရွေ့လျားပြောင်းလဲနေသည်ဟုပင် ရုတ်တရက် ထင်မှားမိသည်။ ထင်မှားရလောက်အောင်လည်း တိတ်ဆိတ်တည်ငြိမ်သော အလုပ်သမလေးများက ကဏန်းထည့်ထားသောခြင်းများနှင့် ဝါးလုံးများကို ဖွဲ့နှောင်ထားသောဝါးဖောင်လေးများအား ကြိုးအစမှ ဖြည်းဖြည်းချင်းဆွဲကာ ကြည့်ရှုစစ်ဆေးနေသည့် လုပ်ငန်းခွင်မြင်ကွင်းက ညင်သာမှုရှိလှသည်။**

### အခွင့်အလမ်းသစ်

မြန်မာနိုင်ငံတောင်ဖျား တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တစ်ဖက်ကမ်း ကျွန်းစုမြို့နယ် ပထက်ကျွန်းပေါ်ရှိကဏန်းအရေပျော့ မွေးမြူရေးလုပ်ငန်းခွင်ပင် ဖြစ်သည်။ အဆိုပါကျွန်းကဏန်းအရေပျော့ မွေးမြူရေးလုပ်ငန်းကို ပြီးခဲ့သော ၂၀၀၃ ခုနှစ်က စတင်အခြေချကာလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့သော်လည်း မွေးမြူရေးလုပ်ငန်းကိုမူ ၂၀၀၄ ခုနှစ်မှ စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်သည့် အဓိကရည်ရွယ်ချက်မှာ ကဏန်းအရေပျော့မွေးမြူထုတ်လုပ်ခြင်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် ဒေသအတွင်းမှ ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိကာ စားဝတ်နေရေးဖူလုံပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်ပင် ဖြစ်သည်။

### အလုပ်အကိုင် ဖန်တီးပေးထား

ပထက်ကျွန်း(သို့မဟုတ်)ပထက်ရွာသည် ကျွန်းစုမြို့နယ်အတွင်းတည်ရှိကာ ကဏန်းအရေပျော့ မွေးမြူရေးလုပ်ငန်းမှာ အကျယ်အဝန်းဧရိယာ ဧက ၈၀ ရှိပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးထားနိုင်မှုမှာ ရာခိုင်နှုန်းအားဖြင့်မနည်းလှပေ။ လုပ်ငန်းခွင်၌ တချို့ဝန်ထမ်းများဆိုလျှင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းကပင် လာရောက်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ အလုပ်အကိုင်အခွင့်အလမ်းပိုင်းဆိုင်ရာလုပ်ငန်းခွင်၌ အမျိုးသား ၁၅၀ ကျော်နှင့် အမျိုးသမီး ၂၀၀ ကျော်တို့က လုပ်ငန်းခွင်ပေါ်မူတည်ပြီး တာဝန်ကိုယ်စီလုပ်ဆောင်နေကြသည်။ ယင်းလုပ်ငန်းခွင်၌ စုစုပေါင်းလုပ်သားအင်အား ၃၅၀ကျော်ကို ဒေသတွင်း အလုပ်အကိုင် ဖန်တီးပေးထားနိုင်သည်ကို တွေ့မြင်ခဲ့ရသည်။

### အဓိကသော့ချက်

လုပ်ငန်းခွင်၌ ကဏန်းကန်အရေအတွက်မှာ ၁၈ ကန်မွေးမြူထုတ်လုပ်လျက်ရှိပြီး မွေးမြူရေးကန်တစ်ကန် ပျမ်းမျှအကျယ်အဝန်းမှာ ၂ ဒသမ ၂ ဧက ခန့်ရှိမည်ဖြစ်သည်။ မွေးမြူရေးကန်အတွင်း ဖောင်များဖွဲ့၍ ခိုင်မြဲစွာတုပ်နှောင်ထားသောခြင်းများထဲမှ ကဏန်းများကို ဝန်ထမ်းများက ဂရုတစိုက် ကြည့်ရှုကာရှေ့နောက်ညင်သာစွာဆွဲငင်ပြီး နေ့၊ ညမပြတ် ကြည့်ရှုပေးရသည်။ ဝန်ထမ်းများအနေဖြင့် အဆိုပါဝါးဖောင်များကိုညင်သာစွာရှေ့၊နောက်လှည့်လည်ဆွဲကြည့်နေသည်မှာမူလကဏန်းအခွံမာမှ ကဏန်းအရေပျော့အဖြစ် ပြောင်းလဲမှုအနေအထားကို သိရှိစေရန် ဖြည်းဖြည်းချင်း ကြည့်ရှုလုပ်ဆောင်နေရခြင်းပင်ဖြစ်ကြောင်း သိရသည်။ ခြင်းထဲ၌ ထည့်ထားသောကဏန်းအခွံမာမှ အရေပျော့ ကဏန်းအဖြစ်ပြောင်းလဲမှုကို တစ်နာရီတစ်ကြိမ်နှုန်းဖြင့် နေ့၊ ညမပြတ် ဝန်ထမ်းများအနေဖြင့် စောင့်ကြည့်ရသည်မှာ အဆိုပါလုပ်ငန်းခွင်၏ အဓိကသော့ချက်ဖြစ်နေသည်။

"ကဏန်းအရေပျော့မွေးမြူတဲ့အခါမှာ အလုပ်သမားတွေက ကဏန်းအရေပျော့လဲသွားတဲ့အချိန်ကို တစ်နာရီတစ်ခါလောက် အဆက်မပြတ်ကြည့်ပေးဖို့လိုပါတယ်၊ အခွံမာကနေ ကဏန်းအရေပျော့လဲတဲ့အချိန်အထိ စမွေးပြီး ရက် ၄၅ နဲ့ ရက် ၉၀ ကြားဆို ပိုပြီးသတိထားရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရက်ပိုင်းအားဖြင့် အဲလောက်ရက်ကြာရင် အထူးသဖြင့် ပင်လယ်ရေ အတက်အကျနည်းတဲ့ လဆန်းပိုင်းရက်တွေမှာဆို ကဏန်းအရေပျော့လဲမှုနှုန်းက ပိုမိုမြင့်မားပါတယ်"ဟု အဆိုပါကဏန်းအရေပျော့မွေးမြူရေးလုပ်ငန်းခွင်မှ မန်နေဂျာဦးမိုးကျော်ဟန်က ပြောသည်။



ပြည်ပသို့တင်ပို့ရောင်းချမည့် ကဏန်းအရေပျော့လုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

### ထည့်သွင်းမွေးမြူ

ကဏန်းအရေပျော့မွေးမြူရာတွင် ဖောင်ဖွဲ့ထားသော ဝါးလုံးဖောင်များကြားရှိ ခြင်းတစ်ခြင်းစီ၌ ကဏန်းအခွံမာကို တစ်ကောင်ကျနှုန်းထည့်ထားကာ မွေးမြူမှုကို စတင်ရသည်။ မွေးမြူရာတွင်လည်း ရွှံ့ကဏန်းနှင့် ဒီရေတောကဏန်းတို့က ဒေသခံကဏန်းဖမ်းဆီးရောင်းချသူ ရေလုပ်သားများထံမှတစ်ဆင့် ဝယ်ယူကာ အထီး၊ အမ ခွဲ၍ ကလိုရင်းအပျော့စားဖြင့် ဆေးကြောပြီး ဝါးဖောင်များဖြင့် ချည်တုပ်ထားသော ပလတ်စတစ်ခြင်းများထဲသို့ စတင်ထည့်သွင်းမွေးမြူရခြင်းဖြစ်သည်။

ဖောင်တစ်ဖောင်၌ မွေးမြူရေးကန်၏ ဧရိယာပေါ်မူတည်ကာအကောင်ရေ ၈၀၀ ကျော် ၉၀၀ ဝန်းကျင်အထိ ထည့်သွင်းမွေးမြူနိုင်သည်။ ကဏန်းအရေပျော့မွေးမြူနိုင်သော ကန်တစ်ကန်တွင် မွေးမြူနိုင်သောအရေအတွက်မှာ ခြောက်သောင်းကျော်ရှိမည်ဖြစ်သည်။ အောက်ခြေနှင့် ဘေးဘက်တို့တွင် လေဝင်လေထွက်ကောင်းသော အပေါက်ငယ်များပါရှိသော ပလတ်စတစ်ခြင်းများထဲသို့ ဂရမ် ၈၀ မှ ၁၂၀ အရွယ်ရှိ ကဏန်းအခွံမာများကိုထည့်သွင်းမွေးမြူထားရသည်။ ဖောင်များဖွဲ့ကာတုပ်နှောင်ထားသော ပလတ်စတင်ခြင်းအပေါ်ဘက်တွင် အစာတုံးများထည့်ရန် တစ်လက်မ အပေါက်ငယ်များပါရှိရန်လည်း အထူးလိုအပ်မည်ဖြစ်သည်။ သို့မှသာ ကဏန်းများ အစာကျွေးရာတွင် အဆင်ပြေစေနိုင်မည်ဖြစ်သည်။ ထိုကဏန်းအခွံမာများမှ ၄၅ ရက် နှင့် ရက် ၉၀ အကြားတွင် အခွံလဲပြီး ကဏန်းအရေပျော့အဖြစ် ပြောင်းလဲခြင်းဖြစ်သည်။

"ဒီကဏန်းအရေပျော့မွေးမြူရေးလုပ်ငန်းမှာ ကျွန်မတို့ ဝန်ထမ်းတွေအနေနဲ့ အဓိကလုပ်ရတာကတော့ ကဏန်းထည့်ထားတဲ့ ဒီဝါးဖောင်တွေကို အခုလို ကြိုးနဲ့ဆွဲပြီးအလှည့်ကျ ကြည့်ပေးရပါတယ်၊ ကန်တစ်ကန်ဆိုရင် အနည်းဆုံး ဝန်ထမ်း ၁၄ ဦးလောက်တော့ ရှိတယ်၊ မွေးမြူတဲ့အရေအတွက်များရင်များသလို ဖောင်တွေပေါ်မူတည်ပြီး ဝန်ထမ်းအရေအတွက် ထားပေးရတာပါ၊ ၂၄ နာရီပတ်လုံး နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ဝန်ထမ်းတွေအနေနဲ့ ကြည့်ပေးရပါတယ်"ဟု အဆိုပါကဏန်းအရေပျော့မွေးမြူရေးလုပ်ငန်းခွင်မှ လုပ်သားခေါင်းဆောင် မလှဲ့ရည်ဖြိုးက ပြောသည်။

ကဏန်းအရေပျော့မွေးမြူရာတွင် အဓိကလုပ်ဆောင်ပေးရသည်မှာ အရေပျော့လဲချိန်ကို ဝန်ထမ်းများအနေဖြင့် နေ့၊ ညမပြတ် နာရီခြားစောင့်ကြပ်ကြည့်ရှုပေးရသည်မှာ အဓိကဖြစ်သည်။ မွေးမြူရေးကန်အနေဖြင့် လိုအပ်သောရေပမာဏမှာ ၄ ပေ မှ ၅ ပေ ရှိလျှင် လုံလောက်သည်။ မွေးမြူရေးကန် အပူချိန်မှာ(Temperature) ၂၈ ဒီဂရီစင်တီဂရိတ်မှ ၃၃ ဒီဂရီစင်တီဂရိတ်အတွင်းရှိရန် လိုအပ်ပြီး ရေညစ်ညမ်းမှုပေါ်မူတည်ကာ ရေသစ်၊ ရေဟောင်းလဲလှယ်ပေးရသည်။ ကဏန်းအရေပျော့မလဲခင် ကဏန်းအရေခွံမာများကို အစာကျွေးရာတွင်လည်း အအေးခန်းအတွင်း သိုလှောင်ထားသည့် သန့်ရှင်းလတ်ဆတ်သောငါးအသားစ(တစ်လက်မခန့်)ကို နေ့စဉ် ထည့်ကျွေးရသည်။

### တင်ပို့ရောင်းချ

ကဏန်းအရေပျော့မွေးမြူရာ၌ အရေပျော့လဲပြီးချိန်တွင် မူလအရွယ်အစားထက် ၃၀ ရာခိုင်နှုန်းတိုးလာပြီး လဲချိန်ခဏတာအတွင်းအချိန်မီကောက်ယူရသည်။ အလဲအများဆုံးရက်များတွင် ကီလို ၃၀၀ လောက်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ရောင်းဝယ်ဖောက်ကားရာတွင် တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာဝန်းကျင် ရရှိပြီး ဒေါ်လာ အတက်အကျပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်းလည်း သိရသည်။ ဂဏန်းအရေပျော့ ဈေးကွက်ကို ပြည်တွင်းဈေးကွက်ထက် ပြည်ပနိုင်ငံဈေးကွက်အများစုသို့ တင်ပို့ရောင်းချလျက်ရှိပြီး အထူးသဖြင့် ဂျပန်နှင့် ဩစတြေးလျနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

### သာယာဝေစည်

ပထက်ကျွန်းပေါ်တွင် ကဏန်းအရေပျော့မွေးမြူရေးကန် ၁၈ ကန်ရှိပြီး အဆိုပါမွေးမြူရေးလုပ်ငန်းအားလုံးကို ပြည်တွင်းနိုင်ငံသားပိုင် အောင်မြတ်ဖြိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်က တာဝန်ယူလုပ်ဆောင်လျက်ရှိသည်။ ယခုအခါရေနန်ပုစွန်မွေးမြူနိုင်ရေးကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်၍ များမကြာမီတွင် ပထက်ကျွန်းပေါ်၌ ကဏန်းအရေပျော့ မွေးမြူရေးကန်များကဲ့သို့ ရေနန်ပုစွန်မွေးမြူရေးကန်များ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ကဏန်းအရေပျော့မွေးမြူရေးလုပ်ငန်းနှင့်အတူ ထပ်မံတိုးချဲ့မည့် ရေနန်ပုစွန်မွေးမြူရေးလုပ်ငန်းများမှ ပြည်ပဝင်ငွေရရှိမည့်အပြင် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုကိုလည်း အထောက်အကူပြုမည်ဖြစ်၍ မြန်မာနိုင်ငံတောင်ဖျား၏ ပထက်ကျွန်းမှာ သာယာဝေစည်တော့မည် ဖြစ်ပါကြောင်း။ ။



ပထက်ကျွန်းပေါ်မှ ကဏန်းအရေပျော့ မွေးမြူရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်အကြီးမားဆုံးကျင်းပပြုလုပ်သော

2nd THE LARGEST

DIGITAL INKJET PRINTING, MEDIA & ADVERTISING

SIGN EXPO IN MYANMAR (2018)

VENUE : TAMADAW HALL,U WISARA ROAD DATE : MARCH 9TH TO 11TH 2018 TIME : 9:00 TO 5:30

ပါဝင်ပြသမည့်ပစ္စည်းများ

- Indoor/ Outdoor Digital Inkjet Printers
- UV Roll to Roll / Flatbed Inkjet Printers
- Textile Printing Machine
- HP Latex Printers
- HP Design Jet Printers
- EPSON Printers
- CNC Cutting Machine
- Display Products
- LED
- Original Light Boxes

ORGANIZED BY - myanmar Gh we care your future



(ပြပွဲတွင်ပါဝင်ပြသလိုသော လုပ်ငန်းရှင်ကြီးများ အောက်ပါ Hot Line ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်)

HOT LINE : 09-777588878 , 09-777588898

MAIN SPONSOR GOLDEN HEROES

CO-SPONSOR iPentum TECHNOLOGY | AUNG WONDER Trading Co., Ltd. | hp ADVANCE & STYLE CO., LTD. Designjet D5800

myanmargh.118@gmail.com www.facebook.com/ myanmargh www.myanmargh.com , www.digitalinkjetprinting sign expo myanmar.com , www.media&advertising sign expo myanmar.com



PUN HLAING + SILOAM HOSPITALS



Heart Attack!

လူနာအတွက် စက္ကန့်မိနစ်တိုင်းသည် အလွန်အရေးကြီးသည်

"နှလုံးကြွက်သားများ ပျက်စီးမှုမရှိစေရန် (၆) နာရီအတွင်း ကုသမှု ခံယူရန် လိုအပ်သည်"

World-Class Cardiac Care

- အကောင်းဆုံးနည်းအဖြစ် ကမ္ဘာက လက်ခံထားသော အရေးပေါ်နှလုံးသွေးကြောထောက် ကိရိယာထည့်သွင်း ကုသခြင်း
- နိုင်ငံသားအများစု ကုသနိုင်စေရန် သင့်တင့်သည့် ဈေးနှုန်းဖြင့် စိတ်ချယုံကြည်ရသော အရည်အသွေးမြင့် ပစ္စည်းများသာ အသုံးပြုခြင်း
- ဆေးရုံ၏ အချိန်ပြည့် နှလုံးအထူးကုဆရာဝန်များနှင့် 24/7 ကုသမှု ခံယူနိုင်ခြင်း

Gold Seal of Approval (JCIA, USA)

01- 368 44 11, 09-77 51 51 278


**Notice Under Myanmar Companies Act Section 208 E**

**THE FIRST AUTOMOTIVE CO.,LTD. (VOLUNTARILY WINDING UP)**

**Invitation to Final Meeting**

The Final Meeting of "The First Automotive Co.,Ltd." will be held on the following agenda-

**Date** : 9-3-2018

**Time** : 9:30am

**Place** : The office of Myanma Economic Holdings Limited

Liquidator's report and returns will be submitted at the Meeting.All Shareholders are invited to attend.

Note:Final Meeting Date has been changed from previously announced 28th Feb 2018 to 9th March 2018.

**U Aye Cho & U Khin Maung Latt**
**Liquidator**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက် (၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၃၀၅/က၊ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဘသိန်း ISN-၂၁၆၄၃၃က အမည်ပေါက်ပြီး ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ညိုညိုတင် ၁၃/တကန(နိုင်)၀၇၉၃၉၈က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ(စဉ်-၂၈၆၄၁)၊ ဒေါ်ခင်မာနွယ် (စဉ်-၃၁၀၇၀)၊ ဦးအောင်မျိုးသူ(စဉ်-၄၆၅၄၅)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၃၆။ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၁၆၇၂၉၆**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ တိုက်အမှတ် ၂၀၀/၂၀၈၊ အခန်းအမှတ် ၂၀၁၊ မူလအမည် ဦးတင်မြင့်-ဒေါ်နန်းနမ်း၏ တိုက်ခန်းပိုင်ဆိုင်မှု မှတ်ပုံတင်စာအုပ်တွင် အမည်ပြောင်းလဲပေးရန် ဒေါ်အနီတာ (ANITA)က ဌာနသို့ လျှောက်ထားလာပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူအနေဖြင့် အခန်းပိုင်ဆိုင်ကြောင်း အထောက်အထားများကို ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းဌာနသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အခန်းပိုင်ဆိုင်မှုနှင့် မသက်ဆိုင်သူများအနေဖြင့် လက်ဝယ်ရောက်ရှိနေသော ပိုင်ဆိုင်မှုအထောက်အထားများကို ဌာနသို့ သတ်မှတ်ရက်အတွင်း လာရောက်အပ်နှံပေးရန် အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားများ အပ်နှံခြင်းမရှိပါက ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ်တွင် လျှောက်ထားသူ ဒေါ်အနီတာ (ANITA) အမည်သို့ ပြောင်းလဲခြင်းကို ဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်း ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

---

## ဦးဝင်းနိုင် B.A (Geo)

**ကျောင်းဆရာ(ငြိမ်း)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ၄လမ်း၊ အမှတ်(၈/ခ)နေ (ဦးတင်အေး)-ဒေါ်သန်းမြင့်တို့၏သား၊ ဦးဖေစိန်-(ဒေါ်စိန်စိန်)တို့၏သားသမက်၊ ဒေါ်ညိမ်းညိမ်းမေ(ခ)ဒေါ်ငြိမ်းငြိမ်း (အမက-၁၂၊ အင်းစိန်)၏ခင်ပွန်း၊ ဦးဇော်ရဲနိုင်(MEC-အင်းစိန်)-ဒေါ်ခင်မြတ်မွန်၊ ဦးထက်ဝေဖြိုး-ဒေါ်အေးမြတ်စံ၊ မဆုရတနာ(MTN Public Co.,Ltd)တို့၏ဖခင်သည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးသန်း

**(ထားဝယ်)ကံပေါက်**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် A (8)နေ (ဦးသန်းမြင့်)-ဒေါ်လေးတင်တို့၏သမီး၊ (ဗိုလ်မှူးမောင်မောင်ဦး)-ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်စန္ဒာသန်းတို့၏အစ်မ၊ မမြတ်နိုးဦး(မန်းရတနာပုံ လေကြောင်းလိုင်း)၏အဒေါ်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက် A (9)နေ ဗိုလ်မှူးကြီးချစ်သန်းဝင်း(ငြိမ်း) အထွေထွေမန်နေဂျာ-Skynet (တိုင်းရင်းသား Channel) ရွှေသံလွင် Media Co., Ltd ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးဇော်မင်းထက်(ငြိမ်း)၏ မိခင်သည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးခင်မောင်မြင့် (ကြီးနီ)

**ဗဟိုသမဝါယမအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်**
**ဒါရိုက်တာဥက္ကဋ္ဌ နေပြည်တော်သမဝါယမအသင်းစုချုပ်**
**ဒါရိုက်တာ ဥက္ကဋ္ဌ မြို့နယ်သမဝါယမအသင်းစု ပျဉ်းမနားမြို့**

**အသက်(၆၈)နှစ်**

ဒါရိုက်တာနှင့် ဝန်ထမ်းများအပေါ် ရိုးသားကြိုးစား ဆောင်ရွက်ကြရန် အမြဲလမ်းညွှန် ဆုံးမသွန်သင်လေ့ရှိသော မိဘကဲ့သို့ အားကိုးရပါသည့် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်သည် ၉-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ဝ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာများနှင့်ဝန်ထမ်းများ**
**နေပြည်တော်သမဝါယမအသင်းစုချုပ်နှင့်**
**မြို့နယ်သမဝါယမအသင်းစု၊ ပျဉ်းမနားမြို့**

---

## ဦးသိန်းလွင် အသက်(၅၃)နှစ်

**(တန့်ဆည်မြို့နယ်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ကျေးရွာနေ (ဦးငွေမောင်)-ဒေါ်ဝင်းတို့၏သား၊ ဦးချစ်သိန်း-ဒေါ်မြသိန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ် ၄၇၆(က)နေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ မောင်သက်နိုင်ဦး-မစန္ဒာမျိုး၊ မစုစုဝင်းတို့၏ချစ်လှစွာသောဖခင်သည် ၁၀-၂-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်မိုး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက်(ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှိုင်မိုး

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မလိခဉယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ် ၅နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ၁၀-၂-၂၀၁၈ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ အသက်(၉၃)နှစ်

**(မြန်အောင်မြို့နယ်၊ ရွှေကျင်ကျေးရွာ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အမှတ် ၁၃/၄၅နေ ဦးသိန်းကျော်-ဒေါ်မြင့်မူ၊ ဦးတင်ဝင်း-ဒေါ်မြင့်ကြူ(ဦးစန်းဝင်း)-ဒေါ်စန်းတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စီစီ အသက်(၇၇)နှစ်

**ကုန်သွယ်ရေး၊ ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး(ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ် ၂၃ (သုံးလွှာ) ခြေရင်းခန်းနေ (ဦးစံလင်း-ဒေါ်သန်း)တို့၏သမီး၊ (ဦးကျော်ခိုင်-ဒေါ်နီ)၊(ဦးလှဘော်)-ဒေါ်ငွေရီ၊ ဦးမောင်မောင်-ဒေါ်မာမာရီတို့၏ညီမ၊ ဦးစိန်ဝင်း-ဒေါ်မြမြတို့၏အစ်မ၊ ဦးခင်မောင်ဝင်း-ဒေါ်တင်မြင့်၊ ဦးဝင်းနိုင် (စမ်းချောင်းမြို့နယ် ထွေ/အုပ်)-ဒေါ်သန်းသန်းထိုက် (အနောက်ပိုင်းခရိုင် ထွေ/အုပ်)၊ ဦးသန်းလွင်-ဒေါ်စုစုမြင့်(GTI Eng: & Const' Co.,Ltd)တို့၏မိခင်၊ တူ၊တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ၊ အခန်း ၂၁ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အလုံမြို့နယ်၊ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ၊ အခန်း ၂၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွား

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

**အသက်(၂၂)နှစ်**

**ရက်လည်ဆွမ်းကျွေးတရားတော်နာ ဖိတ်ကြားလွှာ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ် (32-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား၊ မကျော်ကျော်နန္ဒာ၏မောင် ဒေါက်တာကောင်းမြတ်ကျော်လင်းသည် ၇-၂-၂၀၁၈ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၈ရက် (အင်္ဂါနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းမောင် အသက်(၇၉)နှစ်

**အဆင့်မြင့်ပညာဦးစီးဌာန**
**ညွှန်မှူး(ငြိမ်း)**

ညောင်တုန်းမြို့နေ (ဦးစောမောင်-ဒေါ်မြညွန့်)တို့၏သား၊ (ဦးမောင်စော-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်စန်းရီ (ဒုညွှန်မှူး၊ နယ်စပ်ကုန်သွယ်ရေးဌာန၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ဦးအောင်ဖြိုးမြတ် (တိုင်းမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်)-ဒေါ်သီတာဝင်း (အလပြ၊ ငြိမ်း)၏ ဖခင်၊ မရွှေရည်ဝင်းမြတ် 4th Year YTU (COE) ၏ အဘိုးသည် ၉-၂-၂၀၁၈ရက် (သောကြာနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်မြို့ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၁)ရပ်ကွက်၊ယုဇနလမ်း၊ အမှတ် ၆၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ပုသိမ်အသင်း(ရန်ကုန်)**
**(အမှုဆောင်)**

## ဒေါက်တာစိုးသန်း(ပုသိမ်)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၂၀၆နေ (ဦးလှမောင်-ဒေါ်အေး)တို့၏သား၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊(ဦးစိုးဝင်း)၊ ဒေါ်သန်းသန်း၊ ဦးဝင်းချစ်(ဝင်းချစ်ဓာတ်ပုံတိုက်)၊ ဒေါ်ရီရီဝင်း (ဝင်းကေသာအလှပြုပြင်ရေး)၊ ဦးဝင်းချို(Golden Myanmar Motel)တို့၏ အစ်ကို၊ ဦးအောင်မြင့်ထွန်း-ဒေါ်ဝါဝါမြင့်၊ ဦးအေးချမ်း-ဒေါ်တိုးတိုးရှိန်၊ ဦးဖြိုးဝေစိုး-ဒေါ်ယဉ်မာထွန်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၈ရက် ည ၈း၄၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။)

အမှုဆောင်အဖွဲ့

---

## ဦးချူကိန်းဂူ(ခ)

## ဦးအောင်သိန်း

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊၁၉လမ်း(အလယ်)၊အမှတ် ၁၉၀နေ (ဦးချူယုံဟွား-ဒေါ်အဖော်)တို့၏သား၊ ဒေါ်ခိုင်ခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းကျော်၊ ဦးချောင်ဝန်လျှံ-ဒေါ်ကြည်ကြည်မေ၊ ဒေါ်ခင်မြတ်သူ၊ ဦးချစ်သန်း - ဒေါ်တိုးတိုးအောင်တို့၏ဖခင်၊ မစိမ့်စိမ့်သူ (ဒဂုံတက္ကသိုလ် E-Majar)၊ မောင်ကျော်စိုး(အထက-၂၊ ဒဂုံ၊ တက္ကသိုလ်ဝင်တန်း)တို့၏ အဘိုးသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းကျော်

**အသက်(၇၅)နှစ်**

ဦးဘစီ-ဒေါ်ပြုံးတို့၏သား၊ ပဲခူးမြို့နေ ဦးမျိုးဝင်း - ဒေါ်ရင်မြင့်(ဦးပြားပွဲရုံ)၏ အစ်ကို၊ ပဲခူးမြို့နေ ဦးကျော်စိုးမိုး-ဒေါ်ထားထားကျော်(ပဲခူး)၊ ချမ်းမြသာစည်မြို့နယ်၊ (၂)ရပ်ကွက်၊ ဆ ၁၀/၁၄နေ ဒေါက်တာမင်းလွင်ဦး-ဒေါက်တာလဲ့လဲ့ကျော်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည်၊ ပဲခူးမြို့၊ဈေးပိုင်း၊ လမ်း၂၀နေ ဒေါ်ခင်ညွန့်၏ခင်ပွန်းသည်၁၀-၂-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ဆ-၁၀/အမှတ်(၁၄) နေအိမ်မှ တောင်အင်း/မြောက်အင်း သုသာန်သို့မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ထွန်း

**ဦးစီးအရာရှိ(ငြိမ်း)**
**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

**အသက်(၅၅)နှစ်**

မုံရွာမြို့၊ သာစည်ရွာနေ (ဦးနီ-ဒေါ်ခင်ခင်)တို့၏သား၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ အမှတ် ၃၇၊ အခန်း ၃နေ (ဦးလှတင်)-ဒေါ်တင်တင်ဟန်တို့၏သားသမက်၊ ဒေါ်စပယ် (W.F.P)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်မြင့် - ဒေါ်ချယ်ရီထူး၊ ဒေါက်တာခင်မောင်တင့်-ဒေါ်စိုးစိုးမြင့်တို့၏ညီ၊ မောင်သက်နိုင်ထွန်း(Ta Fa Trading Co.,Ltd.)၊ မရွှန်းလဲ့လဲ့ထွန်း (Final Year. Epp)တို့၏ချစ်လှစွာသောဖခင်၊ တူ၊တူမသုံးယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည်၁၀-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ အမှတ် (၃၇/၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ထွန်း

**ဦးစီးအရာရှိ(ငြိမ်း)**
**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

**အသက်(၅၅)နှစ်**

မုံရွာမြို့၊ သာစည်ရွာနေ (ဦးနီ-ဒေါ်ခင်ခင်)တို့၏သား၊ ဦးမြင့်ဦး-ဒေါ်ကြည်ဝင်း၊ ဦးမြင့်သန်း၊ ဦးခင်မောင်အေး-ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်မာကြည်တို့၏ညီ/မောင်၊ ဦးမောင်မောင်လေး-ဒေါ်ခင်မာရီတို့၏အစ်ကို၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊အမှတ်၃၇/၃ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)(ဗလ-၁၅၆၈)

**D.S.A(19)၊ လေ/၁၇၂၅**

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရာရှိကြီးများအိမ်ရာနေ ဒေါ်မေဒီမြင့်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)သည် ၁၀-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**
**(ဗလ-၁၅၆၉)**

---

## ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)

**D.S.A(19)၊ လေ/၁၇၂၅**

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ အသံလွှင့်ရုံလမ်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရာရှိကြီးများအိမ်ရာ၊ အမှတ် E-1နေ (ဦးဇေယျာပု-ဒေါ်သိန်းကြည်)တို့၏သား၊ ဒေါ်မေဒီမြင့်၏ခင်ပွန်း၊ မောင်အောင်မြင့်မြတ်၊ မောင်နေမင်းအောင်တို့၏ဖခင်၊ ဆရာဦးအောင်မြင့် [မြောက်ဒဂုံ၊ (၃၄)ရပ်ကွက်]၊ ဦးအုံးလွင်-ဒေါ်ခင်နှင်းတို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈ရက် (စနေနေ့)နံနက် ၉း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၈ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)

**D.S.A(19)၊ လေ/၁၇၂၅**

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက်(၆၂)နှစ်**

ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)သည် ၁၀-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ...

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၉)မှ မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ် ၃၂-Aနေ ဦးကျော်လင်း (အင်ဂျင်နီယာချုပ် တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးနှင့်ဇနီးမိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ် ၃၂-Aနေ ဦးကျော်လင်း (အင်ဂျင်နီယာချုပ် တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဇနီးမိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဦးထွန်းရွှေ (ရေတာရှည်)

**(အငြိမ်းစားကျောင်းဆရာ)**

**အသက်(၈၅)နှစ်**

မြို့လှမြို့၊ စိုင်ဂေါင်းရပ်နေ(ဦးသာဂေါင်-ဒေါ်လှသင်)တို့၏သား၊ ရေတာရှည်မြို့၊(၆)ရပ်ကွက်နေ(ဒေါ်စိန်စိန်)၏ခင်ပွန်း၊ (ဦးစိုးနိုင်)-ဒေါ်မူမူဝေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ DGM-MDP Co.,Ltd.)၊ဒေါ်ကြူကြူဝေ(အထက်တန်းပြ၊ ငြိမ်း)၊ ဒေါ်ရီရီမွန်(လ/ထညွှန်ကြားရေးမှူး၊ တောင်ငူခရိုင်ပညာရေးမှူးရုံး)၊ ဦးဝင့်သူ (ညွှန်ကြားရေးမှူး၊ တိုင်းဦးစီးမှူး၊ ပဲခူးတိုင်း မွေး/ကုဌာန)၊ ဒေါ်ငွေငွေကြည် (အထက-၅၊ နေပြည်တော်)တို့၏ဖခင်၊ မောင်ကောင်းရဲမာန်၊ မကြည်ဖြူသန့်၊ မောင်သီဝရွှေ၊ မသီရိရွှေတို့၏အဘိုး၊ မြို့လှမြို့နေ ဦးကျော်ဆွေ-ဒေါ်ခင်လေးမြင့်၊ ဒေါ်မိုးသိန်း(အထက-မြို့လှ)တို့၏ဦးလေးသည် ၉-၂-၂၀၁၈ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၇၉၊ (၉)ရပ်ကွက်၊ သူရလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းကြည် (ဒလ)

**New Super Industrial Co.,Ltd.**

**အရာခံဗိုလ်(ငြိမ်း)၊ ကိုယ်ပိုင်အမှတ်-၂၁၁၆၁၉**

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ရွာသာလမ်းနေ (ဦးမောင်တင်-ဒေါ်ဘိုမ)တို့၏သား၊ ဦးသန်းရွှေ-(ဒေါ်အမာ)၊ (ဦးညွန့်တင်)-ဒေါ်မိုးစိန်၊ (ဦးအောင်ခင်-ဒေါ်အေးကြိုင်)၊ (ဦးမောင်ဦး-ဒေါ်အေးသီ)တို့၏ညီ/မောင်၊ (ဦးမောင်ရွှေ)-ဒေါ်နုနုထွေး၊ ဒေါ်ခင်ချောတို့၏အစ်ကို၊ (ဒေါ်ချစ်ချစ်ဝင်း)၏ခင်ပွန်းသည် ၉-၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ပန်းဆိုးတန်းသင်္ဘောဆိပ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



၂၀၁၈ ခုနှစ် အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့တွင် ပြိုင်ပွဲဝင်အားကစားသမားများ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်နေကြစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၁၈ ခုနှစ် အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှစက်ဘီး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမပွဲစဉ်အဖြစ် Individual Men Elite ၄၂ ကီလိုမီတာပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမား ၁၅ ဦးသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှ စတင်တာလွှတ်ပြီး ဝဏ္ဏသိဒ္ဓိအဝိုင်းမှ လွှတ်တော်လမ်းကြောင်း၊ ထိုမှတစ်ဆင့် ကြာပန်းအဝိုင်းမှ ရာဇသင်္ဂဟလမ်းကြောင်း၊ အင်ကြင်းပန်းအဝိုင်းထိ လည်းကောင်း ထိုမှပြန်လှည့်၍ မင်းသီဟလမ်းကြောင်းမှတစ်ဆင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ပန်းဝင်စေခဲ့သည်။ ပြိုင်ပွဲတွင် ဟောင်ကောင် အားကစားသမားက စံချိန် ၄၉ မိနစ် ၅၃ စက္ကန့်ဖြင့် ပထမ၊ ကိုရီးယားနိုင်ငံ အားကစားသမားက စံချိန် ၄၉ မိနစ် ၅၆ စက္ကန့်ဖြင့် ဒုတိယ၊ အီရန်နိုင်ငံ အားကစားသမားက စံချိန် ၅၀ မိနစ် ၅၂ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# ကော့သောင်းမြို့၌ ပြည်တွင်း ပြည်ပ ခရီးသွားများဖြင့် စည်ကားလျက်ရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၀**

ခရီးသွားရာသီ ရောက်ရှိပြီဖြစ်သဖြင့် ပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာ နယ်စပ် ကော့သောင်းမြို့တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ ပွင့်လင်းလာသည့် စီးပွားရေးမူဝါဒများအရ ကော့သောင်းဒေသအား မီးခိုးတိတ်စက်ရုံများရှိရာဒေသအဖြစ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး ဖော်ဆောင်ချက်များကြောင့် ယခုအခါ ကော့သောင်းဒေသအတွင်း သဘာဝအလှမပျက် သာယာလှပသည့် ပင်လယ်ကျွန်းများတွင် ခေတ်မီဆန်းသစ်သည့် ဟိုတယ်များ၊ ရီဆော့များ၊ ပင်လယ်ရေအောက် သဘာဝရှုခင်းအလှအပများအား ခံစားရင်း အနားယူအပန်းဖြေရန် ကျောင်းပိတ်ရက်ရှည်

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



**မြစ်ကြီးနား - ပူတာအို ကားလမ်းရှိ တံတားများအား ကေအိုင်အေအဖွဲ့ မီးရှို့ဖျက်ဆီး**

စာ » ၁၂

**MNL အမှတ်ပေး ပြိုင်ပွဲတွင် ရတနာပုံအသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့**

စာ » ၁၃

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)